

# မြန်မာစစ်တပ်၏ စစ်ရာဇဝတ်မှုများကြောင့် ရှင်သန်မှုပျောက်ဆုံးနေသော လူသားဘဝများ



၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ
ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး
လူ့အခွင့်အရေးကော်မတီနှင့် သုတေသနနှင့် မှတ်တမ်းဌာနခွဲမှထုတ်ဝေသည်။

# ကျေးဇူးဥပကာရ

မြန်မာစစ်တပ်(တပ်မတော်)သည် ခေတ်အဆက်ဆက် နိုင်ငံတော်အာဏာကို အဓမ္မသိမ်းယူခဲ့ကာ မဟာလူမျိုးကြီးဝါဒနှင့် စစ်အာဏာရှင်စနစ်ကို ကိုင်စွဲပြီး တိုင်းရင်းသားလူမျိုးတို့ အပေါ်တွင် လူသားမျိုးနွယ်စု လူမျိုးတုန်းပျောက်ကွယ်စေရန် ရည်ရွယ်ချက်ရှိရှိ စနစ်တကျ ကျူးလွန်နေဆဲ ဖြစ်သည်။

မိမိတို့ ကရင်လူမျိုးအပေါ်တွင်လည်း လူသားမျိုးနွယ်စုတစ်စု မျိုးတုန်းကွယ်ပျောက်စေရန် ရက်စက်ယုတ်မာကြမ်းကြုတ်လှသည့် ဖြတ်လေးဖြတ်ဗျူဟာ အပါအဝင် အမြစ်ပြတ် သုတ်သင်ရှင်းလင်းခြင်း၊ မြေလှန်စနစ် (scorched-earth policy) နှင့် လူမျိုးဝါးမျိုခြင်း အစရှိသည့် နည်းဗျူဟာတို့ကို စနစ်တကျ ကျင့်သုံးခဲ့သည်။

တစ်ဖက်တွင်းလည်း ကရင်လူမျိုးတို့၏ အားနည်းချက်တစ်ခုဖြစ်သည့် မှတ်တမ်းရယူဖြင်း၊ သိမ်းဆည်းခြင်း၊ ထုတ်ပြန်ခြင်း တို့နှင့်အတူ ဓါတ်ပုံနှင့် ရုပ်သံမှတ်တမ်းအထောက်အထားများ ရယူမှတ်တမ်းတင်ရန် ခက်ခဲသည့် ကာလတစ်ခုဖြစ်သည့် ၁၉၅၀-၁၉၉၀ ခုနှစ်များအတွင်း မြန်မာစစ်တပ်(တပ်မတော်)၏ ရက်စက်ကြမ်းကြုတ်လှသည့် ဖြတ်လေးဖြတ် ကာလအောက်တွင် မိမိတို့ကရင်လူမျိုးသည် စစ်ရာဇဝတ်မှုမြောက် လူမျိုးတုန်းသတ်ဖြတ် ကျူးလွန်ခံခဲ့ရ သည့် မှတ်တမ်းမဲ့ ဖြစ်စဉ်ပေါင်းများစွာ ရှိခဲ့သည်။

ထို့အတွက်ကြောင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ တာဝန်ပေးချက်အရ စည်းရုံးရေးနှင့် ပြန်ကြားရေးဌာနနှင့် ၎င်း၏ သုတေသန နှင့် မှတ်တမ်းဌာနခွဲ၊ နိုင်ငံခြားရေးဌာန နှင့် လူ့အခွင့်အရေးကော်မတီ တို့တွေ့ဆုံဆွေးနွေးခဲ့ပြီး ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့စစ်တပ်(တပ်မတော်)က အာဏာသိမ်းယူခဲ့သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့ မှစ၍ (၂) နှစ်တာ ကာလအတွင်း မိမိတို့ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး အုပ်ချုပ်သည့် ခရိုင် (၇) ခရိုင်အတွင်း မြန်မာစစ်တပ် (တပ်မတော်)က ကျူးလွန်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် စစ်ရာဇဝတ်မှုမြောက် လူသားမျိုးနွယ်စု မျိုးတုန်းသတ်ဖြတ်ကျူးလွန်ခဲ့သည့် ဖြစ်စဉ်များ နှင့် မှတ်တမ်းများ အခြေခံသည့် အစီရင်ခံစာ တစ်စောင်ကို ထုတ်ဝေရန် အကြောင်းဖြစ်လာခဲ့သည်။

သို့ဖြစ်၍ ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး၏ သုတေသနနှင့် မှတ်တမ်းဌာနခွဲ နှင့် လူ့အခွင့်အရေး ကော်မတီတို့သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ (၁) ရက်နေ့ မှစ၍ နိုင်ငံ၏အာဏာကို သိမ်းယူခဲ့သည့် မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာစစ်တပ်(တပ်မတော်)၏ လူ့အခွင့်အရေးချိုးဖောက်မှုနှင့် စစ်ရာဇဝတ်မှုမြောက် လူမျိုးတုန်း သတ်ဖြတ်ကျူးလွန်သည့် ဖြစ်စဉ်(ပြစ်မှု) အချက်အလက်တို့ကို စနစ်တကျ မှတ်တမ်းများ ရယူစုဆောင်းခဲ့ပြီး ဤ "မြန်မာစစ်တပ်၏ ရာဇဝတ်မှုများကြောင့် ရှင်သန်မှုပျောက်ဆုံးနေသော လူသားဘဝများ" အစီရင်ခံစာကို အာဏာသိမ်း (၂) နှစ်ပြည့် အချိန်ကာလတွင် အများသူငှာသိရှိစေရန် ထုတ်ဝေလိုက်ခြင်းဖြစ်သည်။

ဤအစီရင်ခံစာ ထွက်ရှိနိုင်ရေးအတွက် မြန်မာစစ်တပ် တဖြစ်လဲ အာဏာသိမ်းစစ်ကောင်စီ၏ စစ်ရာဇဝတ်မှုမြောက် ကျူးလွန်ခဲ့သော အချက်အလက်မှတ်တမ်းတို့ကို ကောက်ယူ၊ ရယူပေးခဲ့သော ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ မြို့နယ်များ၊ ကျေးရွာများ၊ ဒေသခံပြည်သူလူထုများနှင့် အောက်ခြေရှိ တပ်ရင်းတပ်ဖွဲ့ အသီးအသီးတို့အား အထူးကျေးဇူးတင်ရှိပါသည်။ အောက်ခြေ တပ်ရင်းတပ်ဖွဲ့အသီးသီး နှင့် ဒေသခံပြည်သူလူထု ကျေးရွာ မြို့နယ် အသီးသီးတို့မှ ပေးပို့လာသော သတင်းအချက်အလက်များတို့ကို သေချာစွာ စိစစ်ပေး၍ ဗဟိုသို့ ဆက်လက် ပေးပို့လာသော ခရိုင်/တပ်မဟာ ခေါင်းဆောင်တို့ကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။ အဘယ့်ကြောင့် ဆိုသော် သတင်း အချက်အလက်ဖြစ်စဉ်တို့သည် မြေပြင်တွင်သာ ဖြစ်ရှိနေပါသဖြင့် အောက်ခြေမြေပြင်မှ ရယူ-ကောက်ယူ စုဆောင်းခြင်းများ ပြုလုပ်မှုသာ ပိုမိုတိကျမှန်ကန်၍ သက်သေအထောက်အထား အခြေခံသည့် သတင်းအချက်အလက်များကို ရရှိ-သိမ်းဆည်း-ထုတ်ပြန်နိုင်မည် ဖြစ်သည်။ ထို့အတွက်ကြောင့် ခရိုင်/တပ်မဟာ၊ မြို့နယ်/တပ်ရင်း အောက်ခြေတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူလူထုများတို့အား အထူး ကျေးဇူးတင်ရခြင်းဖြစ်သည်။

ထို့ပြင် ခရိုင်/တပ်မဟာမှ ပေးပို့လာသော မှတ်တမ်းမှတ်ရာများကို အဆင့်ဆင့် သေချာစွာ စိစစ်၍ သော်လည်းကောင်း

အခြားသတင်းဌာနများမှ ရေးသားထုတ်ပြန်သည့် သတင်းအချက်အလက်တို့နှင့် သေချာစွာ တိုက်ဆိုင်စစ်ဆေး စိစစ်ပြီး စုစည်းမှတ်တမ်းတင်ထားသော ဗဟို သုတေသနနှင့်မှတ်တမ်းဌာနခွဲ နှင့် လူ့အခွင့်အရေးကော်မတီ တို့ကိုလည်း အထူးကျေးဇူးတင်ရမည်ဖြစ်သည်။

လိုအပ်သည့် ဓါတ်ပုံများ ရုပ်သံမှတ်တမ်းတို့ကို ပေးပို့ခဲ့ကြသော တပ်ရင်းတပ်ဖွဲ့ နှင့် ဒေသခံ ပြည်သူလူထုများ တို့ကိုလည်း ထပ်မံ၍ ကျေးဇူးအထူးတင်ရှိပါသည်။

ထို့အပြင် အစီရင်ခံစာပါ အခြားလိုအပ်သည့် သတင်းအချက်အလက်တို့ကို စုစည်းပေးပို့ပါသော KORD၊ CIDKP၊ KWO၊ KNU Transitional Justice တို့နှင့် လူပုဂ္ဂိုလ် တစ်ဦးချင်းတို့ကိုလည်း ကျေးဇူးအထူးတင်ရှိပါသည်။

ထို့အတူ စုစည်းမှတ်တမ်းတင်ထားသော အချက်အလက်များအား အစီရင်ခံစာ စာအုပ်အဖြစ် ထွက်ရှိနိုင်ရေးအတွက် အချက်အလက်များကို ဥပဒေကြောင်းအရ ခိုင်လုံမှုရှိရေး၊ သဒ္ဒါနှင့် အသုံးအနှုန်းများ အဓိပ္ပါယ်ရှိရေး အတွက် အထပ်ထပ်အခါခါ ဖတ်ရှုသုံးသပ်ပေးခဲ့သော တတ်သိပညာရှင်များနှင့် မတူကွဲပြားသော နည်းပညာအသီးသီးဖြင့် ပါဝင်ပံ့ပိုးပေးကြသည့် ရေးသားပြုစုပေးကြသည့် ကရင်ပညာရှင်တို့ကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။ ထိုနည်းတူ စာအုပ်ထုတ်ဝေနိုင်ရေးအတွက် ဘဏ္ဍာရေး လိုအပ်ချက်ကို ဝိုင်းဝန်းဖြည့်ဆည်းပေးခြင်းနှင့် ရှာဖွေပေးခြင်း တို့ပြုလုပ်ပေးသည့် အလှူရှင်များကိုလည်း ကျေးဇူးတင်ရှိပါသည်။

ဤအစီရင်ခံစာ စာအုပ်သည် မိမိတို့ ကရင်လူမျိုး လူသားများအပေါ် ရာစုနှစ်ဝက်ကျော် မြန်မာစစ်တပ်(တပ်မတော်)၏ ကျူးလွန်ခဲ့သော ယခင်စစ်ရာဇဝတ်မှုမြောက် ဖြစ်စဉ်တို့ကိုလည်း ပြန်လည်အောက်မေ့သတိရှိစေပြီး ဤစာအုပ်ပါ မှတ်တမ်းတို့သည် ကရင်လူမျိုးအတွက် မော်ကွန်းတင်ထားရှိရမည့် သမိုင်းမှတ်တမ်းများထဲမှ တစ်ခုအဖြစ် ရှိနေမည် ဖြစ်သည်။ ထို့ပြင် ဤနိုင်ငံတွင် မြန်မာစစ်တပ်(တပ်မတော်)က ထပ်ခါတလဲလဲ အာဏာသိမ်းယူသည့် စနစ်ဆိုးကြီးမှ လွတ်မြောက်စေရန်နှင့် မဟာလူမျိုးကြီးဝါဒနှင့် စစ်အာဏာရှင်စနစ် အပါအဝင် မည်သည့်အာဏာရှင်စနစ်မျှ ကြီးစိုးခြင်းမရှိတော့ဘဲ ချုပ်ငြိမ်းပျောက်ကွယ်သွားစေသည့် လှုပ်ရှားမှုတွင် ဤအစီရင်ခံစာ စာအုပ်သည် တစ်ထောင့်တစ်နေရာပါဝင် နေမည်ဖြစ်သည်။

"ကရင်ပြည်ချက်ခြင်းပေး၊ ကရင်တစ်ကျပ်ဗမာတစ်ကျပ် ချက်ခြင်းပြ၊ ပြည်တွင်းစစ်အလိုမရှိ၊ လူမျိုးရေးအဓိကရုဏ်း အလိုမရှိ စသည့် ကရင်အမျိုးသားတို့၏ ဆန္ဒထုတ်ဖော်တောင်းဆိုမှုတို့ကို အခြေခံပြီး ငြိမ်းချမ်းစွာအတူတကွ ယှဉ်တွဲနေထိုင်နိုင်သည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်နိုင်ရမည်ဟု ဆန္ဒပြုရင်း..........

ကျေးဇူးတင်ထိုက်သူများ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း"

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး**
**ဗဟို**

# မာတိကာ


ကျေးဇူးဥပကာရ........................................

အမှာစာ .................................... ၇

အစီရင်ခံစာ အကျဉ်းချုပ် .................................... ၉

နိဒါန်း .................................... ၁၉

မှတ်တမ်းပြုလုပ်ခဲ့သည့်နည်းနာများ .................................... ၂၇

ကန့်သတ်ချက်များနှင့် စိန်ခေါ်မှုများ .................................... ၂၉

၁။ ဝေဟင်တိုက်ခိုက်မှု .................................... ၃၁

၂။ မြေပြင်တိုက်ခိုက်မှု .................................... ၄၁

၂.၁။ လက်နက်ကြီးဖြင့် တိုက်ခိုက်ခြင်း .................................... ၄၂

၂.၂။ မိုင်းထောင်တိုက်ခိုက်ခြင်း နှင့် လက်နက်ငယ်ဖြင့်ပစ်ခတ်ခြင်း .................................... ၅၀

၃။ မြန်မာစစ်တပ်၏ အဓမ္မ ခိုင်းစေ၊ သတ်ဖြတ်၊ နှိပ်စက်ခြင်းများ .................................... ၅၅

၄။ မြန်မာစစ်တပ်မှ မီးရှို့ဖျက်ဆီး၊ လုယက်၊ ခိုးယူခြင်း .................................... ၆၅

၅။ ပဋိပက္ခအတွင်း အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု .................................... ၇၁

၆။ ဒေသန္တရ ကိုင်တွယ်ဖြေရှင်းနည်းများ .................................... ၇၃

၆.၁။ ယခင်အတွေ့အကြုံမှ သင်ခန်းစာများ .................................... ၇၅

၆.၂။ ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံးနှင့်ပတ်သက်ပြီး ပြည်သူလူထု၏ ထင်မြင်ချက်၊ ........... ၇၉

နိဂုံး .................................... ၈၃

အကြံပြုချက်များနှင့် တောင်းဆိုချက်များ .................................... ၈၄

# အမှာစာ

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄) ရက်နေ့တွင် ဗြိတိသျှတို့ထံမှ လွပ်လပ်ရေးကို ပြန်လည် ရရှိခဲ့သည်။ လွပ်လပ်ရေးရပြီးသည့်နေ့မှစ၍ ယနေ့ကာလ ၂၀၂၂ ခုနှစ် အထိ နှစ်ပေါင်း(၇၀)ကျော်အတွင်း မြန်မာစစ်တပ် (ဗမာ့တပ်မတော်)သည် အကြောင်းပြချက်အမျိုးမျိုးဖြင့် တိုင်းပြည်၏အာဏာကို သိမ်းယူ၍ စစ်အာဏာရှင်စနစ်ဖြင့် နှစ်ပေါင်း (၅၀) ကျော် အုပ်ချုပ်ခဲ့သည်။ မြန်မာစစ်တပ် (တပ်မတော်)သည် မြန်မာနိုင်ငံလွပ်လပ်ရေးကို ရယူပေးခဲ့သူ၊ တိုက်ယူပေးခဲ့သူဟု ကိုယ့်ကိုယ်ကို မြန်မာနိုင်ငံ၏ ကယ်တင်ရှင်အဖြစ်ခံယူပြီး တိုင်းပြည်အာဏာကို လက်ဝါးကြီးအုပ်ရယူကာ စစ်အာဏာရှင် စနစ်ဖြင့် အုပ်ချုပ်မင်းမူခဲ့သည်။ မဟာလူမျိုးကြီးဝါဒနှင့် အာဏာရှင်စနစ်ကို ကိုင်စွဲပြီး တိုင်းရင်းသား လူမျိုးများအပေါ်တွင်လည်း မြန်မာစစ်တပ် (တပ်မတော်)သည် လူသားမျိုးနွယ်စု လူမျိုးတုန်း ပျောက်ကွယ်စေရန် ရည်ရွယ်ချက်ရှိရှိ စနစ်တကျ ကျူးလွန်ခဲ့ကြသည်။ အရပ်သား ပြည်သူလူထုတို့သည် မြန်မာစစ်တပ်၏ စစ်အာဏာရှင်စနစ်အုပ်ချုပ်မှုအောက်တွင် အကြောက်တရားဖြင့် ဘဝသက်ရှင်ရေး အတွက် ရုန်းကန်နေထိုင်ခဲ့ကြရသည်။

အရပ်သားအစိုးရဟု ဆိုသော ဖဆပလ အစိုးရလက်ထက်ဖြစ်စေ၊ မဆလ အစိုးရလက်ထက်ဖြစ်စေ၊ USDP အစိုးရလက်ထက်ဖြစ်စေ၊ NLD အစိုးရ လက်ထက်ဖြစ်စေ မြန်မာစစ်တပ် (တပ်မတော်)သည် တပ်မတော်သားများကို စစ်ယူနီဖောင်းချွတ်စေပြီး အစိုးရယန္တရားတွင် ပါဝင်စေလျက် အစိုးရ၏ အာဏာများကို လွှမ်းမိုးအုပ်ချုပ်ထားခဲ့ကြသည်။

မြန်မာစစ်တပ် (တပ်မတော်)သည် တိုင်းပြည်အာဏာကို သိမ်းပိုက်ရရှိသည့်အချိန်မှစ၍ တိုင်းရင်းသားလူမျိုးများကို လူမျိုးတုန်းပပျောက်ရန် မဟာလူမျိုးကြီးဝါဒနှင့် အာဏာရှင်စနစ်ကို ကျင့်သုံးလျက် လူသားမျိုးနွယ်စု မျိုးတုန်းပပျောက်ရေးကို ရည်ရွယ်ချက်ရှိရှိ စနစ်တကျ စီစဉ်ရေးဆွဲ ချမှတ်ထားသော စစ်ဆင်ရေးများဖြင့် စစ်ပွဲများ၊ တိုက်ပွဲများ၊ ပဋိပက္ခများကို ဖန်တီးပြီး သုတ်သင်ရှင်းလင်းမှုများ ပြုလုပ်ခဲ့ကြသည်။

ထိုအထဲတွင် မိမိတို့ ကရင်လူမျိုးအပေါ် လူသားမျိုးနွယ်စုတစ်စု မျိုးတုန်းပပျောက်စေရန် ပျောက်ကွယ်သွားစေရန် အာဏာရှင် မြန်မာစစ်တပ် (တပ်မတော်)သည် “ကျူပင်ခုတ်ကျူငုတ်မကျန်” ဆိုသည့် ချမှတ်ထားသော ရည်ရွယ်ချက်အတိုင်း “ကရင်တွေကိုတွေ့ချင်ရင် ပြတိုက်ထဲမှာဘဲတွေ့ရမယ်” ဆိုသည့် မြန်မာစစ်တပ် (တပ်မတော်)အကြီးအကဲတို့၏ “ကြိမ်းဝါးပြောဆိုသံ” နှင့်အတူ ရက်စက်ယုတ်မာ ကြမ်းကြုတ်လှသည့် ဖြတ်လေးဖြတ်နည်းဗျူဟာ၊ အမြစ်ပြတ် သုတ်သင်ချေမှုန်းရှင်းလင်းခြင်း နည်းဗျူဟာ၊ မြေလှန်စနစ် နည်းဗျူဟာ၊ သွေးသားအရ သွေးနှောခြင်းနှင့် ဝါးမျိုခြင်းနည်းဗျူဟာများကို အသုံးပြု၍ လူသားမဆန်စွာ ဖမ်းဆီး ရိုက်နှက် ညှင်းပမ်း နှိပ်စက်ပြီး ရက်စက်စွာသတ်ဖြတ်ခဲ့သည့် လူမျိုးတုန်းသတ်ဖြတ်မှုများကို ဗျူဟာအမျိုးမျိုးဖြင့် အစဉ်မပြတ် ကျူးလွန်ခဲ့ကြသည်။ ၂၀၂၁ ခုနှစ် အာဏာမသိမ်းမီအထိ မြန်မာစစ်တပ် (တပ်မတော်) သည် မဟာလူမျိုးကြီးဝါဒကို ကိုင်စွဲလျက် စစ်အာဏာရှင်စနစ်ကို ကျင့်သုံးကာ ကရင်လူမျိုးများအပါအဝင် တိုင်းရင်းသားလူမျိုးများအပေါ် စစ်ရာဇဝတ်မှုမြောက် ကျူးလွန်ခဲ့သည့် ပြစ်မှုများတို့အပြင် မြေလှန်စနစ်ဖြင့် လူသားမျိုးနွယ်စုများကို မျိုးတုန်းသတ်ဖြတ်သည့် ပြစ်မှုများစွာ တို့ကို ရက်စက်စွာကျူးလွန်ခဲ့ကြသည်။

ထိုပြုမူလုပ်ဆောင်ချက်များသည် လူ့အခွင့်အရေး ချိုးဖောက်မှုများထက်ပိုသော ဖောက်ဖျက်ကျူးလွန် လုပ်ဆောင်မှုများဖြစ်သည့်အတွက် ကရင်လူမျိုးများသည် ရှင်သန်ရာမဲ့ လူသားဘဝကို ရာစုနှစ်ဝက်ကျော် ဒဏ်ရာဒဏ်ချက်များစွာဖြင့် ရုန်းကန်ရှင်သန်ခဲ့ကြရသည်။

ထို့အတွက်ကြောင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် လူသားတစ်ဦး၏ လွတ်လပ်စွာ ရှင်သန်ပိုင်ခွင့်ဟူသည့် အခြေခံလူ့အခွင့်အရေးအရ မိမိတို့၏ ကရင်တမျိုးသားလုံး၏ဘဝ လွတ်လပ်စွာ ဆက်လက်သက်ရှင် ရပ်တည်နေထိုင်ရေးနှင့် ကရင်လူမျိုးလွတ်မြောက်ရေးအတွက် လက်နက်ကိုင် ခုခံတော်လှန်တိုက်ပွဲဝင်ခဲ့ရခြင်းဖြစ်ကာ ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်မည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို တည်ဆောက်သွားရန် မျှော်မှန်းသည်။

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ ယခုထုတ်ပြန်သည့် အစီရင်ခံစာသည် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာစစ်တပ် (တပ်မတော်)မှ အာဏာသိမ်းယူလိုက်သည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့မှစ၍ (၂) နှစ်တာ ကာလအတွင်း ကရင်လူမျိုးများနေထိုင်ရာဒေသများတွင် ကရင်လူမျိုးများအပေါ် မြေလှန်စနစ်ဖြင့် လူသားမျိုးနွယ်စု မျိုးတုန်းပပျောက်သွားစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် လူသားမဆန်စွာ ကျူးလွန်လုပ်ဆောင်နေသော စစ်ရာဇဝတ်မှုမြောက် လူ့အခွင့်ရေး ချိုးဖောက်မှုများကို တင်ပြခြင်းဖြစ်သည်။

မြန်မာစစ်တပ် (တပ်မတော်)သည် မြန်မာနိုင်ငံကို အုပ်ချုပ်ခဲ့သော အစိုးရအဆက်ဆက်အတွင်း အာဏာကို နည်းမျိုးစုံသုံးရယူပြီး အာဏာရယူထားစဉ်ကာလ မဟာလူမျိုးကြီးဝါဒနှင့် စစ်အာဏာရှင်စနစ်ကို ကိုင်စွဲပြီး လူသားမျိုးနွယ်စု မျိုးတုန်းပပျောက်စေရန် ရည်ရွယ်ချက်ရှိရှိ စနစ်တကျဖြင့် ကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှုမြောက် ဖြစ်စဉ်အမှန်များကိုလည်း မီးမောင်းထိုးပြသခြင်းလည်း ဖြစ်ပါသည်။

ဤအစီရင်ခံစာကို ဖတ်ရှုလေ့လာရခြင်းအားဖြင့် ကရင်အမျိုးသားများနှင့် တိုင်းရင်းသားလူမျိုးများအား လူသားတစ်ဦးအနေဖြင့် လူသားတဦး၏ လူသားဂုဏ်သိက္ခာရှိရှိ ရှင်သန်ပိုင်ခွင့်၊ လူမျိုးတစ်မျိုးအနေဖြင့် လူမျိုးတစ်မျိုး၏ ဂုဏ်ဝိသေသလက္ခဏာအင်္ဂါရပ်များနှင့်အညီ နေထိုင်ပိုင်ခွင့်တို့အတွက် ကြိုးစားရုန်းကန် တိုက်ပွဲဝင်နေရသည့် ဖြတ်သန်းမှုကို သိရှိစေရန်နှင့် မဟာလူမျိုးကြီးဝါဒကို ကိုင်စွဲပြီး စစ်အာဏာရှင် စနစ်ဖြင့် လူသားမျိုးနွယ်စု (တိုင်းရင်းသားလူမျိုးများ) ပပျောက်စေရန် မြန်မာစစ်တပ် (တပ်မတော်)၏ စနစ်တကျ ရည်ရွယ်ချက်ရှိရှိဖြင့် ရာစုနှစ်ဝက်ကျော် အစဉ်တစိုက် ကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှုမြောက် ပြစ်မှုများတို့ကို သိရှိစေရန်ဖြစ်သည်။

သို့ဖြစ်၍ ရာစုနှစ်ဝက်ကျော် မြန်မာစစ်တပ် (တပ်မတော်)၏ ကျူးလွန်ခဲ့သောပြစ်မှုများ၊ ဖြစ်စဉ်များအောက်တွင် ကမ္ဘာ့ကုလသမဂ္ဂမှ သော်လည်းကောင်း၊ နိုင်ငံတကာအနေဖြင့် သော်လည်းကောင်း လူသားတစ်ဦး၏ မွေးရာပါအခွင့်အရေးအဖြစ် ငြိမ်းချမ်းလွပ်လပ်စွာ သက်ရှင်နေထိုင်ခွင့်ရရှိရေးအတွက် မြန်မာနိုင်ငံတွင် စစ်အာဏာရှင်စနစ်အပါအဝင် မည်သည့် အာဏာရှင်စနစ်မဆို ချုပ်ငြိမ်းပပျောက်ရေးသည် အထူးအရေးကြီးနေပြီး ကနဦး ရှင်းလင်းလုပ်ဆောင်ရမည် ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတကာအပါအဝင် ကမ္ဘာ့ကုလသမဂ္ဂတို့မှလည်း မြန်မာနိုင်ငံကို အတင်းအဓမ္မ အုပ်ချုပ်လျက်ရှိနေသော စစ်အာဏာရှင်အုပ်စုကို သံတမန်ရေးအရဖြစ်စေ၊ နိုင်ငံရေးအရဖြစ်စေ ဖိအားပေးဆောင်ရွက်ရန်နှင့် မြန်မာစစ်တပ် (တပ်မတော်) မှ စစ်ရေးအရ အသုံးပြုလုပ်ဆောင်နေသည့် မည်သည့် စစ်ရေးလုပ်ဆောင်မှုမျိုးကိုမဆို ရပ်တန့်သွားနိုင်ရေးအတွက် လိုအပ်သည့် ပိတ်ပင်တားဆီးမှုများကို လုပ်ဆောင်သွားရန် လိုအပ်မည်ဖြစ်ပြီး တည်ငြိမ်အေးချမ်းသည့် လူသားသက်ရှင်ပိုင်ခွင့်ရှိသော ဘဝရရှိရေးအတွက် ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ပေးရန်လည်း လိုအပ်နေပါသည်။ သို့မှသာ ရာစုနှစ်ဝက်ကျော် ခံစားနေကြရသော ပြည်သူလူထုများ၏ အကြောက်တရားအောက်မှ ရှင်သန်ရပ်တည်ရုန်းကန်ရသော ဘဝရှင်သန်မှုများသည် လူသားဂုဏ်သိက္ခာအပြည့်ဖြင့် ကမ္ဘာမြေပေါ်တွင် ဆက်လက် သက်ရှင်ရပ်တည်နေထိုင်နိုင်မည် ဖြစ်သည်။

**ပဒိုစောကွယ်ထူးဝင်း**<br>**ဒု ဥက္ကဌ**<br>**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**<br>**ဗဟိုဌာနချုပ်**

# အစီရင်ခံစာ အကျဉ်းချုပ်

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်တွင် ရွေးကောက်ခံအရပ်သားအစိုးရကို လက်နက်အားကိုး အင်အားသုံးဖြုတ်ချပြီး နိုင်ငံတော်အာဏာကို မတရားလုယူခဲ့သော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာစစ်တပ်၏ လုပ်ရပ်သည် မြန်မာနိုင်ငံကို အမှောင်ခေတ်အတွင်းသို့ ထပ်မံဆွဲခေါ်ရန် ကြိုးပမ်းခြင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံ၏ မိဘသဖွယ် မိမိကိုယ်ကိုသတ်မှတ်ပြီး နိုင်ငံကိုကယ်တင်ရန် ကြိုးပမ်းခဲ့ခြင်းဆိုသည့် ရည်ရွယ်ချက်ဖြင့် ယခင် ၁၉၆၂ ခုနှစ်တွင် ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သော စစ်တပ်မှ ပြုလုပ်ခဲ့သည့်အတိုင်း ထပ်မံ လုပ်ဆောင်လာခဲ့ခြင်းဖြစ်သည်။ ယခုတစ်ကြိမ်တွင်လည်း မင်းအောင်လှိုင်ဦးဆောင်သည့် စစ်ကောင်စီသည် ၎င်းကိုယ်တိုင် ဝန်ကြီးချုပ်ဖြစ်သော အိမ်စောင့်အစိုးရအဖွဲ့ကို နိုင်ငံတော်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။ အိမ်စောင့်အစိုးရအဖွဲ့ ဖွဲ့စည်းပြီးနောက်ပိုင်း မြန်မာနိုင်ငံအရှေ့တောင်ဒေသများအတွင်း ၎င်းတို့လုပ်ဆောင်လာသော လုပ်ရပ်များသည် ၎င်းတို့၏ ပြောဆိုခဲ့သောရည်ရွယ်ချက်နှင့် လုံးဝ ဆန့်ကျင်နေပြီး လူထုကို ပစ်မှတ်ထားသော စစ်ရေးလှုပ်ရှားမှုများကြောင့် ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး အနေဖြင့် စဉ်ဆက်မပြတ် စောင့်ကြည့် လေ့လာမှုများပြုလျက်ရှိသည်။ ၎င်းလေ့လာမှုများအရ နိုင်ငံတစ်ဝန်းတွင် စစ်ကောင်စီ၏ အကြမ်းဖက် ဖိနှိပ်မှုကြောင့် ပေါ်ပေါက်လာသော ခုခံတော်လှန်မှုများအပေါ် အာဏာသိမ်း မြန်မာစစ်တပ်၏ တုံ့ပြန်မှုများသည် နိုင်ငံတစ်ခု၏ စစ်တပ်အနေဖြင့် လိုက်နာရမည့် ကျင့်ဝတ်များမရှိခြင်းနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို စနစ်တကျ ကျူးလွန်နေကြောင်း တွေ့ရှိရသည်။ တစ်ချိန်တည်းတွင် ကေအဲန်ယူ – ကရင်အမျိုးသားအစည်းအရုံး အနေဖြင့် ၎င်းတို့ အုပ်ချုပ်သော ဒေသရှိ ပြည်သူများအပြင် စစ်ကောင်စီ၏ မတရား ဖိနှိပ်မှုများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ရှောင်ရှားရန် အခြားဒေသများမှ လာရောက်ခိုလှုံသူများ၊ လူထုအာခံလှုပ်ရှားမှု (CDM) တွင်ပါဝင်သော အလွှာအသီးသီးမှ ပြည်သူများနှင့် အစိုးရဌာနအမျိုးမျိုးမှ ပြည်သူ့ဝန်ထမ်းများအား ကြည့်ရှုစောင့်ရှောက်မှုနှင့် အကာအကွယ်ပေးရေး လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။

ကေအဲန်ယူသည် မြန်မာနိုင်ငံ၏ ဘာသာရေးနှင့် လူမျိုးရေးဆိုင်ရာ စုံလင်ကွဲပြားမှုနှင့် နက်ရှိုင်းစွာဖြင့် လွဲမှားစွာတည်ဆောက်ခြင်းခံရသော လူမျိုးကြီးဝါဒနှင့် စစ်အာဏာရှင်စနစ် အပါအဝင် အာဏာရှင် စနစ်အမျိုးမျိုးကို ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ထူထောင်ပြီး ဒီမိုကရေစီ ကျင့်စဉ်များ လက်တွေ့ကျင့်သုံးခြင်းဖြင့်သာ လက်တွေ့ ငြိမ်းချမ်းသော လူ့ဘောင်လောကကို တည်ဆောက်နိုင်မည် ဖြစ်ကြောင်း ကြေညာခဲ့ပြီး ထိုကြေငြာချက်အပေါ် အခိုင်အမာရပ်တည်လျက်ရှိသည်။


ကေအဲန်ယူ၏ ၂၀၁၇ ခုနှစ် (၁၆) ကြိမ်မြောက် ကွန်ကရက်မှ ဖွဲ့စည်းထားရှိသော လူ့အခွင့်အရေး ကော်မတီသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက် စစ်အာဏာသိမ်းသည့်နေ့မှစ၍ မြန်မာစစ်တပ် တဖြစ်လဲ စစ်ကောင်စီ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကေအဲန်ယူ၏ သက်ဆိုင်ရာ ခရိုင်အသီးသီးမှ တာဝန်ရှိသူများ၊ ပြည်သူများနှင့် ပူးပေါင်းပြီး မှတ်တမ်းပြုစုခဲ့သည်။ ထို့အပြင် ၂၀၂၂ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလများအတွင်း သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ် ခေါင်းဆောင်များ၏ ပူးပေါင်းပါဝင်မှုဖြင့် ဒေသအတွင်း လူ့အခွင့်အရေး ချိုးဖောက်ခံ ပြည်သူများ၏ ဆုံးရှုံးနစ်နာမှုများနှင့် အသက်ရှင်ရေး ကြိုးပမ်းအားထုတ်မှုများကို တွေ့ဆုံမေးမြန်းခြင်းနှင့်အတူ ခရိုင်အသီးသီးမှ ရရှိလာသော ကြေးနန်းများမှ အချက်အလက်များကို စုစည်းပြီး ယခုအစီရင်ခံစာကို ရေးသားပြုစုခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ဤအစီရင်ခံစာပြုစုသည့် လုပ်ငန်းစဉ်တွင် သက်သေအထောက်အထား အခြေခံခြင်းနှင့် အချက်အလက်ဆိုင်ရာ တိကျမှန်ကန်မှု ရှိစေရေးအတွက် အစည်းအရုံးအတွင်းရှိ တတ်သိပညာရှင်များအပြင် ပြင်ပ တတ်သိပညာရှင်များလည်း ပါဝင်သည်။

ကေအဲန်ယူ၏ ခရိုင် (၇) ခုအတွင်း ဖားအံခရိုင်မှလွဲပြီး အခြားခရိုင် (၆) ခုတွင် စစ်ကောင်စီမှ အဆမတန် အင်အားတိုး ချဲ့မှုများနှင့် ဒေသအတွင်း သဘောတူညီမှုများကို ချိုးဖောက်ခြင်းတို့ကြောင့် ကေအဲန်ယူ၏ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် နှင့် အာဏာသိမ်း မြန်မာစစ်တပ် တဖြစ်လဲ စစ်ကောင်စီ၏ တပ်ဖွဲ့များအကြား တိုက်ပွဲများ တစ်ဖန် ပေါ်ပေါက်လာ သည်။


ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံးသည် အာဏာရှင်ဖြုတ်ချရေးနှင့် နိုင်ငံအတွင်းရှိ လူနည်းစု တိုင်းရင်းသား ပြည်သူများ တန်းတူအခွင့်အရေးရရှိရန် ကြိုးပမ်းရာတွင် နိုင်ငံတကာ၏ စံနှုန်းများနှင့် ဥပဒေများကို အတတ်နိုင်ဆုံး လိုက်နာ ဆောင်ရွက်သည့် တိုင်းရင်းသား တော်လှန်ရေး အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ကေအဲန်ယူသည် ထိုကဲ့သို့ အဖွဲ့အစည်းဖြစ်သည် နှင့်အညီ အင်အားကြီးမားသော စစ်ကောင်စီတပ်ဖွဲ့များနှင့် တိုက်ခိုက်နေရသော်လည်း မိမိတို့၏ မူဝါဒ၊ လမ်းစဉ်နှင့် စစ်ဘက် ဆိုင်ရာ ကျင့်ဝတ်များကို အထူးလိုက်နာသည်။ ကေအဲန်ယူမှ တိုက်ပွဲဖြစ်စဉ်ကာလများအတွင်း စစ်ဘက်ဆိုင်ရာ ကျင့်ဝတ် များ၊ ချိုးဖောက်မှုများ မရှိစေရေး ကြပ်မတ်လုပ်ဆောင်သည်။ ထို့ပြင် ကေအဲန်ယူသည် စစ်ဘက်ဆိုင်ရာ ချိုးဖောက်မှုများနှင့် ပတ်သက်ပြီး သက်ဆိုင်ရာ စုံစမ်းစစ်ဆေးမှုများနှင့် အရေးယူမှုများကို ပြဌာန်းထားသည့် ဥပဒေများအတိုင်း တင်းတင်းကြပ် ကြပ် ဆောင်ရွက်လျက်ရှိသည်။

စစ်ကောင်စီတပ်များ၏ ကျူးလွန်မှုများကို လေ့လာကြည့်ရာတွင် လူ့အခွင့်အရေးများကို စနစ်တကျ ချိုးဖောက်နေ ကြောင်း သက်သေအချက်အလက်များဖြင့် ယခုအစီရင်ခံစာတွင် တွေ့ရှိနိုင်မည်ဖြစ်သည်။ ၎င်းစစ်ကောင်စီက ပြည်သူလူထု၏ ထိခိုက်နစ်နာမှုကို ပဓာနမထားဘဲ နှစ်ရှည်လများ အသုံးပြုလာသော ဖြတ်လေးဖြတ်စစ်ရေးဗျူဟာကို ယခုကာလတွင် နိုင်ငံ တစ်ဝန်း ပိုမိုလုပ်ဆောင်လာကြောင်း တွေ့မြင် ရပါသည်။ ဖြတ်လေးဖြတ်ဗျူဟာသည် လူထုကိုပစ်မှတ်ထားသော ဗျူဟာဖြစ် နေခြင်း တစ်ခုတည်းကပင် မြန်မာစစ်တပ် တဖြစ်လဲ စစ်ကောင်စီအနေဖြင့် ၎င်းတို့မှ ကာကွယ်ရန် ကတိသစ္စာပြုထားသော ပြည်သူများအပေါ် ရက်စက်စွာ ပစ်မှတ်ထားတိုက်ခိုက်နေကြောင်း ဖော်ပြနေသည်။

စစ်ကောင်စီက လူ့အခွင့်အရေးချိုးဖောက်မှုများကို စနစ်တကျကျူးလွန်နေကြောင်းကို နိုင်ငံတစ်ဝန်း ဖြစ်ပေါ်နေ သော ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များက သက်သေခံနေသည်ကို တွေ့ရမည်ဖြစ်သည်။ ကေအဲန်ယူ လူ့အခွင့်အရေး ကော်မတီက ကောက်ယူရရှိသော အချက်အလက်များအရ ကေအဲန်ယူအုပ်ချုပ်သော ဒေသများအတွင်း တိုက်ပွဲအရေအတွက် မှာ (၇,၅၈၇) ခု ဖြစ်ခဲ့ပြီး ၎င်းပဋိပက္ခဖြစ်စဉ်များအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများ များစွာရှိနေရာ ၎င်းတို့ကိုအောက်ပါ အတိုင်း ခေါင်းစဉ်များခွဲပြီး လေ့လာ တင်ပြထားပါသည်။



ကေအဲန်ယူထိန်းချုပ်နယ်မြေ-ခရိုင်/တပ်မဟာ (၇)ခုအတွင်းရှိ တိုက်ပွဲပေါင်းများ
- (၂၀၂၁ မှ ၂၀၂၂)ခုနှစ်
မကွေးတိုင်း
ကရင်နီပြည်နယ်
ပဲခူးတိုင်း
ထိုင်းနိုင်ငံ
တောအူးခရိုင်
1,0000 - IDPs
2,067 - IDPs
12,453 - IDPs
12,453 - IDPs
44,441- IDPs
မူတြော်ခရိုင်
8,092- IDPs
45,080 - IDPs
ခလယ်လွီထူခရိုင်
51,067 - IDPs
24,965 - IDPs
7,790 - IDPs
ဒူးသထူခရိုင်
8,600 - IDPs
35,109 - IDPs
6,841 - IDPs
ဖားအံခရိုင်
62,968 -IDPs
2,898 -IDPs
ဒူးပလာယာခရိုင်
15,457 -IDPs
15,520-IDPs
ဘလိ-ထားဝယ်ခရိုင်
မြေပုံအညွှန်း
တိုက်ပွဲဖြစ်ပွားမှု(၇၂၈၁)ကြိမ်
တောအူး (တောင်ငူ)ခရိုင်
ဒူးသထူ (သထုံ)ခရိုင်
ခလယ်လွီထူ (ညောင်လေးပင်)ခရိုင်
ဘလိ-ထားဝယ် (မြိတ်ထားဝယ်)ခရိုင်
မူတြော် (ဖာပွန်)ခရိုင်
ဒူးပလာယာခရိုင်
ဖားအံခရိုင်
မြန်မာနိုင်ငံ
0
40,000
80,000
160,000 Meters



ကေအဲန်ယူ-ဘလိ-ထားဝယ် (မြိတ်ထားဝယ်)ခရိုင်အတွင်းရှိ တိုက်ပွဲဖြစ်ပွားမှုများ -
(၂၀၂၁ မှ ၂၀၂၂)ခုနှစ်
N
လယ်ဒိုစိုးမြို့နယ်
ထိုင်းနိုင်ငံ
ကစယ်ဒိုမြို့နယ်
1963-IDPs
ဘလိ-ထားမွယ်ခရိုင်
6105-IDPs
လယ်မူလားမြို့နယ်
2648-IDPs
တနော့သရီမြို့နယ်
1054-IDPs
မြေပုံအညွှန်း
တိုက်ပွဲဖြစ်ပွားမှု (၁၂၈)ကြိမ်
ဘလိ-ထားဝယ် (မြိတ်ထားဝယ်)ခရိုင်
ခရိုင်
0
35,000
70,000
140,000 Meters



## ဝေဟင် တိုက်ခိုက်မှု

"....ရွာလူကြီးက ကျွန်တော်တို့ရွာသားတွေကို ဗုံးခိုကျင်းတွေပြင်ထားဖို့နဲ့ လေကြောင်းတိုက်ခိုက်မှုအတွက် အကာအကွယ်ယူထားဖို့ ရွာမှာလိုက်ပြောထားတယ်။ ညနေလောက် မှာ လေယာဉ်နဲ့ဗုံးလာကြဲတယ်။ ကျွန်တော်ရယ် ကျွန်တော့်မိန်းမရယ် ကလေးနှစ်ယောက်ရယ် ဗုံးခိုကျင်းထဲမှာ ဝင်ပုန်းနေတာပေါ့။ ရွာမှာတော့ ကရင်စစ်သားတွေမလာဘူး၊ ရွာသားတွေပဲ။ ဗုံးက ကျွန်တော့အိမ်ရှေ့မှာလည်း တစ်လုံးကျတယ်။ ကျွန်တော်တို့ အိမ်တော့ နည်းနည်းပါးပါးပဲ ထိတယ်။ ရွာက ကျောင်း ပြိုသွားတယ်။ ဆေးရုံလည်းပြိုသွားတယ်။ ဒီကောင်တွေဘာလို့ ရွာကအိမ်တွေ၊ ဆေးရုံတွေ၊ ကျောင်းတွေကိုဘဲ လာပစ်နေလဲမသိဘူး"

*မူတြော်ခရိုင်တွင်နေထိုင်သော ကရင်ပြည်သူတစ်ဦး*

အာဏာသိမ်း မြန်မာစစ်တပ် တဖြစ်လဲ စစ်ကောင်စီသည် အာဏာရှင်ဆန့်ကျင်တော်လှန်ရေးအဖွဲ့များအား တိုက်ခိုက်မှုပြုသည့်အခါ အင်အား အဆမတန် အသုံးပြုပြီး တရားဥပဒေမဲ့ တိုက်ခိုက်မှုများကို လုပ်ဆောင်ရာတွင် လေကြောင်းအသုံးပြုတိုက်ခိုက်ခြင်းသည်လည်း တစ်ခု အပါအဝင်ဖြစ်သည်။ မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်နေသော အာဏာရှင်ဆန့်ကျင်ရေး လက်နက်ကိုင်တော်လှန်မှုများအပေါ် လေကြောင်းမှ တိုက်ခိုက်ခြင်းကို တွင်တွင်ကျယ်ကျယ် လုပ်ဆောင်လာခဲ့ရာ ဂျက်တိုက်လေယာဉ်များ၊ တိုက်ခိုက်ရေး ရဟတ်ယာဉ်များအားဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းသာမက စစ်ရေးလှုပ်ရှားမှုများ အသာစီးရရေးအတွက် စစ်ရဟတ်ယာဉ်များအား အသုံးပြု၍ စနစ်တကျလုပ်ဆောင်လာသည်ကို တွေ့ရသည်။

၎င်းတိုက်လေယာဉ်နှင့် တိုက်ခိုက်ရေးရဟတ်ယာဉ်များဖြင့် တိုက်ခိုက်ရာတွင်လည်း ၎င်းတို့ကို ဆန့်ကျင်သည့် လက်နက်ကိုင်တပ်ဖွဲ့များကိုသာ ဦးတည်တိုက်ခိုက်ခြင်း သာမကဘဲ အပြစ်မဲ့အရပ်သား ပြည်သူများနေထိုင်ရာ ကျေးရွာများအတွင်း၊ ဆေးရုံ၊ ကျောင်းနှင့် ဘာသာရေးအဆောက်အအုံများကိုပါ တိုက်ခိုက်နေကြသည်။ မြန်မာနိုင်ငံ အရှေ့တောင်ဘက်ဒေသအတွင်းရှိ ကေအဲန်ယူ အုပ်ချုပ်သောနယ်မြေများတွင် တွေ့ရှိရသော လေကြောင်းတိုက်ခိုက်မှုများသည် အရပ်သားပြည်သူများ၊ အများပိုင်အဆောက်အုံများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား ပိုမိုထိခိုက်နစ်နာစေသည်ကို ယခုလေ့လာမှုတွင် ထင်ရှားစွာ တွေ့နိုင်သည်။ ၎င်းတို့မှ ပြည်သူများနှင့် ပြည်သူများပိုင်ဆိုင်ရာ အများပိုင်အဆောက်အအုံများ၊ ဘာသာရေး အဆောက်အုံများကို တိုက်ခိုက်ရသည့်အကြောင်းရင်းကို လေ့လာသုံးသပ်ကြည့်ရာ အချက် (၂) ချက် တွေ့ရသည်။ ပထမအချက်မှာ ပြည်သူများက အကြောက်တရားရရှိပြီး အာဏာရှင်ဆန့်ကျင်ရေးတပ်ဖွဲ့များနှင့် ကေအဲန်ယူ၏ လက်နက်ကိုင်တပ်ဖွဲ့များအား ပံ့ပိုးမှု လျော့ကျစေရန် သို့မဟုတ် ဖြတ်တောက်နိုင်ရန် ဖြစ်သည်။ ဒုတိယအချက်မှာ ပြည်သူများ၏ လုံခြုံရေးကို ပိုမိုအလေးပေးပြီး ပြည်သူများ၏ နစ်နာဆုံးရှုံးမှု မဖြစ်စေရေး အမြဲဦးထိပ်ထားသည် ကေအဲန်ယူနှင့် ဒေသအတွင်းရှိ စစ်အာဏာရှင်ဆန့်ကျင်ရေးတပ်ဖွဲ့များအပေါ် စစ်ရေးအရ အသာစီးရယူရန် ကြိုးပမ်းခြင်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသည်။ ယခုသုံးသပ်မှုများအရ မြန်မာစစ်တပ်၏ စစ်ရေး ရည်ရွယ်ချက်၊ လှုပ်ရှားမှုနှင့် ဗျူဟာများသည် ပြည်သူများ၏ ဘေးကင်းလုံခြုံမှုကို ထည့်သွင်းစဉ်းစားခြင်း လုံးဝ မရှိဘဲ၊ ပြည်သူများ၏ အသက်စည်းစိမ်ပျက်ဆီးခြင်းကို ရှေးရှုလုပ်ဆောင်နေကြောင်း ဖော်ပြလျက်ရှိသည်။



လေကြောင်းဖြင့် တိုက်ခိုက်ဖျက်ဆီးမှုကို ခံစားခဲ့ရသော ပြည်သူများသည်လည်း တစ်နေ့ထက်တစ်နေ့ ပိုမိုများပြား လာနေသည်ကို အချက်အလက်များက သက်သေပြနေသည်။ စစ်ကောင်စီ၏ လေယာဉ်ဖြင့် တိုက်ခိုက်မှုများကိုသာ မှတ်တမ်း တင်ထားနိုင်ခဲ့ပြီး လေယာဉ်နှင့် ဒရုန်းတို့ဖြင့် ကင်းထောက်ခြင်းတို့ကလည်း မှတ်တမ်းတင်မှု ကောင်းစွာ မလုပ်နိုင်လောက် အောင် များပြားလွန်းကာ ပြည်သူများအား အမှန်တကယ် ခြိမ်းခြောက်နေသည်။ ထို့အပြင် ဒေသတွင်း ဆက်သွယ်ရေးများ ဖြတ်တောက်ခံထားရမှုတို့ကြောင့် အချို့သော နယ်မြေ၊ အဓိကအားဖြင့် မူတြော်ခရိုင်အတွင်းရှိ ကျေးရွာများတွင် ဒေသခံစစ် ကောင်စီတပ်များ၏ ဒရုန်းဖြင့် တိုက်ခိုက်မှုများကိုလည်း သေချာစွာမှတ်တမ်းတင် ထားနိုင်ခြင်း မရှိနေပါ။ သို့သော် ဒရုန်း ဖြင့် တိုက်ခိုက်မှုဒဏ်များကိုလည်း ပြည်သူများ ခံစားနေရကြသည်ကို ၎င်းဒေသခံပြည်သူများ၏ ပြန်လည်ပြောကြားမှုနှင့် သက်ဆိုင်ရာ နယ်မြေခေါင်းဆောင်များ၊ ကေအဲန်အယ်လ်အေ - ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် တပ်ဖွဲ့ဝင် များ၏ ပြောဆိုချက်များအားဖြင့် သိရှိခဲ့ရသည်။

သတင်းမီဒီယာများအရလည်း စစ်ကောင်စီအနေဖြင့် အစီရင်ခံစာရေးသားနေစဉ် ကာလအတွင်း တိုက်ခိုက်ရေး လေယာဉ်များ ထပ်မံဝယ်ယူ အင်အားဖြည့်တင်းမှုများ၊ နည်းပညာမြင့်လေယာဉ်များ အသုံးပြုနိုင်ရေး လေ့ကျင့်သင်ကြားမှုများ ကို လုပ်ဆောင်နေရာ အစုလိုက်အပြုံလိုက် သတ်ဖြတ်ဖျက်စီးမှုများ ပြုလုပ်နိုင်သည့် စစ်ကောင်စီ၏ လေကြောင်းရန်အန္တရာယ် သည် ပြည်သူများအတွက် စိုးထိတ်စရာ ခြိမ်းခြောက်မှုတစ်ခုအဖြစ် ဆက်လက် တည်ရှိနေသည်။ ယခုသုံးသပ်တွေ့ရှိမှုသည် စစ် ကောင်စီအနေဖြင့် လူသားများကို ဦးတည်သော စစ်ဆင်ရေးများဖြင့် လူ့အခွင့်အရေးများကို စနစ်တကျ ဆက်လက် ကျူးလွန် နေလိမ့်မည်ကို ညွှန်ပြလျက် ရှိသည်။

## ■ မြေပြင် တိုက်ခိုက်မှု

**“ဗိုလ်ကြီးတွေကနဲ့ဖြစ်တာနဲ့ ရွာထဲကိုပစ်ခိုင်းတာပဲ။ လက်နက်ကြီးတွေကိုရွာထဲကိုပစ်တာတွေရှိတယ်။ အဲ့တုန်းက ဗျူဟာ မှူးပစ်ခိုင်းတာ။ မယ်ကျုံနဲ့ မိကျောင်ကွင်း အဲ့ရွာတွေကိုပစ်ခိုင်းလို့ ပစ်ခဲ့တာရှိတယ် တစ်ခါပစ်ရင် (၄)လုံး (၅)လုံး လောက် ရှိတယ် အဲ့တာတွေက ဗျူဟာမှူးကလာပစ်ခိုင်းရင် တပ်ရင်းမှူးကနေမှတစ်ဆင့် ကျတော်တို့ကို ညွှန်ကြားပြီး ပစ်ရတယ်။ အဓိကတော့ လက်နက်ကြီးပစ်တာက အထက်လူကြီးတွေပစ်ခိုင်းရင်ပစ်ရတယ်...”**

——— *လူထုအာခံလှုပ်ရှားမှု (CDM) တွင် ပါဝင်သော တပ်သား၊ ကိုယ်ပိုင်အမှတ်- တ/၅-----၊ ခမရ-၄၀၃၊ သရုပ်ချောင်း။*

အမြောက်ကြီးများအား မိုးရွာသကဲ့သို့ ရမ်းသန်းပစ်ခတ်ခြင်းမျိုးကို မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသား ပြည် သူများက တွေ့ကြုံခံစားဖူးသည်မှာ လွန်ခဲ့သောနှစ်ပေါင်း (၇၀) ကျော်ကတည်းပင် ဖြစ်သည်။ ထိုသို့ ရမ်းသန်းပစ်ခတ်မှုကပင် တိုင်းရင်းသားတော်လှန်ရေးတပ်ဖွဲ့များအား နှိမ်နင်းနိုင်ရန် တပ်မတော်မှ ကာလရှည်ကြာစွာ အသုံးပြုခဲ့သည့် “ဖြတ်လေးဖြတ်” မဟာဗျူဟာ၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ ၎င်းအမြောက်ကြီးများအား ရမ်းသန်းပစ်ခတ်ခြင်းမှာ ၎င်းတို့၏ ရန်သူဖြစ် သည့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များအား ဦးတည်ပစ်ခတ်ခြင်းမဟုတ်ဘဲ၊ တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့များရှိ ရာ သို့မဟုတ် လုံးဝမရှိသော အခြေအနေမျိုးတွင်ပင် အရပ်သားပြည်သူများအား ဦးတည်ပစ်ခတ်ခြင်းဖြစ်ကြောင်း ယခင်ထွက် ရှိခဲ့ဖူးသော အစီရင်ခံစာများ၊ လေ့လာမှုများနှင့် လုံခြုံရေး ဆိုင်ရာသုတေသီနှင့် ပညာရှင်များ၏ သုံးသပ်မှုများတွင် ရှင်းလင်း စွာ တွေ့ရှိနိုင်သည်။ ပြည်သူများအား ဦးတည် ပစ်ခတ်ခြင်းများကို ၎င်းတို့၏ စစ်ရေး မဟာဗျူဟာတစ်ခုအနေဖြင့် အသုံးပြု နေခြင်းက တပ်မတော်သည် ၎င်းတို့ ကာကွယ်ပေးမည်ဟု သစ္စာဆို ကတိပြုထားသော မြန်မာပြည်သူများအပေါ် အကြမ်းဖက် လုပ်ရပ်များ စနစ်တကျကျူးလွန်နေကြောင်း ခိုင်မာစွာ ပြောဆိုနိုင်သည်။






၁၂၀ မမ စိန်ပြောင်းများ( Mortar)

တာဝေးပစ်ရန်နှင့် စစ်ရေးပစ်မှတ်ကို သက်ရောက်မှုအား ပြင်းထန်ရန် လိုအပ်သော မည်သည့် စစ်ပွဲတွင်မဆို လက်နက်ကိုင်အဖွဲ့အစည်းများသည် လက်နက်ကြီးကို အသုံးပြုလေ့ရှိကြသည်မှာ မလွဲမသွေပင် ဖြစ်သည်။ လက်နက်ကြီးဟုဆိုရာတွင် အသုံးများသော အမျိုးအစားများမှာ ၆၀ မမ၊ ၁၂၀ မမ စသည့် ကျည်ဖူးများဖြင့် အသုံးပြုရသော စိန်ပြောင်းများ (Mortar) နှင့် အာပီဂျီအမြောက် (RPG) တို့ဖြစ်ကြသည်။ လက်နက်ကြီးစိန်ပြောင်းသည် တာဝေးပစ်မှတ်များအတွက် အသုံးပြုရသည် ဖြစ်သည့်အလျောက် ပစ်မှတ် မှန်ကန်တိကျမှုအတွက်လည်း အားနည်းချက်ရှိသည်။ ထို့ကြောင့် လက်နက်ကြီးစိန်ပြောင်းကို ပစ်ခတ်ရာတွင် အကွာအဝေးများကို ခန့်မှန်း၍သာ ပစ်ခတ်ရသည်။ ကော်သူးလေဒေသတွင် စစ်ကောင်စီတပ်များ၏ လက်နက်ကြီး အသုံးပြုပုံကို လေ့လာရာတွင် ပုံစံနှစ်မျိုးဖြင့် တွေ့ရနိုင်သည်။ စစ်ကောင်စီတပ်တို့၏ လက်နက်ကြီးအသုံးပြုမှုပထမအမျိုးအစားမှာ ပြည်သူများနေထိုင်သော ပတ်ဝန်းကျင်တွင် အခြေချကာ ကျေးရွာလူထုကို အကာအကွယ်ယူ၍ တာဝေးသို့ ပစ်ခတ်ခြင်းဖြစ်သည်။ ဒုတိယအမျိုးအစားမှာ နှစ်ဦးနှစ်ဖက် တိုက်ခိုက်နေစဉ် သော်လည်းကောင်း၊ ၎င်းတို့၏ သံသယရှိရာအရာသို့ လည်းကောင်း၊ ပြည်သူ့အသက်အိုးအိမ်များကို ဖျက်ဆီးလိုသော အခါတွင်လည်းကောင်း၊ စစ်ကောင်စီတပ်တို့သည် ၎င်းတို့အခြေချရာ ယာယီတပ်စခန်းများမှဖြစ်စေ ရှေ့တန်းတပ်စခန်းများမှဖြစ်စေ၊ တာဝေးသို့ ပစ်ခတ်လေ့ရှိသည်။ ဤလက်နက်ကြီးအသုံးပြုပုံနှစ်မျိုးကို ပြည်သူလူထု၏ ဖြေကြားချက်များအပေါ် အခြေပြု လေ့လာသုံးသပ်ကြည့်ရာတွင် စစ်ကောင်စီတပ်များ၏ စစ်ရာဇဝတ်မှုကျူးလွန်ခြင်းများသည် စစ်ရေးအသာစီးရရေး ရည်ရွယ်ချက်ဖြင့် ဥပဒေမဲ့ ကျူးလွန်နေသည်ကို တွေ့မြင်ရသည်။



၈၁ မမ စိန်ပြောင်းများ( Mortar)

## ခေတ်သစ် ဖြတ်လေးဖြတ်

၂၀၂၁ခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်း ဖြစ်ပေါ်လာသော အာဏာရှင်ဆန့်ကျင်ရေး တော်လှန်မှုများအား မြန်မာစစ်တပ်(တပ်မတော်)၏ တုံ့ပြန်မှုများကို လေ့လာကြည့်ရာ အထက်ပါ "ဖြတ်လေးဖြတ်" မဟာဗျူဟာကို ထပ်မံ အသုံးပြုသည်ကို တွေ့ရမည် ဖြစ်သည်။ ၎င်းမဟာဗျူဟာကို အချို့က အဆင့်လေးဆင့်ပါ မဟာဗျူဟာ အဖြစ် အဓိပ္ပါယ်ဖွင့်ဆိုကြပြီး ထိုအရာသည် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများအပေါ် ပြည်သူများ၏ ထောက်ခံမှုအား ဖြတ်တောက်ရန်နှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများကို ဖျက်ဆီးရန် ရည်ရွယ်သော ပြည်သူကို ဦးတည်သည့် စစ်ရေးဗျူဟာတစ်ခုဖြစ်သည်။

ကေအဲန်ယူသည် မြန်မာနိုင်ငံတွင် ပထမဆုံးပေါ်ပေါက်ခဲ့သော တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း ဖြစ်သည့်အပြင် ပြည်သူများ၏ ထောက်ခံမှုကို အပြည့်အဝနီးပါး ရရှိထားသည်သာမက၊ လက်ရှိ အာဏာသိမ်းဖြစ်စဉ်မှစ၍ လူထုအကြား ပိုမိုထင်ရှားလာမှုနှင့် ကရင်မဟုတ်သော အခြားတိုင်းရင်းသားများ ထံမှလည်း ထောက်ခံမှုများနှင့် ယုံကြည်မှုကို ရရှိထားသော တော်လှန်ရေးအဖွဲ့အစည်းတစ်ခု ဖြစ်သည်။ ဤကဲ့သို့သော အဖွဲ့အစည်းနှင့် တိုက်ခိုက်နေရသော စစ်ကောင်စီ အနေဖြင့် ၎င်းတို့၏ ရက်စက် ကြမ်းကြုတ်ပြီး ပြည်သူများအပေါ် ညှာတာမှု လုံးဝမရှိသည့် စစ်ရေးမဟာဗျူဟာဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို စနစ်တကျ ဆက်လက်ကျူးလွန်လျက်ရှိသည်။ စစ်ကောင်စီတပ်ဖွဲ့များသည် ပြည်သူများ နေထိုင်ရာကျေးရွာများနှင့် ပြည်သူများ၏ စိုက်ခင်းများနှင့် စိုက်ခင်းများအတွင်းရှိ စိုက်ပျိုးတောင်သူများကိုပါ ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်နေရာ ရေရှည်ရှိရန် ခက်ခဲသော တောင်ပေါ်ဒေသများရှိ ပြည်သူများအတွက် စားဝတ်နေရေးခက်ခဲမှုကို ဖြစ်ပေါ်စေသည်။ လမ်းများပိတ်ခြင်း၊ ဆက်သွယ်ရေးများ ဖြတ်တောက်ခံရခြင်းတို့ကြောင့် စားနပ်ရိက္ခာများ သယ်ယူစုဆောင်းရန် ခက်ခဲလှသော ၎င်းဒေသများရှိ ပြည်သူများသည် အမှန်တကယ် အစားအသောက် ပြတ်လပ်မှုကို ခံစားနေကြရသည်။ ထို့အပြင် နယ်မြေခံ စစ်ကောင်စီတပ်စခန်းများနှင့် ၎င်းတို့လက်အောက်ရှိ ကရင်နယ်ခြားစောင့်တပ်ဖွဲ့များသည် ပြည်သူများ အပေါ် ကေအဲန်ယူနှင့် ဒေသခံ အာဏာရှင်ဆန့်ကျင်ရေး တပ်ဖွဲ့များအား ထောက်ပံ့နေသည်ဆိုသော သံသယထားစွပ်စွဲမှုများကြောင့် ပြည်သူများ၏ သွားရေးလာရေးတွင် ကန့်သတ်မှုများစွာနှင့် လုံခြုံရေးအန္တရာယ်များစွာရှိနေကာ လူ့အခွင့်အရေးများစွာ ချိုးဖောက်ခံနေကြရသည်။

ကေအဲန်ယူအုပ်ချုပ်ရာဒေသ တနည်းအားဖြင့် ကော်သူးလေအတွင်း ဆက်သွယ်ရေးနှင့် သွားလာရေး ကန့်သတ်ချက်များကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကတည်းက စတင်ခံစားလာကြရသည်။ ဥပမာ - သထုံခရိုင်အတွင်းတွင် ယခင်က ဖုန်း (အင်တာနက်) အော်ပရေတာ လေးခုလုံး (MPT၊ Telenor၊ Oreedoo နှင့် Mytel) ကို အသုံးပြုနိုင်ခဲ့သည်။ သို့သော် ၂၀၂၁ ခုနှစ် အာဏာသိမ်းဖြစ်စဉ်နောက်ပိုင်း ဇွန်လနှင့် ဇူလိုင်လခန့်မှစတင်ပြီး Mytel အော်ပရေတာ တစ်ခုတည်းကိုသာအသုံးပြုနိုင်တော့သည်ကို တွေ့ရှိရသည်။ သို့သော် အချို့သော တာဝါတိုင်များမှာ ကောင်းစွာ အလုပ်မလုပ်နိုင်ခြင်းနှင့် လုံလောက်သော တာဝါတိုင်များ မရှိနေခြင်း၊ ဖြတ်တောက်ထားခံရခြင်းက ပြည်သူများအတွက် ဆက်သွယ်ရေး ကန့်သတ်မှုများစွာ ရှိနေဆဲဖြစ်သည်။ မူတြော်ခရိုင်တွင် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းဖြစ်စဉ်နောက်ပိုင်း လအနည်းငယ်အတွင်း ဖုန်းလိုင်းများ လုံးဝ ဖြတ်တောက်ခံခဲ့ရသည်မှာ ယခုအစီရင်ခံစာရေးသားချိန်အထိဖြစ်သည်။ အခြားသော ခရိုင်များတွင်လည်း အလားတူ ဆက်သွယ်ရေးဖြတ်တောက်မှုနှင့် ကန့်သတ်မှုများ ခံထားကြရသည်ကို လေ့လာတွေ့ရှိရသည်။ နိုင်ငံရေး၊ လုံခြုံရေးနှင့် အခြားအရေးကြီးသတင်းများကို အချိန်မီမရရှိသည့် ပြည်သူများအနေဖြင့် စစ်ကောင်စီ၏ လေယာဉ်များဝဲပျံခြင်းကို တွေ့နေရပြီး အခြားသော အတည်မပြုနိုင်သည့် ကောလဟာလ သတင်းများကြောင့် လက်တွေ့လူနေမှုဘဝတွင် စိုးရိမ်မှု၊ မလုံခြုံမှုများဖြင့် နေထိုင်နေကြရသည်။ ဆက်သွယ်ရေးဖြတ်တောက်ခြင်းသည် စစ်ကောင်စီ၏ ဖြတ်လေးဖြတ် စစ်ရေးဗျူဟာထဲမှ အစိတ်အပိုင်း ဖြစ်ကာ COVID-19 ကပ်ရောဂါကြောင့် ခက်ခဲမှုများစွာရင်ဆိုင်နေခဲ့ရပြီး ပြန်လည်ထူထောင်နိုင်ရေး ကြိုးပမ်းနေသော ပြည်သူများ၏ အားထုတ်မှုကို လျစ်လျူရှုနေကြောင်း သုံးသပ်နိုင်သည်။

ဆက်သွယ်ရေးနှင့် ဆက်စပ်ပြီး လေ့လာတွေ့ရှိရသော အခြားသော ကန့်သတ်မှုတစ်ခုမှာ ခရီးသွားလာရေး ဖြစ်သည်။ စစ်ဆေးရေးဂိတ်များအား ပိုမိုချထားလာခြင်းနှင့်အတူ ပြည်သူများ၏ နေ့စဉ်လိုအပ်ချက်များ (ဥပမာ- ဆန်၊ ဆီ၊ ဆိုလာ၊ ဘတ္တရီ အစရှိသည်) အား ကန့်သတ်လာခြင်းတို့ကြောင့် ပြည်သူများ၏ ဘဝများ ပိုမိုခက်ခဲလာသည်။ အချို့သောနေရာများတွင် ပြည်သူ

များအား ၎င်းတို့၏ ရန်သူကို ထောက်ခံသော သူများဖြစ်ကြောင်း သံသယထားစွပ်စွဲမှုပြုကာ တစ်ဖက်သတ် ကန့်သတ်မှုများနှင့် ပစ်မှတ်ထားမှုများကြောင့် ပြည်သူများ၏ ဘဝနေထိုင်ရေးမှာ စိုးရိမ်မှုနှင့် အကြောက်တရားများ ပိုမိုတိုးပွားလာရကာ ခက်ခဲလာသည်ကို ယုံကြည်စိတ်ချရသည့် သတင်းမီဒီယာများမှတဆင့် တွေ့ရှိရသည်။ ၎င်းတို့အထဲတွင် ပြည်သူများ အသုံးပြုရာလမ်းများပေါ်တွင် မိုင်းထောင်ခြင်းကိုလည်း စစ်ကောင်စီက လုပ်ဆောင်လေ့ရှိပြီး ထိုကဲ့သို့ လုပ်ဆောင်ရာတွင်လည်း ပြည်သူများအတွက် ထည့်သွင်းစဉ်းစားပေးခြင်းမရှိပဲ ရန်သူများသဖွယ် သဘောထားလုပ်ဆောင်ခြင်းဖြစ်ကြောင်းနှင့် ပြည်သူများ၏အသက်ကို တန်ဖိုးထားခြင်းမရှိကြောင်း တွေ့ရှိရသည်။

**“အရာရှိတွေကတော့ ပြည်သူဖြစ်ဖြစ် ရန်သူဖြစ်ဖြစ် ဘယ်သူထိထိ ထိတဲ့သူ ရန်သူဘဲဆိုတဲ့ အတွေးနဲ့ မိုင်းထောင်ခိုင်းတာတွေ အများကြီးရှိတယ်။ တချို့ကလည်း အဲ့လိုမဟုတ်ဘူး။ အဓိကတော့ အထိပြနိုင်ဖို့ဖြစ်တယ်။ တစ်ခါတစ်လေမှာဆို မိုင်းထောင်ပြီး မိုင်းထိတဲ့လူတွေမရှိတဲ့အခါ အလုပ်မလုပ်ဘူးဆိုပြီး အရာရှိတွေက စွပ်စွဲတာမျိုးရှိတယ်”**

——————— *လူထုအာခံလှုပ်ရှားမှု (CDM) တွင်ပါဝင်လာသည့် စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်း၊ တပ်ခွဲ (၃) ကော့ကရိတ်မြို့မှ ကိုယ်ပိုင်နံပါတ် တ/၂------၊ တပ်သား*

စစ်ကောင်စီ လက်အောက်ခံ စစ်ကြောင်းများသည် ကျေးရွာများအတွင်းသို့ ဝင်ရောက်လာသောအခါ သို့မဟုတ် ၎င်းတို့ စစ်ကြောင်းချီလာသည့်သတင်းကို ကြားရသည့် အချိန်တွင် ယင်းဒေသရှိ ပြည်သူများအနေဖြင့် စစ်တပ်၏ ရက်စက်စွာ ပြုမူဆက်ဆံမှုကို ရှောင်ရှားနိုင်ရန် စစ်ကောင်စီ စစ်ကြောင်းနှင့် ကင်းလွတ်သော တော၊ တောင်၊ ကျောက်ဂူများ သို့မဟုတ် အခြားသောကျေးရွာများသို့ ထွက်ပြေးတိမ်းရှောင်ရန် ကြိုးစားကြရပါသည်။ စစ်တပ်၏ တိုက်ခိုက်မှုကို တိုက်ရိုက်မခံစားရသော ကျေးရွာအချို့တွင် ကျေးရွာရှိအမျိုးသားများကိုသာ ထွက်ပြေးတိမ်းရှောင်စေပြီး အမျိုးသမီးများအား ရွာစောင့်အဖြစ်ထားရှိကြသည်။ စစ်တပ်များက ရွာသို့ ရောက်လာသောအခါ အမျိုးသားများအား ဖမ်းစီးစစ်ဆေးခြင်း၊ ကေအဲန်ယူကို ပံ့ပိုးသူ သို့မဟုတ် ၎င်းတို့ကို ပြန်လည်တိုက်ခိုက်နိုင်သူများအဖြစ် သံသယထား နှိပ်စက်ခြင်းနှင့် ပေါ်တာဆွဲခံရနိုင်ခြင်းများ ကြုံတွေ့နိုင်သောကြောင့် အချို့သောကျေးရွာများတွင် အမျိုးသားများအား ထွက်ပြေးတိမ်းရှောင်စေခြင်း ဖြစ်သည်။ ထိုအရာများသည် လွန်ခဲ့သော နှစ်ပေါင်း (၇၀) ကျော်အတွင်း ရရှိခဲ့သော အတွေ့အကြုံများနှင့် လက်ရှိ နိုင်ငံတစ်ဝန်းလုံး တွေ့မြင်နေရသော စစ်တပ်၏ ပြည်သူများအပေါ် ရက်စက်စွာ ပြုမူဆက်ဆံမှုများသည် ပြည်သူများအား ကြောက်ရွံ့စေမှုကို အခြေခံနေပါသည်။ ထိုကြောက်ရွံ့မှုသည်လည်း စစ်တပ်မှ စနစ်တကျ ရည်ရွယ်ထည့်သွင်းနေခြင်းဖြစ်သည်ကို ၎င်းတို့၏ ထပ်ခါထပ်ခါလုပ်ဆောင်နေသော ရက်စက်သည့် အပြုအမူများက သက်သေပြနေသည်။

အထက်ပါ ဖော်ပြသကဲ့သို့ပင် စစ်တပ်၏ တိုက်ရိုက်တိုက်ခိုက်မှုကို မခံရသော ကျေးရွာများတွင် အမျိုးသမီးများ ရွာအတွင်း ကျန်ရစ်နေခြင်း၏ အဓိကအကြောင်းအရင်းမှာ ရွာထဲတွင် မည်သူတစ်ဦးမျှ မရှိပါက ရွာရှိ အိမ်များမှ ပစ္စည်းများအားယူဆောင်ခြင်း၊ ဖျက်ဆီးခြင်းနှင့် တစ်ရွာလုံးအား မီးရှို့ခြင်းတို့ကို စစ်တပ်မှ လုပ်ဆောင်နိုင်ကြောင်း ပြည်သူများမှ ၎င်းတို့၏ အတွေ့အကြုံနှင့်အတူ လက်ရှိမြန်မာ နိုင်ငံတစ်ဝန်း တွေ့မြင်နေရသော စစ်တပ်၏ ရက်စက်လှသည့် လုပ်ဆောင်မှုများကြောင့် ပြည်သူများ အတွင်း စိုးရိမ်ပူပန်မှုများ ဖြစ်စေသည်။ အမျိုးသမီးများအနေဖြင့် အသက်အန္တရာယ်နှင့် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်ခံရနိုင်သည် ဆိုသည့် စိုးရိမ်မှုများရှိနေသော်လည်း ၎င်းတို့နှစ်ပေါင်းများစွာ တည်ဆောက် စုဆောင်းထားရပြီး တန်ဖိုးထားရသော အိမ်နှင့် အခြားပိုင်ဆိုင်မှုပစ္စည်းများကို ကာကွယ်မှုပြုနိုင်ရန် ရည်ရွယ်ချက်ကြောင့် ၎င်းအမျိုးသမီးများ၏ ရဲရင့်သောစိတ်ဓါတ်နှင့် ကျေးရွာပြည်သူများ၏ စုစည်းမှုတို့ကိုတွေ့မြင်ရသည်။

## စစ်ကောင်စီမှ ကျူးလွန်ဖောက်ဖျက်နေသော နိုင်ငံတကာ စံနှုန်းများနှင့် ဥပဒေများ

အာဏာသိမ်း မြန်မာစစ်တပ် တဖြစ်လဲ စစ်ကောင်စီတပ်များသည် ပြည်သူလူထုနှင့် ကျေးရွာပတ်ဝန်းကျင်ကို ခံစစ်သဖွယ် ပြုမူကျင့်သုံးခြင်းသည် စစ်ရေးအရ အမြတ်ထုတ်ခြင်းဖြစ်ပြီး ဂျနီဗာကွန်ဗင်းရှင်း လေးခုအနက်မှ တစ်ခုဖြစ်သော စစ်ပွဲဖြစ်ပွားချိန် အရပ်ဘက်ပုဂ္ဂိုလ်များအား အကာအကွယ်ပေးခြင်းအတွက် သဘောတူစာချုပ်၏ စံချိန်စံနှုန်းများစွာကို ချိုးဖောက်နေသည်။ ဥပမာ လက်နက်ကြီးပစ်ခတ်မှုများသည် ပြည်သူလူထု မှီတည်အားထားရသော ဆေးရုံများ၊ ကျောင်းများကို ပျက်စီးစေသည်။ ထိုသို့ပစ်ခတ်မှုများကို စစ်ကောင်စီတပ်တို့သည် ဆင်ခြင်တုံတရားကင်းမဲ့စွာ ရည်ရွယ်ချက်ရှိရှိ ကျူးလွန်ခြင်းဖြစ်သည်။ ကေအဲန်ယူ လူ့အခွင့်အရေးကော်မတီ၏ မှတ်တမ်းပြုစုချက်များအရ စစ်ကောင်စီတပ်တို့၏ ထင်ရာစိုင်း လက်နက်ကြီးပစ်ခတ်မှုတို့ကြောင့် ဆေးရုံဆေးခန်းများလည်း ပျက်စီးရသည်။ စစ်ပွဲဖြစ်ပွားချိန် အရပ်ဘက်ပုဂ္ဂိုလ်များအား အကာအကွယ် ပေးခြင်း (Geneva Convention Relative To The Protection Of Civilian Persons In Time Of War Of 12 August 1949) အပိုင်း (၂) စာပိုဒ် (၁၈) တွင် လူထုတို့၏ကျန်းမာရေးအတွက် မှီတည်သော ဆေးရုံ၊ ဆေးခန်းများကို ကာကွယ်စောင့်ရှောက်ရန် တိုက်ခိုက်ခြင်းမပြုရန်နှင့် ရှောင်ကြဉ်ရန်ဟူသော အချက်များ ပါရှိသည်။ ပြည်သူလူထု၏ အသက်အိုးစိမ်စည်းစိမ်များ ပျက်ဆီးဆုံးရှုံးမှုများသာမက အကျိုးဆက်အနေနှင့် မိမိတို့နေထိုင်ရာ အိမ်များမှ စွန့်ခွာထွက်ပြေးတိမ်းရှောင်ကြရပြီး စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး စသည့် အဘက်ဘက်မှ ဆုံးရှုံးနစ်နာကြရသည်။

ထိုသို့ လက်နက်ကိုင်ဆောင်ထားပြီး ဆင်ခြင်တုံတရားကင်းမဲ့စွာ ကျေးရွာလူထုအပေါ် စိတ်တိုင်းကျ ဖမ်းဆီး၊ သတ်ဖြတ်၊ ညှင်းပန်း၊ နှိပ်စက်ခြင်းသည် မြန်မာနိုင်ငံအနေဖြင့် လိုက်နာမည်ဟု သဘောတူ လက်မှတ်ရေးထိုးထားသော ကုလသမဂ္ဂ နိုင်ငံတကာသဘောတူစာချုပ် (၄) ခုနှင့် နောက်ဆက်တွဲစာချုပ် (၂)ခုကို မဆိုဦးနှင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတိုင်း လိုက်နာရမည့် နိုင်ငံတကာ လူ့အခွင့်အရေး ကြေငြာစာတမ်း (Universal Declaration of Human Rights – UDHR)ပါ အခြေခံလူ့အခွင့်အရေးများကိုပင် ပေါ်ပေါ်ထင်ထင် ချိုးဖောက်လျက်ရှိသည်။ ထို့နောက် ဂျနီဗာကွန်ဗင်းရှင်း (၄) ခုအနက်မှ ပထမသုံးခု သည် နှစ်ဖက်လက်နက်ကိုင်တပ်ဖွဲ့များအား လူ့အခွင့်အရေးများ ရရှိခံစားစေရန် ရည်ရွယ်ပြီး လေးခုမြောက် (စတုတ္ထ) စာချုပ်သည် အရပ်သားများအား အကာအကွယ်ပေးရန်ရည်ရွယ်သော စာချုပ်ဖြစ်သည့် အားလျော်စွာ စစ်ကောင်စီသည် မြန်မာနိုင်ငံမှ လိုက်နာဆောင်ရွက်မည်ဟု လက်မှတ်ရေးထိုးထားသော ထိုစာချုပ်ပါ ကတိကဝတ်များကို ထင်ထင်ရှားရှား ချိုးဖောက်ထားသည်ကို တွေ့ရသည်။

စတုတ္ထမြောက် ဂျနီဗာကွန်ဗင်းရှင်းဖြစ်သော စစ်ပွဲဖြစ်ပွားချိန် အရပ်ဘက်ပုဂ္ဂိုလ်များအား အကာအကွယ်ပေးခြင်းတွင် အရပ်ဘက်ပြည်သူများကို ကာကွယ်ရမည်ဟူသော လက်နက်ကိုင်တပ်ဖွဲ့များ လိုက်နာရမည့် အချက်များကို အတိအလင်း ပြဋ္ဌာန်းဖော်ပြထားသည်။ မြန်မာနိုင်ငံသည် ဂျနီဗာကွန်ဗင်းရှင်းကို လိုက်နာမည်ဟု သဘောတူလက်မှတ်ရေးထိုးထားသော ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သော်လည်း စစ်ပွဲဖြစ်ပွားချိန်တွင် အရပ်ဘက်ပြည်သူများကို ကာကွယ်ရန်ဟူသော စတုတ္ထမြောက် ဂျနီဗာကွန်ဗင်းရှင်းပါ အခြေခံ လူ့အခွင့်အရေးများကိုပင် ချိုးဖောက်လျက်ရှိပါသည်။ ဥပမာ - စတုတ္ထမြောက် ဂျနီဗာကွန်ဗင်းရှင်း၏ အပိုင်း (၃) အပိုဒ် (၃၁) နှင့် (၃၂)၊ (၃၃) တွင် ဖော်ပြထားသည်မှာ အရပ်ဘက်ပြည်သူလူထုကို အတင်းအကျပ်ခိုင်းစေမှုများ မပြုလုပ်ရန်၊ ရယူလိုသော သတင်းအချက်အလက်များရရှိရန် နှိပ်စက်ခြင်းများ မပြုလုပ်ရန်၊ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်မှုများ မပြုလုပ်ရန်၊ သတ်ဖြတ်မှုများ မပြုလုပ်ရန်၊ အစုလိုက်အပြုံလိုက် မသတ်ဖြတ်ရန်၊ ခြိမ်းခြောက်ပြောဆိုခြင်းများမပြုရန် စသော အချက်များ ပါရှိသည်။ ထို့အပြင် စတုတ္ထမြောက် ဂျနီဗာကွန်ဗင်းရှင်း အပိုဒ် (၈၉)၊ (၉၀)နှင့် (၉၁) များတွင် ဖမ်းဆီး ထိန်းသိမ်းခံရသော အရပ်ဘက်ပြည်သူလူထုကို တနေ့တာ လုံလောက်သော အစားအစာ ပံ့ပိုးပေးခြင်း၊ အဝတ်အစား ပံ့ပိုးပေးခြင်း၊ ဆေးဝါးကုသမှုများပေးခြင်းနှင့် ဆေးစစ်ချက်များ ပြုလုပ်ပေးခြင်း စသည့် အချက်များလည်းပါရှိသည်။ အာဏာသိမ်း မြန်မာစစ်တပ် တဖြစ်လဲ စစ်ကောင်စီနှင့် ၎င်း၏ လက်အောက်ခံတပ်ဖွဲ့များ အနေဖြင့် အထက်ပါ လိုက်နာရမည့်အချက်များကို လိုက်နာခြင်း မရှိသည့် အပြင် ၎င်းတို့၏ စစ်ရေးအတွက် စနစ်တကျ ဖိနှိပ်သတ်ဖြတ်မှုများကို ကျူးလွန်နေကြသည်။

# နိဒါန်း

မြန်မာ့တပ်မတော် သို့မဟုတ် တပ်မတော် ဟု မိမိကိုယ်ကို သုံးနှုန်းသည့် မြန်မာစစ်တပ်သည် ၎င်းတို့ကိုယ်တိုင် ရေးဆွဲခဲ့သော ၂၀၀၈ အခြေခံဖွဲ့စည်းပုံဥပဒေနှင့် ကိုက်ညီမှု မရှိသော ၂၀၂၁ အာဏာ သိမ်းမှုကို ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲ မဲသမာမှုအကြောင်းပြချက်ဖြင့် ပြုလုပ်ခဲ့သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့ အာဏာသိမ်းဖြစ်စဉ်အပြီး ရက်ပိုင်းအတွင်း ပင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာစစ်တပ်သည် ၎င်းတို့ကိုယ်တိုင် ဦးစီးသည့် စစ်ကောင်စီဟု လူသိများသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (နစက) ကို အခြေခံဖွဲ့စည်းပုံဥပဒေဘောင် အပြင်မှ ဖွဲ့စည်းခဲ့သည် (ယခုမှ စ၍ "မြန်မာစစ်တပ်" နှင့် "စစ်ကောင်စီ" ဟူသည့် အသုံးအနှုန်းတို့ကို လိုသလို ဖလှယ်သုံးစွဲသွားမည်)။ အကြမ်းမဖက် လူထုအာခံလှုပ်ရှားမှု (Civil Disobedience Movement) သည်လည်း အာဏာသိမ်းဖြစ်စဉ်စတင်သည့် ရက်အနည်းငယ်အတွင်းမှစ၍ တဖြည်းဖြည်း ကြီးထွားလာသည်။

အကြမ်းမဖက် ဆန္ဒဖော်ထုတ်မှုနှင့် မတရားသော စစ်အစိုးရလက်အောက်တွင် တာဝန် ထမ်းဆောင်သော ဝန်ထမ်းအဖြစ်မှ နှုတ်ထွက်ခြင်း အပါအဝင် လူထုအာခံလှုပ်ရှားမှုများ (CDM) သည် ဒီမိုကရေစီ၏ ဝိသေသလက္ခဏာ ဖြစ်သော်လည်း ထိုလှုပ်ရှားမှုကို သေစေနိုင်သော လက်နက်များဖြင့် ဖြိုခွင်းနှိမ်နင်းခြင်း၊ ပါဝင်လှုပ်ရှားသောသူများကို ဖမ်းဆီးထောင်ချခြင်းသည် မြန်မာနိုင်ငံရှိ ပြည်သူ လူထုများ လိုလားသော ဒီမိုကရေစီကို မတရား ဖျက်ဆီးခြင်း ဖြစ်သည်။ ပြည်မအပါအဝင် တိုင်းရင်းသား လူမျိုးစုများ၏ ဒေသများအတွင်းရှိ လူမျိုးပေါင်းစုံမှ အကြမ်းမဖက် လူထုအာခံလှုပ်ရှားမှုများကို နည်း လမ်းမျိုးစုံဖြင့် ပါဝင်ခဲ့ကြသည်။ ထိုချဉ်းကပ်မှုများကြောင့် နိုင်ငံတကာရှိ သက်ဆိုင်သည့်အစုအဖွဲ့များ လည်း ပြည်သူလူထု၏ အသံကို အတော်အတန် ကြားသိနိုင်ခဲ့သည်။ သန်းပေါင်းများစွာသော မြန်မာနိုင်ငံ ရှိ ပြည်သူလူထုများက ၎င်းတို့၏ နိုင်ငံရေးဆိုင်ရာလိုလားချက်များကို ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခြင်းကို ကြည့်ခြင်းဖြင့် ပြည်သူများသည် စစ်အာဏာသိမ်းဖြစ်စဉ်ကို မနှစ်မြို့ခြင်း၊ စစ်တပ်၏ နိုင်ငံရေးဝင်ရောက် စွက်ဖက်မှုကို မလိုလားခြင်း၊ တိုင်းရင်းသားအားလုံး တန်းတူညီမျှမှုကို လိုလားခြင်း၊ ၂၀၀၈ အခြေခံ ဥပဒေကို ဖျက်သိမ်းလိုခြင်း၊ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုကို တည်ထောင်လိုခြင်း၊ ဖမ်းဆီးခံထား ရသည့် နိုင်ငံရေးအကျဉ်းသားများအားလုံးကို လွတ်မြောက်စေလိုခြင်းနှင့် တရားမျှတမှုကို လိုလားခြင်း စသော ပြည်သူ့ဆန္ဒများကို ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်သည်။

သို့သော် အစဉ်တစိုက် အကြမ်းမဖက်ဆန္ဒဖော်ထုတ်သည့် နည်းလမ်းများကိုသာ အသုံးပြု၍ တောင်းဆိုသည့် ပြည်သူများ၏ အသံများကို စစ်ကောင်စီက လျစ်လျူရှု၍ အကြမ်းဖက်ဖိနှိပ်မှုများဖြင့်သာ တုံ့ပြန်ခဲ့သည်။ ပြည်သူများသည် လပေါင်းများစွာအတွင်း အသက်ပေါင်းများစွာကို စတေးခံ၍ ဂုဏ်သိက္ခာကင်းမဲ့သော စစ်ကောင်စီထံ အကြမ်းမဖက်နည်းလမ်းဖြင့် တောင်းဆိုဆန္ဒပြ၍ မဖြစ်နိုင်တော့သည်ကို သတိပြုမိလာကြသည်။ အာဏာသိမ်းဖြစ်စဉ် စတင်ပြီးကာလ တစ်လျှောက်လုံး ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး (အင်္ဂလိပ်အမည်ဖြင့် Karen National Union - KNU) သည် ဒီမိုကရေစီနည်းကျ ဆန္ဒထုတ်ဖော် တောင်းဆိုကြသော ပြည်သူလူထုတစ်ရပ်လုံးနှင့်အတူ ရပ်တည်ကြောင်း ထုတ်ပြန်ချက်များဖြင့်သော်လည်းကောင်း၊ ကြေညာချက်များဖြင့်သော်လည်းကောင်း အတိအလင်း အကြိမ်ကြိမ် ထုတ်ပြန် ကြေညာခဲ့သည်။

ဂုဏ်သိက္ခာဗဟိုပြုသော စည်းဝိုင်းအတွင်းမှ စစ်ကောင်စီကို ချဉ်းကပ်၍ မဖြစ်နိုင်တော့ခြင်းကြောင့် လည်းကောင်း၊ မြန်မာစစ်တပ် ကြီးစိုးသော မြန်မာ့နိုင်ငံရေးကို စွန့်လွှတ်လိုသောကြောင့် လည်းကောင်း၊ တိုင်းရင်းသားတန်းတူအခွင့်အရေးကို အာမခံနိုင်သော ဖက်ဒရယ်ပြည်ထောင်စုကို လိုလားသောကြောင့် လည်းကောင်း၊ တရားမျှတမှုကို တည်ရှိစေလိုသောကြောင့် လည်းကောင်း၊ ပြည်သူလူထု၏ အကြမ်းမဖက်လှုပ်ရှားမှုသည် နိုင်ငံရေးဆိုင်ရာ ဆန္ဒထုတ်ဖော်တောင်းဆိုခြင်းဟူသော အဆင့်မှသည် ထိုနိုင်ငံရေးဆိုင်ရာ ဆန္ဒများကို ကိုယ်တိုင်အကောင်အထည်ဖော် ကြိုးပမ်းမှုဟူသော အဆင့်သို့ ရောက်လာသည်။ နိုင်ငံရေး

ဆိုင်ရာဆန္ဒများကို အကြမ်းဖက်မှုမရှိပဲ ကိုယ်တိုင်အကောင်အထည်ဖော် ကြိုးပမ်းမှုတွင် ပြည်သူ လူထု အလွှာအသီးသီးနှင့် မတူညီသော အစိုးရဌာနများမှ ပြည်သူ့ဝန်ထမ်းများသည် စစ်ကောင်စီ၏ အကြမ်းဖက်ဖိနှိပ်မှုများအကြား အင်တိုက်အားတိုက် ပါဝင်လာကြသည်။

စစ်ကောင်စီသည် အကြမ်းမဖက် လူထုအာခံလှုပ်ရှားမှုများတွင် ပါဝင်သော ပြည်သူလူထုကို အကြောင်းမဲ့ ဖမ်းဆီးခြင်း၊ ထောင်ချခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်းနှင့် နေ့စဉ်ဘဝတွင် စားဝတ်နေရေးနှင့် လုံခြုံရေး ပိုမိုခက်ခဲအောင် နည်းမျိုးစုံဖြင့် ဖိနှိပ်ခြင်း စသည်တို့ကို အစဉ်မပြတ် လုပ်ဆောင်လျက်ရှိသည်။ ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံးသည် နိုင်ငံရေးဆိုင်ရာဆန္ဒများကို အကြမ်းဖက်မှုမရှိပဲ ကိုယ်တိုင် အကောင်အထည်ဖော်ကြိုးပမ်းမှုကို အသိအမှတ်ပြုသောကြောင့် လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုအတွက်လည်းကောင်း မိမိတို့နယ်မြေအတွင်း ဝင်ရောက်နေထိုင်လိုသူများကို လက်ခံထားရှိသည်။ ထိုသူများသည် မိမိတို့၏ နိုင်ငံရေးဆိုင်ရာဆန္ဒများကို ကိုယ်တိုင်အကောင်အထည် ဖော်ကြိုးပမ်းမှုအတွက် အကြမ်းမဖက် လူထုအာခံမှုကို ဆက်လက်ပါဝင်နေကြသောသူများ ဖြစ်သည်။

၂၀၂၁ခုနှစ် အာဏာသိမ်းဖြစ်စဉ်စတင်ပြီး နောက်ပိုင်း ၆ လအကြာ၊ ဩဂုတ်လတွင် နိုင်ငံအတွင်း ပြုပြင်တည်ဆောက်မှုများ ပြန်လည်လုပ်ဆောင်ရန်ဟူသည့် ရည်ရွယ်ချက်ဖြင့် အိမ်စောင့်အစိုးရကို စစ်ကောင်စီမှ စတင်ဖွဲ့စည်းခဲ့သည်။ ထိုကာလတွင် အပြစ်မဲ့ပြည်သူများကို လက်နက်ဖြင့် သတ်ဖြတ်နေသည့် ထိုအိမ်စောင့်အစိုးရ တနည်းအားဖြင့် စစ်ကောင်စီ လက်အောက်ခံ စစ်တပ်များကို လူငယ်မျိုးဆက် အမြောက်အများသည် ခုခံကာကွယ်ရင်း လက်နက်ကိုင်သည့် အခင်းအကျင်းကို မတတ်သာသည့် အဆုံး ရွေးချယ်ကြရသည်။ ထိုအချိန်မှစ၍ စစ်ကောင်စီသည် အကြမ်းမဖက် လူထုအာခံလှုပ်ရှားမှုတွင် ပါဝင်သောသူများကို ပံ့ပိုးကူညီသည့်အတွက် ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံးကို ပိုမိုရန်မူလာပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူညီချက် (NCA)ပါ ကတိကဝတ်များကို ပို၍ ပြောင်ပြောင်တင်းတင်း ချိုးဖောက်လာသည်။

ဤသို့ စစ်ကောင်စီ၏ ဂုဏ်သိက္ခာမဲ့ ပြုမူဆောင်ရွက်ခြင်းများကြောင့် စစ်ကောင်စီ၏ ရန်အမျိုး မျိုးမှ ခုခံကာကွယ်ပိုင်ခွင့်ဟူသည့် နိုင်ငံရေးစေတနာအရင်းခံဖြင့် ကေအဲန်ယူသည် အာဏာသိမ်းမှုစတင်သည့်အချိန်မှစ၍ လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်လာကြသော လူငယ်မျိုးဆက်များကို မိမိကိုယ်ကို ခုခံကာကွယ်ရေးတွင် ပါဝင်လုပ်ဆောင်နိုင်ရန် လမ်းဖွင့်ပေးခဲ့သည်။ ဤသို့ဖြင့် စစ်ကောင်စီမှ တစ်စတစ်စ စစ်ရေးလှုပ်ရှားမှုများ ပိုမိုပြုလုပ်လာပြီး ထိုးစစ်များကိုလည်း အကြိမ်ကြိမ် စတင်ပြုလုပ်လာသည်။ စစ်ကောင်စီသည် စစ်ရေးလှုပ်ရှားမှုနှင့်အတူ လူ့အခွင့်အရေး ချိုးဖောက်မှုများကိုလည်း အစဉ်တစိုက် ပြုလုပ်လာခဲ့သည်။

၁၉၈၈ ခုနှစ် အာဏာသိမ်းသည့်အချိန်မှစ၍ စစ်ခေါင်းဆောင်များသည် ဦးနေဝင်းဦးဆောင်ခဲ့သော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ဖျက်သိမ်းပြီး မြန်မာ့နိုင်ငံရေးတွင် မြန်မာစစ်တပ်က ချုပ်ကိုင်လွှမ်းမိုးနိုင်သော အခင်းအကျင်းကို ပိုမိုခိုင်မာအောင် ပြုလုပ်ခဲ့သည်။ ဦးနေဝင်း၏ အထီးကျန်ဝါဒကို ဖြိုဖျက်၍ မြန်မာစစ်တပ်မှ ၁၉၉၀ ရွေးကောက်ပွဲကဲ့သို့သော စမ်းသပ်မှုများနှင့် အခြားသော ငြိမ်ချမ်းရေး ခေါင်းစဉ်အမည်ခံ မူးယစ်ဆေးဝါး ကုန်သွယ်မှုတိုးပွားလာစေသည့် မူဝါဒများနှင့် အခြားသော ငွေဖြူငွေမဲ ခဝါချခွင့်ပေးသော မူဝါဒများဖြင့် ရှေ့ဆက်ခဲ့သည်။ ဤသို့ဖြင့် နိုင်ငံတကာ၏ စီးပွားရေးဒဏ်ခတ် ပိတ်ဆို့မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ ၎င်း၏ စစ်တပ်အင်အား ပိုမိုတောင့်တင်းရန်၊ နိုင်ငံတကာတွင် တရားဝင် လက်နက်ဝယ်ယူရောင်းချနိုင်ရန်၊ စီးပွားရေး ပိတ်ဆို့မှုများ ပိုမို ဖြေလျှော့လာစေရန်၊ နိုင်ငံတကာ မှ အပြုသဘောပို၍ မြင်လာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် နိုင်ငံတကာ သံတမန်ရေးရာ ပိုမို ကောင်းမွန်အောင်လုပ်ဆောင်ရန် လိုအပ်သည်ကို ၎င်းတို့ သိရှိခဲ့သည်။

ထို့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ ယန္တရားများတွင် အထိုက်အလျောက် စတင်ပါဝင် လာခဲ့သည်။ ၁၉၉၁ ခုနှစ်၊ ဇူလိုင်လ (၁၅) ရက်တွင် ကမ္ဘာ့ကုလသမဂ္ဂ၏ အဓိက လူ့အခွင့်အရေး သဘောတူစာချုပ် (Human Rights Conventions) (၉)ခု အနက် 'ကလေးသူငယ် အခွင့်အရေး သဘောတူစာချုပ်' (Child Rights Conventions – CRC) ကို ပထမဦးဆုံး အတည်ပြုလက်မှတ်ရေးထိုးခဲ့သည်။ ၁၉၉၂ ခုနှစ်၊ ဩဂုတ်လ (၁၂) ရက်နေ့တွင် ဂျနီဗာကွန်ဗင်းရှင်းကို လက်မှတ်ရေးထိုးခဲ့သည်။ ထို့နောက် ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ (၂၂) ရက်နေ့တွင် 'နည်းမျိုးစုံဖြင့် အမျိုးသမီးများအား ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်' (Convention on Elimination of All Forms of Discrimination against Women – CEDAW) ကို လည်းကောင်း၊ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ (၇) ရက်နေ့တွင် 'မသန်စွမ်းသူ အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်' (Con-

vention on the Rights of Persons with Disability - CRPD) အားလည်းကောင်း လက်မှတ်ရေးထိုးခဲ့သည်။ 'နိုင်ငံတကာ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေး သဘောတူစာချုပ်" (International Covenant on Economic, Social and Cultural Rights – ICESCR) ကိုမူ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ (၆) ရက်နေ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီ ဦးဆောင်သည့် အစိုးရလက်ထက်တွင် နောက်ဆုံးလက်မှတ်ရေးထိုးခဲ့သည်။ 'ကလေးသူငယ် အခွင့်အရေး သဘောတူစာချုပ်' (CRC)၏ နောက်ဆက်တွဲစာချုပ် နှစ်ခုကိုလည်း ၂၀၁၂ ခုနှစ်နှင့် ၂၀၁၉ ခုနှစ် တို့တွင် အသီးသီး လက်မှတ်ရေးထိုးခဲ့သည်။ ဤသို့ လက်မှတ်ရေးထိုးခြင်းဖြင့် မြန်မာနိုင်ငံ၏ စစ်အစိုးရဖြစ်စေ၊ ရွေးကောက်ပွဲအနိုင်ရအစိုးရဖြစ်စေ ထိုသဘောတူစာချုပ်များတွင် ပါရှိသော ကတိကဝတ်နှင့် စည်းမျည်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ကာ အကောင်အထည်ဖော်ရမည့် တာဝန်နှင့် ဝတ္တရား ရှိသည်။ သို့သော် အာဏာသိမ်းဖြစ်စဉ် စတင်ပြီး ကာလတွင် စစ်ကောင်စီအနေနှင့် ယခင်စစ်အစိုးရနှင့် NLD အစိုးရမှ လက်မှတ်ရေးထိုးခဲ့သော သဘောတူစာချုပ်ပါ ကတိကဝတ်များကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်နေကြသည်။

စစ်ကောင်စီအပါအဝင် ခေတ်အဆက်ဆက် စစ်အစိုးရများသည် မည်သည့်အခါမျှ စစ်မှန်သော ငြိမ်းချမ်းရေးအတွက် စေတနာမထားရှိပါ။ မတရားသော နည်းလမ်းများဖြင့်သာ ၎င်းတို့၏ အဖွဲ့အစည်း အာဏာ တည်တံ့နိုင်ရေးအတွက် သန်းပေါင်း များစွာသော ပြည်သူများ၏ဘဝကို မြေစာပင်သဖွယ် ချနင်းလေ့ရှိသည်။ ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုစတင်ပြီးနောက်ပိုင်း လက်နက်ကိုင်ခုခံတွန်းလှန်မှု ပြင်းထန်လာသည်နှင့်အမျှ စစ်ကောင်စီသည် ကေအဲန်ယူအပါအဝင် အခြားသော တိုင်းရင်းသား တော်လှန်ရေးအင်အားစုများကို ၎င်းတို့၏ ငြိမ်းချမ်းရေးစကားဝိုင်းသို့ ကမ်းလှမ်းဖိတ်ခေါ်မှုများ ရှိခဲ့သည်။ အင်မတန် အကျည်းတန်သော စစ်ကောင်စီ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူ စာချုပ်ပါ ကတိကဝတ် ပျက်ကွက်မှုများကို လေ့လာကြည့်ခြင်းအားဖြင့် ၎င်း၏ ငြိမ်းချမ်းရေးအတုအယောင်လုပ်ငန်းကို တွေ့မြင် နိုင်သည်။

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၃၀) ရက် နေ့စဉ် ထုတ် မှတ်တမ်းအချက်အလက်အရ အာဏာသိမ်းပြီးနောက်ပိုင်း စစ်ကောင်စီမှ ပြည်နယ်နှင့် တိုင်းအသီးသီးမှ ပြည်သူ (၂,၆၉၉ )ဦးကို နည်းအမျိုးမျိုးဖြင့် သတ်ဖြတ်ခဲ့ပြီး၊ (၁၆,၇၀၄) ဦးသော ပြည်သူများအား မတရားဖမ်းဆီးချုပ်နှောင်မှုများ ပြုလုပ်ခဲ့သည်။ စစ်ကောင်စီ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများထဲတွင် (၂၇၄) ဦးသော ကလေးငယ်များအား အကြောင်းမဲ့ သတ်ဖြတ်ခြင်း ပါဝင်သည်။ ထို့နောက် ကလေးသူငယ်ပေါင်း (၄၈၂ )ဦးက ဖမ်းဆီးချုပ်နှောင်ခြင်း ခံခဲ့ရသည်။


စစ်ကောင်စီ၏ လူ့အခွင့်အရေးချိုးဖောက်မှုများဖြစ်သော ရက်စက်စွာသတ်ဖြတ်မှု၊ ညှင်းပန်းနှိပ်စက်မှုနှင့် မတရား ဖမ်းဆီးမှုများသည် နည်းအမျိုးမျိုးဖြင့် နေ့စဉ်ရက်ဆက် ဖြစ်ပွားလျက်ရှိသည်။ အာဏာသိမ်းဖြစ်စဉ် မတိုင်ခင်အချိန်ကပင် မြန်မာနိုင်ငံ အရှေ့တောင်ဒေသ၊ အထူးသဖြင့် ကရင်ပြည်နယ် မြောက်ဘက်ပိုင်း၊ မူတြော် (ဖာပွန်) ဒေသများတွင် တပ်မတော် နှင့် ကေအဲန်ယူတို့အကြား တိုက်ပွဲများ ဆက်တိုက် ဖြစ်ပွားနေခဲ့သည်။ အထူးသဖြင့် ကရင်ပြည်နယ် မြောက်ဘက်ပိုင်း၊ မူတြော် (ဖာပွန်) ခရိုင် နှင့် ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး အုပ်ချုပ်ရာ ခရိုင် (၇) ခုအတွင်း ဌာနေတိုင်းရင်းသား လူမျိုးများ အပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများတွင် ကလေးသူငယ်များ၊ မသန်စွမ်းများ၊ အမျိုးသမီးများနှင့် အမျိုးသားများအပေါ် လေယာဉ်ဖြင့် ပစ်ခတ်ခြင်း၊ လက်နက်ကြီးများဖြင့် ပတ်ခတ်ခြင်း၊ ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ လူသားဒိုင်းသဖွယ် အသုံးပြု စေခိုင်းခြင်း၊ ပေါ်တာဆွဲခြင်း (အတင်းအဓမ္မ စေခိုင်းခြင်း)နှင့် ကျေးရွာများအတွင်း လုယက်ခြင်း၊ ဖျက်ဆီးခြင်း၊ မီးရှို့ခြင်း အစရှိ သော လူ့အခွင့်အရေး ချိုးဖောက်မှုအမျိုးမျိုး ကျူးလွန်မှုများ နေ့စဉ် ဖြစ်ပွားလျက်ရှိသည်။ မြန်မာစစ်တပ်၏ အာဏာသိမ်းဖြစ်စဉ် စတင်သည့် အချိန်မှစ၍ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလထိ ကောက်ယူထားသော အချက်အလက်မှတ်တမ်းများအရ မြန်မာစစ်တပ်က ကျူးလွန်ခဲ့သော ဖြစ်စဉ်စုစုပေါင်း (၁၉) မျိုးဖြစ်ပွားခဲ့ပြီး၊ ဖြစ်စဉ်အကြိမ်ရေ (၁,၄၉၃) ကြိမ်ဖြစ်ပွားခဲ့သည်။ (ဖြစ်စဉ် အမျိုးအစား များသည် လတ်တလော သတ်မှတ်ချက်သာဖြစ်ပြီး အချက်အလက်များ ကြောင်းကျိုးဆက်စပ်မှုနှင့် အုပ်စုဖွဲ့နိုင်မှု အပေါ်တွင်သာ အခြေခံထားသည်။)

| စဉ် | ဖြစ်စဉ်အမျိုးအစားများ (၂၀၂၁ခုနှစ် ဖေဖော်ဝါရီလ ၁ရက်နေ့မှ ၂၀၂၂ခုနှစ် ဒီဇင်ဘာလ ၃၁ရက်နေ့အထိ) | ကြိမ်ရေ |
|---|---|---|
| ၁။ | ပြည်သူလူထုများအား ခြိမ်းခြောက်ခြင်း (ဘုန်းကြီးကျောင်း/ကျေးရွာများတွင်တပ်စခန်းချခြင်း၊ ကျေးရွာတွင်းလှုပ်ရှားမှုပြုလုပ်ခြင်း၊ ဂိတ်စခန်းများတိုးချဲ့ခြင်း၊ လူထုအားစစ်ဆေးခြင်း၊ ပစ်ခတ်ဖြိုခွဲခြင်း၊ အတင်းအဓမ္မရွှေ့ပြောင်းခိုင်းခြင်းနှင့် စစ်သားအတင်းလုပ်ခိုင်းခြင်း) | ၆၉ |
| ၂။ | ပြည်သူပိုင်ငွေကြေး/ပစ္စည်းများအား တောင်းခံခြင်း၊ ခိုးယူခြင်း၊ အတင်းအဓမ္မသိမ်းယူခြင်း၊ တန်ဖိုးဖြတ်ခြင်း | ၂၆ |
| ၃။ | ပြည်သူများအား ညှဉ်းပမ်းနှိပ်စက်ခြင်း | ၁၄ |
| ၄။ | ပြည်သူပိုင် တိရစ္ဆာန်များအား ပစ်ခတ် ဖမ်းဆီး စားသုံးခြင်း | ၉ |
| ၅။ | ပြည်သူနေအိမ်များအား ဖျက်ဆီးခြင်း | ၆ |
| ၆။ | ပြည်သူနေအိမ်များအား မွှေနှောက်ပြီး လိုချင်သည်များကို ယူဆောင်သွားခြင်း | ၂၈ |
| ၇။ | ပြည်သူနေအိမ်များအား မီးရှို့ခြင်း | ၄၉ |
| ၈။ | ပြည်သူပိုင် ပစ္စည်းဥစ္စာများအား အတင်းအဓမ္မသယ်ဆောင်ခြင်း | ၄၄ |
| ၉။ | ပြည်သူများအား ပေါ်တာဆွဲခြင်း | ၁၃ |
| ၁၀။ | ပြည်သူများအား ဖမ်းဆီးခြင်း | ၈၀ |
| ၁၁။ | ပြည်သူများအား ဖမ်းဆီးငွေတောင်းခံခြင်း | ၇ |
| ၁၂။ | ပြည်သူများအား ဖမ်းဆီးသတ်ဖြတ် | ၄ |
| ၁၃။ | ရွာသားများအသုံးပြုသောလမ်းတွင် မိုင်းထောင်ခြင်း | ၁၉ |
| ၁၄။ | ရွာသားများအား အကြောင်းမဲ့ သေနတ်ဖြင့်ပစ်ခတ်ခြင်း | ၄၄ |
| ၁၅။ | ပြည်သူများအား လက်နက်ကြီးပစ်ခတ်ခြင်း | ၇၅၈ |
| ၁၆။ | ပြည်သူများအား လက်နက်ငယ်ပစ်ခတ်ခြင်း | ၃၄ |
| ၁၇။ | ပြည်သူများအား လူသားဒိုင်းအဖြစ် ဖမ်းဆီးခေါ်ဆောင်ခြင်း | ၆ |
| ၁၈။ | ပြည်သူများအား လေယာဉ်ဖြင့် ပစ်ခတ်ခြင်း | ၂၃၀ |
| ၁၉။ | ပြည်သူများအား အတင်းအဓမ္မ ခိုင်းစေခြင်း | ၅၃ |
| | စုစုပေါင်း(ကြိမ်ရေ) | ၁,၄၉၃ |

ဇယား(၁)


ဤအစီရင်ခံစာသည် မြန်မာစစ်တပ်၏ အာဏာသိမ်းမှုစတင်သည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့ မှစ၍ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ(၃၁)ရက်နေ့အထိ ပြည်သူများကို စစ်ရေးပစ်မှတ်အဖြစ် ရန်သူသဖွယ် ကျူးလွန်သည့် လေကြောင်းတိုက်ခိုက်ခြင်း၊ လက်နက်ကြီး/ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ အတင်းအဓမ္မဖမ်းဆီးခြင်း၊ ညှဉ်းပမ်းနှိပ်စက်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ ပစ္စည်းဥစ္စာများ မတရားသိမ်းဆည်းခြင်းနှင့် ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ လူသားဒိုင်းအဖြစ် အသုံးပြုခြင်း၊ ပေါ်တာဖမ်းခြင်း အစရှိသော ရာဇဝတ်မှုများကို ကေအဲန်ယူ လူ့အခွင့်အရေးကော်မတီက မှတ်တမ်းတင် စာရင်းပြုစုထားသည်ကို ဖော်ပြထားသည်။

**၂၀၂၁-၂၀၂၂ ခုနှစ်အတွင်း စစ်ကောင်စီ၏ လူ့အခွင့်အရေး ကျူးလွန်မှုများကြောင့် ဆုံးရှုံးမှုများ**




ဇယား(၂)

**၂၀၂၁-၂၀၂၂ ခုနှစ်အတွင်း စစ်ကောင်စီ၏ လူ့အခွင့်အရေး ကျူးလွန်မှုများကြောင့် သေဆုံးမှု၊ ထိခိုက်မှု၊ ဖမ်းဆီးခံရမှုနှင့် အိုးအိမ်ပျက်စီးမှုများ**




ဇယား(၃)

မြန်မာစစ်တပ် တဖြစ်လဲ စစ်ကောင်စီ၏ နည်းအမျိုးမျိုးဖြင့် လူ့အခွင့်အရေးချိုးဖောက်ခံခဲ့ရမှုကြောင့် ကျေးရွာနေပြည်သူ (၁၉၂) ဦး သေဆုံးခဲ့ပြီး၊ (၄၈၅) ဦးသောပြည်သူများ ထိခိုက်ဒဏ်ရာရခဲ့သည်။ စစ်ကောင်စီက ပြည်သူများကို ပေါ်တာဆွဲခြင်း၊ လူသားဒိုင်းအဖြစ် အသုံးပြု၍ ဖမ်းဆီးခြင်း၊ အကြောင်းမဲ့ ဖမ်းဆီးခဲ့ခြင်းတို့ကြောင့် ကျေးရွာနေ ပြည်သူပေါင်း (၁,၃၀၁) ဦးဖမ်းဆီးခံခဲ့ရပြီး၊ ထို့သို့ ဖမ်းဆီးပြီးနောက် ယခုအချိန်အထိ လွတ်မြောက်မှု မရှိသော ပြည်သူများနှင့် သတင်းအစအနပင် မကြားရသေးသော ကျေးရွာနေပြည်သူ အမြောက်အများ ရှိနေသေးသည်။ အလားတူ စစ်ကောင်စီမှ လက်နက်ကြီး/ငယ် များဖြင့် ပစ်ခတ်မှု၊ ဝေဟင်မှ လေယာဉ်ဖြင့် ပစ်ခတ်မှုကြောင့် အဆောက်အအုံ (၂၀)လုံး၊ ဆေးရုံ (၆) လုံး၊ စာသင်ကျောင်း (၁၃) ကျောင်း၊ ဘုန်းကြီးကျောင်းနှင့် သီလရှင်ကျောင်း (၈) ကျောင်းနှင့် ဘုရားကျောင်း (၆) ကျောင်း ပျက်စီးခဲ့ရသည်။ အထူးသဖြင့် စစ်ကောင်စီမှ ကျေးရွာနေပြည်သူများ၏ အိုးအိမ်များအား မီးရှို့ဖျက်ဆီးခြင်းနှင့် အကြောင်းမဲ့ မွှေနှောက်ဖျက်ဆီးပြီး ပစ္စည်းများ အတင်းအဓမ္မ ယူဆောင်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ခြင်း တို့ကြောင့် လူနေအိမ်စုစုပေါင်း (၈၈၂)လုံး ပျက်စီးခဲ့ရသည်။

စစ်ကောင်စီသည် ၎င်းတို့ အုပ်ချုပ်ရာ နေရာဒေသများရှိ ပြည်သူများကို ဖမ်းဆီး၊ ထောင်ချ ခြင်းများ၊ စစ်ကြောရေးတွင် နှိပ်စက်ခြင်းများ၊ တရားစွဲ၍ တရားရုံးတင်ခြင်းများ စသည်တို့ကို လုပ်ဆောင်သည်။ သို့သော် ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး အုပ်ချုပ်ရာဒေသများတွင် ၎င်းတို့၏ အုပ်ချုပ်ရေးဧရိယာပြင်ပကဲ့သို့ ဖြစ်နေသည့်အတွက် ပို၍ကျင့်ဝတ်ကင်းမဲ့ကာ တရားဥပဒေမဲ့ စစ်ရာဇဝတ်မှုများကို ကျူးလွန်ကြသည်။ ဤအစီရင်ခံစာတွင် စစ်ကောင်စီ၏ အရပ်သားပြည်သူလူထုအပေါ် မည်သို့မည်ပုံ လူ့အခွင့်အရေးကျူးလွန်နေကြသည်ကို ကေအဲန်ယူ လူ့အခွင့်အရေးကော်မတီအနေဖြင့် မှတ်တမ်းတင် ပြုစုရေးသားထားသည်။

မတရားအာဏာသိမ်းပြီး ပြည်သူလူထုတို့က ပေးအပ်သော တရားဝင်မှုနှင့် ထောက်ခံအားပေးမှု မရှိသည့်အပြင် ၎င်းတို့ကိုယ်တိုင် လက်မှတ်ရေးထိုးထားသော နိုင်ငံတကာ လူ့အခွင့်အရေး သဘောတူ စာချုပ်များပါ ကတိကဝတ်များနှင့် ငြိမ်းချမ်းရေးအတွက် နိုင်ငံတကာရှေ့မှောက်တွင် လက်မှတ်ရေးထိုး ထားသည့် နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူ စာချုပ်ပါ ကတိကဝတ်များကို လိုက်နာ အကောင်အထည်ဖော်မှုမရှိပဲ အကြိမ်ကြိမ် ချိုးဖောက်နေသည့် စစ်ကောင်စီသည် မြန်မာနိုင်ငံ၏ အစိုးရတစ်ရပ်ကဲ့သို့ မိမိကိုယ်ကို ပုံဖော်နေသည်မှာ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် လေးလေး နက်နက် စဉ်းစားသင့်သော အချက်ဖြစ်သည်။

ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး၏ ကော်သူးလေ အုပ်ချုပ်ရေးနယ်မြေ အတွင်းတွင် တိုက်ပွဲများ နေ့စဉ်ရက်ဆက် ဖြစ်ပွားလျက်ရှိသောကြောင့် ပြည်သူလုထု (၃၆၅,၁၈၇) ဦးမှာ စစ်ဘေး လွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေကြရပြီး အရေးပေါ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လိုအပ်လျက်ရှိသည်။ စစ်ကောင်စီတပ်များ၏ စစ်ရေးချိုးဖောက်မှုများနှင့် ပြည်သူလူထု အပေါ် ရည်ရွယ်ချက်ရှိရှိ လက်နက်ကြီး/ငယ်များဖြင့် ပစ်မှတ်ထား ပစ်ခတ်ခြင်း၊ အကြောင်းမဲ့ အိုးအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ အကြောင်းမဲ့ ဖမ်းဆီးသတ်ဖြတ် ညှဉ်းပန်းခြင်းနှင့် လူသားဒိုင်းအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခြင်း စသည့် လူမဆန်သော လုပ်ရပ်များကြောင့် ကျေးရွာနေပြည်သူများသည် ၎င်းတို့၏ ကျေးရွာရှိနေအိမ်များတွင် နေထိုင်ရန် လုံခြုံမှုမရှိတော့သဖြင့် (အထူးသဖြင့် ကေအဲန်ယူ နှင့် အလှမ်းဝေးသော အခြေအနေတွင်) ယာတဲတဲများ၊ တောထဲတောင်ထဲနှင့် ဆွေမျိုးများရှိရာ နေရာများသို့ ရရာနေရာများတွင် သွားရောက်ခိုလှုံနေထိုင်ကြရသည်။

အာဏာသိမ်း အကြမ်းဖက်စစ်အုပ်စုဖြစ်သည့် စစ်ကောင်စီတပ်များနှင့် လက်အောက်ခံ နယ်ခြား စောင့်တပ် (BGF) တပ်များမှ နေ့စဉ်နေ့တိုင်း လေယာဉ်များဖြင့် ပစ်ခတ်မှုများ၊ လက်နက်ကြီး/ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်မှုများ၊ စစ်ရေးလှုပ်ရှားမှုများ၊ အိုးအိမ်များကို ရည်ရွယ်ချက်ရှိရှိ မီးရှို့ဖျက်ဆီးမှုများ၊ အကြောင်းမဲ့ ဖမ်းဆီးသတ်ဖြတ်မှုများနှင့် စစ်ရေးအတွက် ရွာသားများကို ပေါ်တာ/လူသားဒိုင်းအဖြစ် အသုံးပြုမှုများစသည့် ရက်စက်ကြမ်းကြုတ်သည့် လုပ်ရပ်များကြောင့် သိန်းပေါင်းများစွာသော ကျေးရွာနေပြည်သူများအား နေရပ်စွန့်ခွာသူများအဖြစ် တွန်းပို့နေသည်။

| နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ရသူများ (၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ မှ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ အထိ) | | | |
|---|---|---|---|
| စဉ် | မြို့နယ် | ခရိုင် | လူဦးရေ |
| ၁။ | ကျိုက်ထို | ဒူးသထူ (သထုံခရိုင်) | ၂၄,၉၆၅ |
| ၂။ | ဘီးလင်း | ဒူးသထူ (သထုံခရိုင်) | ၇,၇၉၀ |
| ၃။ | ဒူးသထူ (သထုံ) | ဒူးသထူ (သထုံခရိုင်) | ၆,၈၄၁ |
| ၄။ | ဖားအံ (ဘားအံ) | ဒူးသထူ (သထုံခရိုင်) | ၃၅,၁၀၉ |
| ၅။ | ဒေါ်ဖားခို | တောအူး (တောင်ငူခရိုင်) | ၁၀,၀၀၀ |
| ၆။ | လယ်ဒို (ကျောက်ကြီး) | ခလယ်လွိုထူ (ညောင်လေးပင်ခရိုင်) | ၄၄,၄၄၁ |
| ၇။ | မူး (မုန်း) | ခလယ်လွိုထူ (ညောင်လေးပင်ခရိုင်) | ၁၂,၄၅၃ |
| ၈။ | ဆောထိ (ရွှေကျင်) | ခလယ်လွိုထူ (ညောင်လေးပင်ခရိုင်) | ၈,၀၉၂ |
| ၉။ | တနော့သရီ (တနင်္သာရီ) | ဘိတ် (မြိတ်)-ထားဝယ် ခရိုင် | ၂,၆၄၈ |
| ၁၀။ | လယ်ကဆော | ဘိတ် (မြိတ်)-ထားဝယ် ခရိုင် | ၁,၀၅၄ |
| ၁၁။ | လယ်မူလား | ဘိတ် (မြိတ်)-ထားဝယ် ခရိုင် | ၆,၁၅၄ |
| ၁၂။ | ကစယ်ဒို | ဘိတ် (မြိတ်)-ထားဝယ် ခရိုင် | ၁,၉၆၃ |
| ၁၃။ | ဒွဲလို | မူတြော် (ဖာပွန်ခရိုင်) | ၄၅,၀၈၀ |
| ၁၄။ | ဘူးသို | မူတြော် (ဖာပွန်ခရိုင်) | ၅၁,၀၈၇ |
| ၁၅။ | လူသော | မူတြော် (ဖာပွန်ခရိုင်) | ၂,၀၆၇ |
| ၁၆။ | ကော့ကရိတ် | ဒူးပလာယာ | ၆၂,၉၆၈ |
| ၁၇။ | ကျုံဒိုး | ဒူးပလာယာ | ၂,၈၉၈ |
| ၁၈။ | ဝင်းရေး | ဒူးပလာယာ | ၁၅,၅၂၀ |
| ၁၉။ | နို့တကော | ဒူးပလာယာ | ၁၅,၄၅၇ |
| ၂၀။ | လှိုင်းဘွဲ | ဖားအံ (ဘားအံ ခရိုင်) | ၈,၆၀၀ |
| စုစုပေါင်း လူဦးရေ | | | ၃၆၅,၁၈၇ |

ဇယား(၄)

## မှတ်တမ်းပြုလုပ်ခဲ့သည့် နည်းနာများ

တိုတောင်းလွန်းသည့် အရည်အသွေးပြ သုတေသနအချက်အလက်များ စုဆောင်းမှု ကာလအတွင်းမှာပင် စစ်တပ်၏ အကြမ်းဖက်မှု ပုံသဏ္ဍာန်မျိုးစုံမှာ ဆက်တိုက်ဖြစ်ပွားကြောင်း မှတ်တမ်းတင်ပြုစု ဖော်ပြနိုင်ခဲ့သည်။ မြန်မာစစ်တပ်မှ အာဏာရယူရန် ကြိုးပမ်းသည့် နှစ်နှစ်နီးပါး ကာလအတွင်း အကြိမ်ကြိမ် ကျူးလွန်လျက်ရှိသော လူ့အခွင့်အရေးချိုးဖောက်မှု အဖြစ်အပျက်များကို မှတ်တမ်းယူထားခြင်းဖြင့် ဤအစီရင်ခံစာထဲတွင် ရေးသားဖော်ပြထားသော တွေ့ရှိချက်များသည် ကေအဲန်ယူအုပ်ချုပ်သောဒေသအတွင်းရှိ ပြည်သူလူထု၏အတွေ့အကြုံ၊ အမြင်သဘောထားနှင့် ကေအဲန်ယူခေါင်းဆောင်များ၏ လူထုဘေးကင်းလုံခြုံရေးအတွက် ကြိုးပမ်းအားထုတ်မှုများအကြောင်း မြင်တွေ့စေရန်ဖြစ်သည်။ ဤမှတ်တမ်းအစီရင်ခံစာသည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလအထိ မြန်မာစစ်တပ် တဖြစ်လဲ စစ်ကောင်စီနှင့် ၎င်း၏အမိန့်အောက်လှုပ်ရှားသော လက်နက်ကိုင်အဖွဲ့များ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများဖြစ်သော လေယာဉ်ဖြင့် တိုက်ခိုက်မှုများ၊ လက်နက်ကြီးဖြင့် တိုက်ခိုက်မှုများ၊ ညှင်းပန်းနှိပ်စက်မှုများ၊ အကြောင်းမဲ့သတ်ဖြတ်မှုများ၊ ပြည်သူ့အိုးအိမ်ပစ္စည်းများကို ခိုးယူမှုများနှင့် မီးရှို့ဖျက်ဆီးမှုများ စသည့် ချိုးဖောက်မှုများကို မှတ်တမ်းတင်ရေးသားထားသော လူ့အခွင့်အရေးအစီရင်ခံစာ ဖြစ်သည်။ ကေအဲန်ယူအုပ်ချုပ်မှုအောက်ရှိ ခရိုင်(၇)ခု ဖြစ်သည့် ဒူးသထူ (သထုံ) ခရိုင်၊ တောအူး (တောင်ငူ) ခရိုင်၊ ခလယ်လွီထူ (ညောင်လေးပင်) ခရိုင်၊ ဘိတ် (မြိတ်)-ထားဝယ် ခရိုင်၊ မူတြော် (ဖာပွန်) ခရိုင်၊ ဒူးပလာယာခရိုင်နှင့် ဖားအံ (ဘားအံ) ခရိုင် စသည့် ခရိုင်များမှ ပြည်သူလူထုများ၏ နေ့စဉ်ကြုံတွေ့နေရသော လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ပြုစုရေးသားထားသည်။ ဤအစီရင်ခံစာ၏ ပထဝီလွှမ်းခြုံမှုသည် ကေအဲန်ယူ၏ နိုင်ငံရေးနှင့် အုပ်ချုပ်ရေးလွှမ်းမိုးမှုရှိသည့် ကော်သူးလေဒေသသာ အဓိကဖြစ်ပြီး အင်တာဗျူးဖြေကြားခဲ့ကြသူများ အားလုံးနီးပါးသည် ကော်သူးလေ ခရိုင် (၇) ခုတွင် လက်ရှိကာလအတွင်း နေထိုင်သူများ သို့မဟုတ် ရောက်ရှိနေသူများဖြစ်ကြသည်။

ဤအစီရင်ခံစာတွင် အရေအတွက်ဆိုင်ရာ သုတေသနအချက်အလက်များနှင့် အရည်အသွေးဆိုင်ရာ သုတေသနအချက်အလက်များ နှစ်မျိုးလုံးကို အသုံးပြုထားသည်။ အရေအတွက်ဆိုင်ရာ သုတေသန အချက်အလက်များကို ကေအဲန်ယူမှ မှတ်တမ်းပြုစုထားသော ကြေးနန်း (၁,၄၉၃) စောင်နှင့် သတင်းနှင့် ပြန်ကြားရေးမှ ပြုစုထားသော ကိန်းဂဏန်းဆိုင်ရာ အချက်အလက်များကို အဓိကအခြေခံထားပါသည်။ အရေအတွက်ပြ သုတေသနအချက်အလက်များကို ကြေးနန်းများမှ အခြေခံသော်လည်း သက်သေအချက်အလက်ခိုင်လုံသော ပြည်သူများ၏ ထိခိုက်နစ်နာမှုများကိုသာ ရွေးထုတ်ဖော်ပြထားသည်။ အရည်အသွေးဆိုင်ရာ သုတေသန အချက်အလက်များကိုမူ ဤသုတေသနအစီရင်ခံစာတွင် ပါဝင်မည့် ပြည်သူတစ်ဦးချင်းကို လူတွေ့မေးမြန်ခြင်းနှင့် အုပ်စုဖွဲ့ဆွေးနွေးခြင်းကို လုပ်ဆောင်ခဲ့သည်။ ဤအစီရင်ခံစာတွင် အသုံးပြုသည့် အရေအတွက်ဆိုင်ရာ သုတေသနအချက်အလက်များနှင့် အရည်အသွေးဆိုင်ရာ သုတေသနအချက်အလက်များသည် အရပ်သားပြည်သူလူထုများအပေါ် မြန်မာစစ်တပ်(စစ်ကောင်စီ)၏ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုကိုသာ အဓိကရည်ညွှန်းသည်။ အရပ်သားပြည်သူလူထုဆိုသည်မှာ စစ်ရေးစစ်ရာတွင် မည်သည့်ပုံစံမျိုးနှင့်မှ မိမိတို့၏ဆန္ဒအလျောက် ပါဝင်လုပ်ဆောင်ခြင်း မရှိသောသူများကို ဆိုလိုသည်။ ထိုသူများသည် စစ်ရေးပစ်မှတ် သို့မဟုတ် အသုံးချခံများမဟုတ်ပဲ ၎င်းတို့၏ အခွင့်အရေးကို ကာကွယ်မှုနှင့် ရယူမှုအပြည့်အဝ ခံစားထိုက်သူများဖြစ်သည်။

ထို့ပြင် အရည်အသွေးပြ သုတေသနအချက်အလက်များအတွက် ကေအဲန်ယူအုပ်ချုပ်ရာ ဒေသအတွင်းရှိ အရပ်သားပြည်သူ (၅၈)ဦးကို လူတွေ့မေးမြန်းခြင်းပြုလုပ်ခဲ့သည်။ အခွင့်အရေးချိုးဖောက် ခံရသော ပြည်သူလူထု၏ အတွေ့အကြုံများ၊ အမြင်သဘောထားများနှင့်ပတ်သက်ပြီး ပါဝင်ဖြေကြားသူ ၅၈ ဦး (ကျား- ၃၅၊ မ-၂၃)ရှိခဲ့သည်။ ပါဝင်ဖြေကြားသူတစ်ဦးချင်းစီ၏ အတွေ့အကြုံများနှင့် အမြင်သဘောထားများကို အလေးထား ကောက်ယူခဲ့ပြီး တွေ့ရှိချက်များအား သုံးသပ်ချက်များနှင့်အတူ ဖြစ်ရပ်များကိုပါ တင်ပြထားသည်။ ထို့အပြင် ရရှိထားသော သတင်းအချက်အလက်များကို လူတွေ့မေးမြန်းခြင်းများတွင် ပါဝင်ဖြေဆိုပေးသော လူပုဂ္ဂိုလ်များနှင့် ပြန်လည်အတည်ပြု မေးမြန်းခြင်းများကိုလည်း ပြုလုပ်ခဲ့သည်။

အင်တာဗျူးဖြေဆိုသူများတွင် လေယာဉ်တိုက်ခိုက်မှု၊ လက်နက်ကြီးဖြင့်တိုက်ခိုက်မှု၊ လူသားဒိုင်း အဖြစ် ဖမ်းဆီးမှု၊ ပေါ်တာဆွဲမှု၊ အိုးအိမ်မီးရှို့ဖျက်ဆီးမှု၊ အိုးအိမ်တွင်းဝင်ရောက်ဖျက်စီးမှု ခိုးယူမှု အစရှိသည့် အကြမ်းဖက်မှုပုံစံအမျိုးမျိုးကို ကြုံတွေ့

ခံစားခဲ့ရသောသူများ၊ ၎င်းတို့နှင့်ဆက်စပ် ပတ်သက်သော မိသားစုဝင်များ၊ ပြည်သူများ၏ လုံခြုံရေးဝန်ဆောင်မှုပေးနေသော ခေါင်းဆောင်များ၊ ကေအဲန်ယူ – ကရင်အမျိုးသားအစည်းအရုံးတွင် တာဝန်ထမ်းဆောင်နေသော ခေါင်းဆောင်များ၊ ကေအဲန်ယူမှ ဖမ်းမိထားသည့် စစ်သုံ့ပန်းများနှင့် ကေအဲန်ယူထံသို့ ဝင်ရောက်လာသော စစ်ဘက် စီဒီအမ်များ စုစုပေါင်း (၅) ဦး ပါဝင်သည်။ အင်တာဗျူးဖြေကြားခဲ့ကြသူများသည် ကော်သူးလေ ခရိုင်(၇)ခုဖြစ်သည့် ဒူးသထူ၊ တောအူး၊ ခလယ်လွိထူ၊ မြိတ်-ထားဝယ်၊ မူတြော်၊ ဒူးပလာယာနှင့် ဖားအံခရိုင်များတွင် နေထိုင်၊ ရောက်ရှိသူများ ဖြစ်ကြပြီး KNU Transitional Justice Team က မေးမြန်းမှုကို ပြုလုပ်ပေးခဲ့ကြသည်။ ထိုသူများကို ဤသုတေသန အစီရင်ခံစာအတွက် အင်တာဗျူးမေးမြန်းရာ၌ ၎င်းတို့၏ သဘောတူညီမှုကို ပထမဦးစွာရယူ၍ ၎င်းတို့၏ သဘောဆန္ဒအလျောက် ပါဝင်ဖြေဆိုလိုလျှင် ပါဝင်နိုင်ပြီး ပါဝင်ဖြေဆိုလိုသည့် ဆန္ဒမရှိပါက ငြင်းဆိုခွင့်ရှိသည်ကိုလည်း ကြိုတင် အကြောင်းကြား အသိပေးထားသည်။ ထို့ကြောင့် ဤသုတေသနအစီရင်ခံစာတွင် ပါဝင်ဖြေကြားသူများသည် မိမိတို့၏ သဘောဆန္ဒအလျောက် သဘောတူညီမှုဖြင့် ပါဝင်လာကြသူများဖြစ်သည်။

အစီရင်ခံစာတွင် ပါဝင်သူများနှင့် ဆွေးနွေးပြောဆိုချက်များကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ လဆန်းပိုင်းမှ နိုဝင်ဘာလ လယ်အတွင်း မေးမြန်းစုဆောင်းခဲ့သည်။ ဤအစီရင်ခံစာသည် အရေအတွက်ပြအချက်အလက်များကို သာမက အရည်အသွေးပြအချက်အလက်များကိုပါ အလေးထားကာ အကြမ်းဖက်ခံရသူများ၊ ပြည်သူလူထုကို ဝန်ဆောင်မှုပေးနေသော ခေါင်းဆောင်များနှင့် အသေးစိတ်တွေ့ဆုံမေးမြန်းခြင်း၊ ဆွေးနွေးခြင်းများ လုပ်ဆောင်ခဲ့သည်။ အချို့ခရိုင်ဒေသများတွင် စစ်ရေးဒဏ်ပြင်းထန်စွာခံစားနေရသည့် ကာလဖြစ်သည့်အတွက် အချက်အလက်ကောက်ယူသူများသည် ဒေသအသီးသီးရှိ စစ်ကောင်စီ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို ကိုယ်တိုင်တွေ့ကြုံခံစားခဲ့ရသော တစ်ဦးချင်းအတွေ့အကြုံနှင့် အဖွဲ့လိုက်အတွေ့အကြုံများ၊ ခေါင်းဆောင်များအနေဖြင့် ကြိုးစားဆောင်ရွက်ပုံတို့ကို မေးမြန်းရယူနိုင်ခဲ့ပါသည်။ တွေ့ဆုံမေးမြန်းသည့် ကာလအတွင်းတွင် အချက်အလက် ကောက်ခံသူများသည် ဖြေဆိုသူများ၏ ခွင့်ပြုချက်ကိုရယူ၍ အသံဖမ်းစက်ကို အသုံးပြုခဲ့သည်။ ကရင်ဘာသာစကားဖြင့် ဖြေကြားသံများအား ဗမာဘာသာစကား သို့ ဘာသာပြန်ဆိုရေးသားထားသည်။ ထို့နောက် ဤအစီရင်ခံစာကို သုံးသပ်ရေးသားမည့် တတ်သိပညာရှင်များက မိမိတို့ကဏ္ဍအလျောက် ပြုစုရေးသားကြသည်။

ကြေးနန်းလက်ခံရရှိခြင်းအပြင် တစ်ဦးချင်းလူတွေ့မေးမြန်းခြင်းနှင့် အဖွဲ့လိုက်မေးမြန်းခြင်းများမှ အချက်အလက်ကောက်ခံရယူသည့်အခါ ဒစ်ဂျစ်တယ်လုံခြုံရေးနှင့် အချက်အလက်ဘေးကင်းရေး အလေ့အထများကို စဉ်ဆက်မပြတ် ဂရုပြုခဲ့ကြသည်။ အချက်အလက်ကောက်ယူသည့်အဖွဲ့များအား လုပ်ငန်းစဉ် မစတင်မီ လုပ်ငန်းဆိုင်ရာကျင့်ဝတ်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် စံသတ်မှတ်ချက်များ၊ သဘောတူလိုက်နာရမည့် စည်းမျဉ်းများကို သိရှိနားလည်အောင် တစ်ရက်တာ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။ ၎င်းကျင့်ဝတ်များသည် အချက်အလက်များ ကောက်ယူစုဆောင်းရာတွင် သာမက သုံးသပ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာရာတွင်လည်း ကျင့်သုံးရန်ဖြစ်သည်။ အထူးသဖြင့် ကွင်းဆင်း၍ အချက်အလက်ကောက်ယူသူများက လူ့အခွင့်အရေးချိုးဖောက်မှုများကို ကိုယ်တိုင်တွေ့ကြုံခံစားရသော ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံသောအခါ စိတ်ပိုင်းဆိုင်ရာထိခိုက်နစ်နာမှုများအား အတတ်နိုင်ဆုံး ရှောင်ကြဉ်နိုင်ရန် လူ့အခွင့်အရေးဆိုင်ရာ မှတ်တမ်းပြုစုခြင်းများတွင် လိုက်နာသင့်သည့် ကျင့်ဝတ်စည်းကမ်းများ နည်းနာများကို ဂရုတစိုက် လိုက်နာဆောင်ရွက်ရန် ဖြစ်သည်။

ကျင့်ဝတ်များအတွင်း ပါဝင်သည့် အဓိကအချက်မှာ ဤမှတ်တမ်းအစီရင်ခံစာအတွက် လူတွေ့မေးမြန်းခြင်းများမှ ရရှိလာသည့် အချက်အလက်များအားလုံးကို လုံးဝလျှို့ဝှက်ထားရှိပါသည်။ ပါဝင်ဖြေကြားသူများ၏ အမည်များ၊ နေရပ်များနှင့် ၎င်းတို့နှင့် ဆက်နွယ်နေသည့် အဖွဲ့အစည်းအမည်များကဲ့သော ၎င်းတို့၏ ကိုယ်ရေးကိုယ်တာအချက်အလက်တို့ကို အတည်ပြုနိုင်မည့် အထောက်အထားများကို ဤစာတမ်းထဲတွင် ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ ထို့ပြင် အချက်အလက်များကောက်ယူရာတွင် လူ့အခွင့်အရေးကို အခြေခံသော (အချက်အလက်ရယူရေးနှင့် ကျူးလွန်ခံရမှုများကိုသာ အခြေမခံပဲ) လူသားဗဟိုပြုမှု နည်းလမ်းကို အထူးဂရုပြု ဆောင်ရွက်ခဲ့ကြသည်။ ၎င်းတွင် ဖြေဆိုသူတို့၏ အခွင့်အရေးနှင့် ဆုံးဖြတ်ချက်ကို လေးစားလိုက်နာခြင်းနှင့် စိတ်ဒဏ်ရာအခြေအနေများကို သတိပြုကာ ပံ့ပိုးရန် ပြင်ဆင်ထားရှိခြင်း တို့ပါဝင်သည်။

ကိုးကားရန် အသုံးပြုထားသည့် ဆောင်းပါးများ၊ အစီရင်ခံစာများနှင့် လူမှုမီဒီယာမှ မှတ်ချက်များအတွက် မူပိုင်ရေးသားသူကို ထည့်သွင်းဖော်ပြရခြင်းမှာ ၎င်းတို့သည် အများပြည်သူက မြင်တွေ့ပြီးသား (open sources) ဖြစ်နေသည့်အတွက်ကြောင့် ဖြစ်ပါသည်။ အခြား အချက်အလက်များ ကိုမူ မဖော်ပြပဲ ထိန်းသိမ်းထားပါသည်။ ဤအစီရင်ခံထဲတွင် ပါရှိသော တွေ့


ရှိချက်များမှာ ကေအဲန်ယူ အုပ်ချုပ်သည့်ဒေသတွင်ရှိသော လူမျိုးစု တိုင်းရင်သားများနှင့် ၎င်းတို့၏ ကိုးကွယ်ယုံကြည်မှုများအရ ခွဲခြမ်းသုံးသပ်ထားခြင်း မရှိသော်လည်း မြန်မာစစ်တပ်က ကျူးလွန်သည့် အကြမ်းဖက်မှု အမျိုးအစားနှင့် ပြည်သူများအပေါ် သက်ရောက်မှုကိုသာ အဓိက ဦးတည်ဖော်ပြထားပါသည်။

## ကန့်သတ်ချက်များနှင့် စိန်ခေါ်မှုများ

အချက်အလက်များကို ကောက်ယူမှတ်တမ်းတင်သည့်ကာလအတွင်း ကြုံတွေ့ခဲ့ရသော စိန်ခေါ်မှုများသည် ဤလူ့အခွင့်အရေး အစီရင်ခံစာ ပြုစုရေးသားရန်အတွက် အကန့်အသတ်အများအပြားကို ဖြစ်ပေါ်စေခဲ့သည်။ ဤအစီရင်ခံစာသည် မြန်မာစစ်တပ်နှင့် ၎င်း၏ လက်အောက်ခံ လက်နက်ကိုင်အဖွဲ့အစည်းများက ကေအဲန်ယူအုပ်ချုပ်သည့်ဒေသအတွင်းရှိ ကျူးလွန်သည့် အကြမ်းဖက်မှုများကို ရည်ရွယ်သဖြင့် မြန်မာစစ်တပ်၏ တစ်နိုင်ငံလုံးအပေါ် ကျူးလွန်မှုကို လွှမ်းခြုံမှု မရှိနိုင်ပါ။ ပင်မ အချက်အလက်အရင်းအမြစ်မှာ မှန်ကန်သေချာသော ကြေးနန်းသတင်းများ ဖြစ်သော်လည်း မှတ်တမ်းရယူသည့်အခါ အကြိမ်အရေအတွက် ထည့်သွင်းမဖော်ပြခြင်း၊ အဖြစ်အပျက်ဖြစ်ပွားမှုကို လက်လှမ်းမမီခြင်း၊ မှတ်တမ်းတင်မှုနှင့် စိစစ်ခြင်းဆိုင်ရာ စနစ်မှာ နယ်မြေဒေသ တည်ငြိမ်မှုပေါ်မူတည်၍ အချိန်ကာလကြာမြင့်ခြင်း စသည့် စိန်ခေါ်ချက်များလည်း ရှိသည့် အတွက် လူ့အခွင့်အရေး ချိုးဖောက်မှု ဆိုင်ရာ အကြိမ်အရေအတွက် ပကတိအချက်အလက်မှာ လက်ရှိဖော်ပြထားသည်ထက်မလျော့ပဲ ပိုများနေမည် ဖြစ်သည်။ ထို့ပြင် အင်တာဗျူးဖြေကြားသူများကို ကျား/မ၊ နေရပ်ဒေသ၊ ကြုံတွေ့ရသည့် အကြမ်းဖက်မှု အမျိုးအစား စသည့် မတူကွဲပြားမှုရှိစေရန် အတတ်နိုင်ဆုံး ခွဲခြမ်းစိတ်ဖြာထားသည်။ သို့သော် လူ့အခွင့်အရေး ကျူးလွန်ခံရသော ပြည်သူလူထု၏ လူဦးရေနှင့် ထွက်ပြေးတိမ်းရှောင်နေရသော လူဦးရေစာရင်း ရယူစုဆောင်းသည့်အခါ အချို့သော ခရိုင်၊ မြို့နယ်များတွင် အမျိုးသား၊ အမျိုးသမီးဦးရေ ခွဲခြားပြသထားခြင်းမရှိသည့်အတွက် အမျိုးသား၊ အမျိုးသမီးဦးရေများကို ခွဲခြားပြသရန် အကန့်သတ်ရှိနေသည်။

အချက်အလက်ကောက်ယူသည့် အဖွဲ့သည်လည်း သွားလာရေးခက်ခဲသည့်ဒေသ၊ မလုံခြုံသည့် ဒေသ၊ ပဋိပက္ခဖြစ်ပွားရာဒေသများသို့ ခရီးပြုခဲ့ရသည့်အတွက် စိန်ခေါ်မှုများ ရှိခဲ့သည်။ နေ့စဉ်ရက်ဆက် ဖြစ်ပွားနေသော မြန်မာစစ်တပ်၏ ထိုးစစ်ဆင်နေစဉ်ကာလအတွင်း ဤအစီရင်ခံစာအတွက် ဖြေကြားသည့်အခါ ပါဝင်ဖြေဆိုသူများ၏ စိတ်ပိုင်းဆိုင်ရာလုံခြုံမှုနှင့် ထိရှလွယ်သော ခံစားချက်များသည်လည်း ဖြေဆိုချက်များအပေါ် အကန့်အသတ်ရှိနိုင်သည်။ လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကြောင့် ခရိုင်အသီးသီးတွင်ရှိသော အချက်အလက်ကောက်ခံသူများအား အွန်လိုင်းဖြင့်သာ တွေ့ဆုံစကားပြောကာ လမ်းညွှန်မှုများ ပေးရသဖြင့် မေးခွန်းများအပေါ် နားလည်မှုအပိုင်းတွင်လည်း အကန့်အသတ်ရှိနိုင်သည်။ ဘာသာစကား တစ်ခုမှ တစ်ခု (ကရင်ဘာသာစကားမှ ဗမာဘာသာစကား)သို့ ပြန်ဆိုရသောကြောင့် လူတွေ့မေးမြန်းမှုမှတ်တမ်းသည်လည်း တိကျသေချာမှုအပိုင်းတွင် အကန့်အသတ်ရှိနိုင်သည်။

## စစ်ကောင်စီမှ ပြည်သူများအား ပစ်မှတ်ထားတိုက်ခိုက်ရာတွင် အသုံးပြုသော စစ်လက်နက်အချို့





# ၁ လေယာဉ်တိုက်ခိုက်မှု

တိုင်းပြည်တွင် အတူတကွရှင်သန်နေထိုင်ကြသည့် လူမျိုးအသီးသီးတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် တန်းတူညီမျှမှုအတွက် နိုင်ငံရေးဖြင့်သော်လည်းကောင်း စစ်ရေးဖြင့်သော်လည်းကောင်း၊ ကြိုးစားလုပ်ဆောင်နေကြသော တိုင်းရင်းသားတော်လှန်ရေး အင်အားစုများကို ခေတ်အဆက်ဆက် မြန်မာစစ်အစိုးရများသည် မည်သည့်နည်းလမ်းဖြင့်မဆို တိုက်ခိုက်ချေမှုန်းနေသည်မှာ ယခု လက်ရှိမြင်တွေ့နေရသော မြန်မာ့အရေးသည် ရှင်းလင်းသော သာဓကဖြစ်သည်။

ထိုသို့ တိုက်ခိုက်ချေမှုန်းရာ၌ လေကြောင်းအသုံးပြု ထိုးစစ်ဆင်ခြင်းသည်လည်း အဓိက စစ်ရေးဗျူဟာ တစ်ခုအနေဖြင့် ရှိနေခဲ့သည်မှာ ကြာမြင့်ခဲ့ပြီးဖြစ်သည်။ ကေအဲန်ယူ - ကရင်အမျိုးသား အစည်းအရုံး အုပ်ချုပ်ရာဒေသများအပါအဝင် အခြားသော တိုင်းရင်းသားတော်လှန်ရေးအင်အားစုများကို ခေတ်အဆက်ဆက် ထိုးစစ်များဆင်နွှဲရာ၌ လေကြောင်းစစ်ဆင်ရေးသည် မရှိမဖြစ် စစ်ရေးလိုအပ်ချက် တစ်ခုအနေနှင့် အသုံးပြုလေ့ရှိသည်။ မြန်မာစစ်တပ်သည် ပြည်တွင်းစစ်တွင် အဆင့်မြင့် တိုက်လေယာဉ် များဖြင့် လေကြောင်းအသုံးပြုတိုက်ခိုက်မှုများကို မကြာခဏ အသုံးပြုလေ့ရှိသောကြောင့် ပြည်သူလူထု အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှု များပြားလျက်ရှိသည်။ ဤသို့ ဥပဒေမဲ့ လေကြောင်း အသုံးပြုမှုအပေါ် ပြည်တွင်းပြည်ပ အရပ်ဖက်အဖွဲ့အစည်း များနှင့် လူ့အခွင့်အရေးအဖွဲ့အစည်းများမှ ပုံစံ အမျိုးမျိုးဖြင့် ကန့်ကွက်ရှုတ်ချသော်လည်း မြန်မာစစ်တပ်မှ လျစ်လျူရှုလျက် ကေအဲန်ယူ - ကရင် အမျိုးသားအစည်းအရုံး အုပ်ချုပ်ရာဒေသများအပါအဝင် တိုင်းရင်းသားတော်လှန်ရေးအင်အားစုများ အုပ်ချုပ်ရာဒေသများသို့ ဆက်လက်ထိုးစစ်ဆင် တိုက်ခိုက်နေလျက်ရှိသည်။ စစ်အစိုးရအဆက်ဆက် အာဏာရှိစဉ် ကာလတွင်သာမက ဒီမိုကရေစီအသွင်ကူးပြောင်းရေး ကာလဖြစ်သော ၂၀၁၀ မှ ၂၀၂၀ နှစ်များတွင်လည်း လေကြောင်းအသုံးပြု၍ တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းများ၏ အုပ်ချုပ်ရာ နယ်မြေများသို့ ပြောင်ပြောင်တင်းတင်း ထိုးစစ်များဆင်ခဲ့သည်။

မြန်မာနိုင်ငံအနှံ့အပြားရှိ တော်လှန်ရေးအင်အားစုများကို တိုက်ခိုက်ချေမှုန်းရန် မြန်မာစစ်တပ်သည် လေတပ်စခန်းများအား တိုးချဲ့လျက်ရှိရာ ၎င်းတို့အသုံးပြုသော အဓိကလေတပ်စခန်းဌာနချုပ် တို့မှာ မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ်၊ မှော်ဘီ လေတပ်စခန်းဌာနချုပ်၊ မိတ္ထီလာ လေတပ်စခန်းဌာနချုပ်၊ တောင်ငူ လေတပ်စခန်းဌာနချုပ်၊ မြိတ် လေတပ်စခန်းဌာနချုပ်၊ မြစ်ကြီးနား လေတပ်စခန်းဌာနချုပ်၊ မကွေး လေတပ်စခန်းဌာနချုပ်၊ ပုသိမ် လေတပ်စခန်းဌာနချုပ်၊ တံတားဦး လေတပ်စခန်းဌာနချုပ်နှင့် နမ့်စမ် လေတပ်စခန်းဌာနချုပ် တို့ဖြစ်ကြောင်းသိရသည်။ ထိုလေတပ်စခန်းဌာနချုပ်များသည် တိုင်းရင်းသားတော်လှန်ရေးအင်အားစုများ၏ တည်နေရာနှင့် ပထဝီဝင်အနေအထားအပေါ် အခြေပြု၍ မြန်မာနိုင်ငံနေရာအနှံ့တွင် စခန်းချတည်ဆောက်ထားသည်ကို တွေ့ရသည်။ သို့မှသာ ဒေသအလိုက် တိုင်းရင်းသားဒေသများကို ထိုးစစ်များဆင်နွှဲရာ၌ လေကြောင်းတွဲဖက် အသုံးပြုနိုင်မည်ဖြစ်သည်။ နှစ်စဉ် နိုင်ငံတော်ဘဏ္ဍာငွေ၏ ရာခိုင်နှုန်းများစွာကို အသုံးပြု၍ မြန်မာစစ်တပ်သည် ၎င်းတို့၏ လေတပ်အင်အားအပါအဝင် စစ်လက်နက်များကို ဝယ်ယူလျက်ရှိသည်။

ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ဦးတည်ပြီးနောက် ၎င်း၏ လေတပ်စခန်းဌာနချုပ်များနှင့် အခြားသော စစ်လက်နက်ပစ္စည်းများကို နှစ်စဉ်တိုးမြှင့် တပ်ဆင်နိုင်ရန် စိန်ခေါ်မှုများရှိနိုင်သည်ကိုလည်း မြန်မာစစ်တပ် အနေဖြင့် သိရှိနေခဲ့သည်။ ထို့ကြောင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းစဉ်ကာလအတွင်း လွှတ်တော်တွင်း၌ နှစ်စဉ် နိုင်ငံတော်ဘဏ္ဍာငွေများမှ တပ်မတော်အသုံးစရိတ်အတွက် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ပမာဏ ပိုမိုရရှိအောင် မဲခွဲဆုံးဖြတ်ရာ၌ မဲထည့် ထောက်ခံပေးမည့် လွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်တွင်း၌ နည်းလမ်းနှစ်မျိုးဖြင့် ကြိုတင်ကြံစည်ခဲ့သည်။ ပထမနည်းလမ်းမှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်အရပ်ရပ်တွင် စစ်တပ်ကိုယ်စားပြုသော စစ်သားလွှတ်တော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်း ပါဝင်မှုဖြစ်သည်။ ဒုတိယ နည်းလမ်းမှာ ၂၀၁၀ခုနှစ်တွင် မြန်မာစစ်တပ်က ၎င်းတို့ကိုယ်တိုင် ၁၉၉၃ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကို ၂၀၁၀ ခုနှစ်တွင် စစ်မှုထမ်းဟောင်းများ အဓိကပါဝင်မှုဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအဖြစ် အသွင်ပြောင်း ဖွဲ့စည်းလိုက်ပြီး စစ်တပ်အကျိုးစီးပွားများကို လွှတ်တော်အတွင်းတွင် ပိုမိုအကျိုးပြုနိုင်ရန် ဖြစ်သည်။ ဤသို့ဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် မြန်မာစစ်တပ်သည် ၎င်း၏ လေတပ်အပါအဝင် ခေတ်သစ် စစ်လက်နက်ကိရိယာများ တပ်ဆင်ရေးအတွက် ကြိုးပမ်းခဲ့သည်။

နိုင်ငံတကာအဖွဲ့အစည်းများ၏ အစီရင်ခံစာများအရ မြန်မာစစ်တပ်သည် ကြည်းတပ်နှင့် ရေတပ်တို့အတွက် ခေတ်သစ်လက်နက်များတပ်ဆင်မှုများထက် လေတပ်အဆင့်မြှင့်တင်မှုအတွက် စစ်လေယာဉ်များ ပိုမိုအားစိုက် ဝယ်ယူခဲ့သည်။ ထို့ကြောင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလ၌ပင် ထိုးစစ်ဆင်နွှဲရာတွင် အသုံးပြုမည့် စစ်ရဟတ်ယာဉ်နှင့် တိုက်လေယာဉ်များစွာကို တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့မှ အဓိကထား မှာယူခဲ့သည့်မှတ်တမ်းများကိုလည်း နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့အစည်းများက ဖော်ပြထားသည်ကို တွေ့ရသည်။

ထိုသို့ စစ်လေယာဉ်များ ဝယ်ယူရန် စစ်အသုံးစရိတ်များကို နိုင်ငံတော်ဘဏ္ဍာငွေ အသုံးပြုမှုအပြင် နိုင်ငံတော်ကိုအခွန်ဆောင်ခြင်းမရှိပဲ မြန်မာစစ်တပ်မှ ဦးစီးလုပ်ကိုင်နေသော ဦးပိုင်ကုမ္ပဏီမှလည်း ၎င်းတို့၏ စစ်အသုံးစရိတ်များအတွက် အသုံးပြုလျက်ရှိသည်ကို လူထုအာခံလှုပ်ရှားမှု (CDM)တွင် ပါဝင်လာသော လေတပ်မှ တပ်ကြပ်ကြီးတစ်ဦးက ၂၀၂၂ ခုနှစ်၊ မတ်လတွင် RFA (သတင်းမီဒီယာ) သို့ ဖြေကြားခဲ့သည်။ ၂၀၀၈ ဖွဲ့စည်းပုံ ပုဒ်မ ၂၄၂ အရ ပြည်ထောင်စုစာရင်းစစ်ချုပ်ကို နိုင်ငံတော်သမ္မတမှ ပြည်ထောင်စုလွှတ်တော် သဘောတူညီချက်ဖြင့် ခန့်အပ်နိုင်ပြီး ပုဒ်မ ၂၄၂ (ဃ) အရ အဆိုပါစာရင်းစစ်ချုပ်သည် နိုင်ငံတော်သမ္မတအား တာဝန်ခံရပါသည်။ ဖွဲ့စည်းပုံသည် “မူ” သဘောမျှသာဖြစ်၍ အသေးစိတ်လုပ်ပိုင်ခွင့်များကို ဖော်ပြရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ၂၄၅ (စ) အရ ဥပဒေပြဋ္ဌာန်းသတ်မှတ်ရမည်ဟု ပါရှိပါသည်။ ထို့ကြောင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေကို ၂၀၁၀ခုနှစ်တွင်ပြဋ္ဌာန်းခဲ့ပြီး စာရင်းစစ်ချုပ်ရုံး၏ ဖွဲ့စည်းပုံအဆင့်ဆင့်နှင့် လုပ်ပိုင်ခွင့်များကို ဥပဒေ အရ သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။ အဓိက လုပ်ပိုင်ခွင့်မှာ ဘဏ္ဍာငွေပြုန်းတီးမှုရှိမရှိ၊ အမှန်တကယ်သုံးစွဲခြင်းရှိမရှိ၊ မည်သည့်အရာများကိုသုံးစွဲသည်ကို စစ်ဆေးရန်ဖြစ်သည်။ သို့သော် ထိုဥပဒေ၏ ပုဒ်မ ၃၉ တွင် ထိုဥပဒေပါပြဋ္ဌာန်းချက်များသည် ကာကွယ်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ခြင်းမရှိစေရဟု ပါရှိသည့် အတွက် ထို စာရင်းစစ်ချုပ်၏ လုပ်ပိုင်ခွင့်မှာ မြန်မာစစ်တပ်အပေါ် မည်သည့်လုပ်ပိုင်ခွင့်မှ မရှိကြောင်း ဥပဒေဖြင့် အတိအကျပြဋ္ဌာန်းထားခြင်း ဖြစ်ပါသည်။

ကာကွယ်ရေးဦးစီးချုပ်မှ တိုက်ရိုက်ခန့်အပ်သည့် တပ်မတော် စစ်ဆေးရေးနှင့်စာရင်းစစ်ချုပ် အား လုပ်ပိုင်ခွင့်အပ်နှင်း၍ တပ်တွင်းဘဏ္ဍာငွေသုံးစွဲမှုများကို သီးသန့် စစ်ဆေးပါသည်။ ထို့ကြောင့်အကျိုးဆက်အနေဖြင့် တပ်မတော်မှ ကာကွယ်ရေးဘတ်ဂျက် ခေါင်းစဉ်ဖြင့် လွှတ်တော်မှ ထုတ်ယူပြီး ကြိုက်နှစ်သက်သည့် လက်နက်၊ပစ္စည်းများ ဝယ်ယူဖြည့်တင်းခြင်းကို သမ္မတ၊ လွှတ်တော်အပါအဝင် မည်သည့် လူပုဂ္ဂိုလ်အဖွဲ့အစည်းကမှ စောင့်ကြည့်နိုင်ခြင်းမရှိသည့် အထူး လုပ်ပိုင်ခွင့်အား မြန်မာတပ်မတော်မှ ဥပဒေအရ ပိုင်ဆိုင်ထားပါသည်။ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလအတွင်းတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ခြေလှမ်းများ စတင်ခဲ့ရာမှ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်နေ့တွင် မြန်မာအစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများအကြား တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ကို ချုပ်ဆိုနိုင်ခဲ့သည်။ သို့သော် မြန်မာစစ်တပ်သည် ထိုသို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို စိတ်ရင်းစေတနာအမှန်ဖြင့် ထိထိရောက်ရောက် အကောင်အထည်ဖော်မည့်အစား လေတပ်အပါအဝင် အခြားသော ကြည်းတပ်၊ ရေတပ် အစရှိသော စစ်အင်အားကို တိုးချဲ့ခဲ့သည်။ အဓိကအားဖြင့် အပစ်အခတ်ရပ်စဲရေးကာလတွင် စစ်မှန်၍ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရန် ကေအဲန်ယူအပါအဝင် အခြားသော တိုင်းရင်းသား တော်လှန်ရေးအင်အားစုများက အားသွန်ခွန်စိုက်



အလေးပေး အကောင်အထည်ဖော်လုပ်ဆောင်နေစဉ်တွင် မြန်မာစစ်တပ်က NCA သဘောတူညီချက်ပါ လိုက်နာရမည့်အချက်များကို လျစ်လျူရှုလျက် စစ်အင်အား တိုးချဲ့ရေးကိုသာ အလေးပေးဆောင်ရွက်နေခဲ့သည်။

Myanmar Witness ၏ အစီရင်ခံစာအရ မြန်မာစစ်တပ်သည် ၂၀၁၅ ခုနှစ်၊ ဇွန်လ (၂၂) ရက်နေ့တွင် Yak-130 ဂျက်တိုက်လေယာဉ်ကို ရုရှားနိုင်ငံမှ ဝယ်ယူရန် စာချုပ်ချုပ်ဆိုခဲ့ပြီး ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်အတွင်း Yak-130 ဂျက်တိုက်လေယာဉ် (၆) စင်းကို လည်းကောင်း၊ ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ် အတွင်း အခြားသော Yak-130 ဂျက်တိုက်လေယာဉ် (၆) စင်းကို ထပ်မံရရှိခဲ့သည်။ ထို့နောက် ၂၀၁၈ ခုနှစ်တွင် မြန်မာစစ်တပ်မှ ဘက်စုံသုံး ဂျက်တိုက်လေယာဉ်အမျိုးအစား SU-30 (၆) စင်းကို မှာယူခဲ့ပြီး၊ ၂၀၂၂ ခုနှစ် မတ်လတွင် ပထမဆုံး (၂) စင်းကို လက်ခံရရှိခဲ့သည်။ စစ်ကောင်စီသည် တိုးတက်ပြောင်းလဲလာသော လေတပ်ကို အသုံးပြု၍ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်၊ အာဏာသိမ်းဖြစ်စဉ် စတင်ပြီး နောက်ပိုင်းတွင် ၎င်းတို့၏ လေတပ်မှ တိုက်လေယာဉ်များနှင့် ရဟတ်ယာဉ်များအသုံးပြု၍ ကေအဲန်ယူနှင့် အခြားသော တိုင်းရင်းသားတော်လှန်ရေးအင်အားစုများကို လူ့အခွင့်အရေးနှင့် ဂျနီဗာကွန်ဗင်းရှင်းပါ နိုင်ငံတကာလိုက်နာရမည့် စစ်ဥပဒေများနှင့် ပြဋ္ဌာန်းချက်များကို လေးစားလိုက်နာမှုမရှိဘဲ လေကြောင်းထိုးစစ်များကို အကြိမ်ကြိမ် ပြုလုပ်ခဲ့သည်။

အာဏာသိမ်းမှု စတင်သည့်အချိန်မှစ၍ ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး အုပ်ချုပ်ရာဒေသများတွင် စစ်ကောင်စီတပ်များ ထိုးစစ်ဆင်သောအခါ ၎င်းတို့၏ စစ်ဆင်ရေးနည်းဗျူဟာများတွင် ကြည်းတပ်နှင့်အတူ လေကြောင်းများဖြင့် ပူးတွဲတိုက်ခိုက်သည်ကို တွေ့မြင်ရသည်။ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်နေ့တွင် ဧရာဝတီသတင်းဌာနမှ ဖော်ပြသည့် CDM လေတပ်ဗိုလ်ကြီးတစ်ဦး၏ ပြောဆိုချက်အရ စစ်ကောင်စီသည် ၎င်းတို့၏ မြေပြင်ထိုးစစ်များ မအောင်မြင်သောကြောင့် လေတပ်များအား ပိုမိုအသုံးပြုလာခြင်းသည် ပင်မဗျူဟာ ဖြစ်လာကြောင်း ပြောဆိုခဲ့သည်။ ကော်သူးလေဒေသ အပါအဝင် မြန်မာနိုင်ငံနေရာအနှံ့ လေကြောင်းဖြင့် ထိုးစစ်ဆင် တိုက်ခိုက်ရာတွင် ရုရှားနိုင်ငံထုတ် MIG-29 ဂျက်တိုက်လေယာဉ်၊ Yak-130 ဂျက်တိုက်လေယာဉ်နှင့် MI-35 ရဟတ်ယာဉ်များကို အသုံးပြုနေပြီး တရုတ်နိုင်ငံနှင့် ပါကစ္စတန်ပူးတွဲထုတ် JF-17 Thunder Deal ဂျက်တိုက်လေယာဉ်နှင့် တရုတ်နိုင်ငံထုတ် K-8 ဂျက်တိုက်လေယာဉ်များကိုလည်း အဓိက အသုံးပြုနေသည်ကို သတင်းဌာနတင်ပြချက်များနှင့် ကေအဲန်ယူ၏ မြေပြင်သတင်းတင်ပြချက်များအရ သိရသည်။ Myanmar Witness မှလည်း Yak-130 နှင့်ပတ်သက်ပြီး ထုတ်ပြန်ထားသော အစီရင်ခံစာဖော်ပြချက်များအရ စစ်ကောင်စီထံတွင် Yak-30 ဂျက်တိုက်လေယာဉ် အစီး(၂၀) ခန့်ရှိသည်ဟု စုံစမ်းသိရှိရပြီး ထိုဂျက်တိုက်လေယာဉ်ဖြင့် ပြည်သူများကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ကြောင်းကိုလည်း ထိုအစီရင်ခံစာတွင် ဖော်ပြထားသည်။ စစ်ကောင်စီသည် မြန်မာနိုင်ငံအတွင်းရှိ မည်သည့်ဒေသ၊ မည်သည့် ဆန့်ကျင်ဘက်အဖွဲ့အစည်းကိုမဆို ထိုးစစ်ဆင် တိုက်ခိုက်မည်ဆိုပါက လေကြောင်းတိုက်ခိုက်မှုကိုလည်း လိုအပ်ပါက မဆိုင်းမတွ အသုံးပြုသွားမည့်အကြောင်းကိုလည်း ၎င်းတို့၏ သတင်းစာရှင်းလင်းပွဲများနှင့် အင်တာဗျူးများ၌ ပြောကြားခဲ့သည်။

ယခုအာဏာသိမ်းဖြစ်စဉ်ကာလ စစ်ရေးအခင်းအကျင်းတွင် လေကြောင်းသုံးတိုက်ခိုက်မှုသည် ၎င်းတို့၏ စစ်ရေးအတွက် ပိုမိုအရေးပါသည့် အခန်းကဏ္ဍဖြစ်လာရခြင်းမှာ ၎င်းတို့၏ မြေပြင်အင်အားစုများ ပို၍ သိသိသာသာ အင်အားချည့်နဲ့လာသောကြောင့် ဖြစ်သည်။ ပြည်သူများ၏ ဘေးကင်းလုံခြုံမှုနှင့် နိုင်ငံတကာစံချိန်စံနှုန်း စည်းမျဉ်းစည်းကမ်းများကို ပဓာနမထားပဲ ၎င်းတို့၏ စစ်ရေးအောင်မြင်မှုကိုသာ ဦးစားပေးလေ့ရှိသော စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုသည် ပြည်သူများအတွက် အင်မတန်ဆိုးရွားပြီး အကျည်းတန်လွန်းသော စစ်ရာဇဝတ်မှုဖြစ်သည်။ စစ်ကောင်စီသည် ကော်သူးလေဒေသအတွင်း လေကြောင်းထိုးစစ်ဆင်ရာ၌ ၎င်းတို့၏ စစ်ရေးပစ်မှတ်သည် အမှန်တကယ် လက်နက်ကိုင်တော်လှန်ရေး အင်အားစုများသာဖြစ်သည် ဟူသော ၎င်းတို့၏ အဆိုမှာ လုံးဝမှန်ကန်မှုမရှိပဲ အရပ်သားပြည်သူများကိုလည်း ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထား တိုက်ခိုက်သည်မှာ သိသာထင်ရှားသည်။ ကော်သူးလေဒေသတွင် စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်သောအခါ ထိုးစစ်ကို ပုံစံနှစ်မျိုးဖြင့် ပြုလုပ်လျက်ရှိသည်ကို တွေ့ရသည်။ ဤထိုးစစ်ပုံစံနှစ်မျိုးကို စနစ်တကျ လေ့လာကြည့်ခြင်းအားဖြင့် စစ်ကောင်စီသည် ပြည်သူများကို ၎င်းတို့၏ စစ်ရေးအတွက် မည်သို့မည်ပုံ ခုတုံးလုပ် ချနင်းသည်ကို ထင်ထင်ရှားရှား မြင်တွေ့ရမည်ဖြစ်သည်။

လေကြောင်းထိုးစစ်၏ ပထမအမျိုးအစားမှာ စစ်ကူအတွက် လေကြောင်းတိုက်ခိုက်မှု ဖြစ်သည်။ စစ်ကောင်စီ၏ ကြည်းတပ်များမှ စစ်ကြောင်းများသည် ကေအဲန်ယူ အုပ်ချုပ်ရာနယ်မြေများတွင် နေ့စဉ်နှင့်အမျှ ကျူးကျော်ဝင်ရောက်၍ ထိုးစစ်

ဆင်လျက်ရှိသည်။ စစ်ကောင်စီ၏ စစ်ကြောင်းများသည် မြေပြင်တွင် နယ်မြေကျူးကျော်ဝင်ရောက်ပြီး ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA)၊ ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့အစည်း (KNDO)နှင့် အခြားသော ပူးပေါင်းတပ်ဖွဲ့ များနှင့် ထိပ်တိုက်ရင်ဆိုင်ရလေ့ရှိသည်။ ထိုသို့ရင်ဆိုင်ရသောအခါ ဒေသန္တရအခြေအနေကို ကောင်းစွာနားမလည် သော မြန်မာ စစ်တပ်၏ ကျူးကျော်စစ်ကြောင်းများသည် အကြိမ်ကြိမ် အထိနာလေ့ရှိသည်။ ထိခိုက် ပျက်စီးလေ့ရှိသော စစ်ကောင်စီတပ် များသည် ၎င်းတို့၏ မြေပြင်စစ်ကူများကို အချိန်မီ မရနိုင်သော ကြောင့် လေကြောင်းပစ်ကူခြင်းဖြင့် တိုက်ခိုက်ပစ်ခတ်လေ့ရှိ သည်။

ဤနည်းလမ်းမှာ စစ်ကောင်စီ၏ ထပ်ခါတလဲလဲအသုံးပြုသော နည်းဗျူဟာဖြစ်သည်။ ထိုသို့ ထိုးစစ်ဆင်လာသော စစ် ကောင်စီ၏ လေကြောင်းရန်ကြောင့် ပျက်စီးဆုံးရှုံးမှု သတင်းအချက်အလက်ကို ကြည့်ရာတွင် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို အဓိကအားဖြင့် တိုက်ခိုက်ဖျက်ဆီးနေသည်ကို တွေ့ရသည်။ KNLA/KNDOနှင့် အခြားသော ပူးပေါင်းတပ်ဖွဲ့များသည် ပြည်သူလူထု အသက်အိုးအိမ် စည်းစိမ်နှင့် အလှမ်းဝေးသောနေရာနှင့် စစ်ရေးအရ အချက်အချာကျသော နယ်မြေအစွန်အဖျား ဒေသ များတွင်သာ လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ကြသည်။ ထိတွေ့တိုက်ပွဲများ ဖြစ်ပွားပြီးနောက် လေကြောင်းစစ်ကူ များ ရောက်လာသောအခါ KNLA/KNDOနှင့် ပူးပေါင်းတပ်ဖွဲ့များ၏ တည်နေရာကို သေချာသိရှိပြီးမှ တိုက်ခိုက်ခြင်းမျိုးမဟုတ် ပဲ၊ ၎င်းတို့၏ မြေပြင်တပ်များ တပ်ဆုတ်ခွာနိုင်ရန်အတွက် ထင်ရာမြင်ရာ ရမ်းသမ်းခြောက်လှန့်ပစ်ခတ်ခြင်းကိုသာ ပြုလုပ်လေ့ရှိ သည်။ ထို့နောက် မြေပြင်၌ ၎င်းတို့၏ စစ်ကြောင်းတည်နေရာမှလွဲ၍ ကျန်ရှိသော မြေပြင်ဧရိယာအားလုံးကို ပစ်မှတ်ထား၍ ပြည် သူ့ အသက် အိုးအိမ်စည်းစိမ်ကို မငဲ့ညှာပဲ အကြောင်းမဲ့ တိုက်ခိုက်ကြသည်။ လေကြောင်းတိုက်ခိုက်မှုတိုင်းတွင် ပြည်သူလူထု၏ အိုးအိမ်များ၊ သီးနှံစိုက်ပျိုးထားသော လယ်ခင်းယာခင်းများ၊ ရာသီလိုက် စိုက်ပျိုးသိုလှောင်ထားသော သီးနှံများ၊ ကျောင်းများ၊ ဆေးရုံများ၊ ဘာသာရေးဆိုင်ရာ အဆောက်အဦးများသာ အဓိက ထိခိုက်ပျက်စီးသည်။

စစ်ကောင်စီ၏ လေကြောင်းရန်ကို ခံစားခဲ့ရသော ရွာသားတစ်ဦးက “**ရွာနဲ့တော်တော် ဝေးတဲ့နေရာမှာ ပစ်ကြတာ အသံတော့ ကြားရတယ်။ ခဏကြာတော့ ပထမဆုံး လေယာဉ်နှစ်စီးနဲ့လာပစ်သွားတယ်။ အရင်ဦးဆုံး လေယာဉ်ကထိုးဆင်းလာ ပြီး ပြန်တက်သွားတဲ့အချိန်မှာ ပေါက်ကွဲသံ အကျယ်ကြီး ကြားရတယ်။ ကျွန်မတို့ရွာနားမှာပဲထင်တယ် အသံတော်တော်ကျယ် တယ်။ လယ်စိုက်ထားတဲ့ လယ်ကွင်းမှာ ကျတယ်ထင်တယ်။ ရွာထိပ်က အိမ်တွေလည်းထိတယ်၊ မီးတွေလည်းလောင်တယ်။ အဲ့ ဒါမျိုးသုံးကြိမ် ဖြစ်တယ်။ အဲ့လိုမျိုး လေယာဉ်လာပစ်လို့ ကျွန်မတို့မှာ နေစရာနေရာတောင် မရှိတော့ဘူး။ မိသားစုဝင်တွေက လည်း တကွဲတပြားနဲ့ အသက်ဘေးလွတ်ရာကို ထွက်ပြေးကြရတယ်။ လေယာဉ်လာပစ်တာကိုလည်း ကြောက်ရတယ်။ မြေပြင် ကနေလည်း စစ်ကောင်စီက ရာချီပြီးတော့ ချီတက်လာတာကိုလည်း ကြောက်ရတယ်။ မြေပြင်ကနေလည်း လက်နက်ကြီးတွေနဲ့ တရစပ်ပစ်နေတော့ ပုန်းရှောင်ရတဲ့ အချိန်တုန်းကဆိုရင် ပုန်းရှောင်ဖို့နေရာ ရှာဖွေရတာ အခက်အခဲအများကြီးရှိတယ်။ ပြီးတော့ ကလေးတွေလည်း တအား ကြောက်နေကြတာ။ သူတို့ကိုလည်း မကြောက်အောင်လည်း လုပ်လို့မရဘူးလေ။ အဲ့ဒီအရာတွေ အတွက်လည်း စိုးရိမ်မှုတွေ အများကြီးရှိတယ်။ မြေပြင်က ဗမာစစ်သားတွေက ကျွန်မတို့ကို တွေ့မှာကိုလည်း ကြောက်ရတယ်။ မိုးပေါ်က လေယာဉ်ပျံကိုလည်း ကြောက်ရတယ်။ မြေပြင်က ဗမာစစ်သားတွေနဲ့ တွေ့ရင်လည်း မလွယ်ဘူး။ သူတို့က ဘာလို့ ဒီလို တွေ လာလုပ်နေလဲမသိဘူး။ ဗမာစစ်သားတွေက တအားကြောက်ဖို့ကောင်းတယ်။ သူတို့ အဲ့လိုမျိုးတွေ မလုပ်ရင်တော့ ကိုယ့် ရွာပဲ ကိုယ့်ဘာသာကိုယ် အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင် ပြန်နေထိုင်ချင်တယ်။**” ဟု ခလယ်လွိုထူ (ညောင်လေးပင်ခရိုင်) တွင် နေထိုင်သော ကရင်အမျိုးသမီးတစ်ဦးက ၎င်းတွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်များကို မျှဝေခဲ့သည်။

ထိုကဲ့သို့သော မြေပြင်နှင့် ဝေဟင် တိုက်ခိုက်မှုမျိုးတွင် ပြည်သူလူထုကို စာနာငဲ့ညှာမှု မရှိသော စစ်ကောင်စီသည် ရည်ရွယ်ချက်ရှိရှိ ပြည်သူလူထုများနေထိုင်သော ကျေးရွာများကို စစ်မြေပြင်သဖွယ် သဘောထားပြုမူသည်ကို ထင်သာမြင်သာ တွေ့မြင်နိုင်သည်။ ကျေးရွာလူထုတို့ကလည်း ဤသို့သော အခြေအနေများ ကြုံတွေ့ရသောအခါ နှစ်မျိုးလုံးသော ထိုးစစ်ကို ရှောင်ရှားရန် လေကြောင်းအတွက် လုံခြုံမည်ဟုထင်ရသော နေရာများတွင် ပုန်းခိုသောအခါ မြေပြင်မှ စစ်ကောင်စီစစ်ကြောင်း များ၏ အန္တရာယ်ကိုလည်း ရင်ဆိုင်တွေ့ကြုံရနိုင်သည်။ လေကြောင်းနှင့် မြေပြင်စစ်ကြောင်းနှစ်မျိုးလုံးကို အချိန်တိုအတွင်း ရှာဖွေ တိမ်းရှောင်ရန်မှာ ခက်ခဲလှပေသည်။ လေကြောင်းတိုက်ခိုက်မှုကို တိမ်းရှောင်နိုင်ပြီး မြေပြင်စစ်ကြောင်းများကို မရှောင်တိမ်းနိုင်၍ ဖမ်းဆီးခြင်း၊ နှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း တို့ကြောင့် အသက်ဆုံးရှုံးရသည့် ပြည်သူများ အများအပြားရှိသည်။ ဒူးသထူ (သထုံ ခရိုင်)တွင် နေထိုင်သော အသက် (၄၁) နှစ်အရွယ် နော်ဝါး (အမည်လွှဲ) သည် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုကို ကြုံတွေ့ ခဲ့ရပြီး ၎င်း၏ အတွေ့အကြုံကို ဤသို့ မျှဝေခဲ့သည်။

“ကျွန်မတို့ ရွာသူ/ရွာသားတွေတော့ နေ့နေ့ညည လေယာဉ်လာပစ်မှာကို တွေးပြီးတော့ကြောက်နေရတယ်။ ဒီလိုမျိုး လေယာဉ်နဲ့လာပစ်ပြီးဆိုရင် ကျွန်မတို့ ရာဘာခြံထဲမှာဘဲ ပုန်းနေရတယ်။ ကျမတို့ အဲလိုမျိုးပုန်းတုန်းက ကျမတစ်ယောက်ထဲ မဟုတ်ဘဲနဲ့ ရွာထဲမှာရှိတဲ့ အခြားရွာသားတွေလည်း ရာဘာခြံတွေထဲမှာဘဲ ပုန်းကြတယ်။ လေယာဉ်လာပစ်တုန်းက ကျမအိမ်ကို ထိပြီးတော့ တစ်အိမ်လုံး မီးလောင်ပျက်စီးသွားတယ်။ အိမ်မှာ ကုန်စုံဆိုင်တင်ထားတော့ ရောင်းတဲ့ ပစ္စည်းတွေအားလုံးလည်း မီးလောင်ပြီးတော့ ပျက်စီးသွားတယ်။ လေယာဉ်နဲ့လာပစ်တုန်းက အိမ်မှာရှိတဲ့ ပစ္စည်းတွေတစ်ခုမှ မသယ်နိုင်ဘဲ လူတစ်ယောက်ဘဲ အသက်လွတ်အောင်ပဲ ပြေးခဲ့ရတယ်။ ငွေတွေ ကိုတော့ ပြေးတုန်းကယူသွားနိုင်ပေမဲ့ ပစ္စည်းတွေကတော့ အိမ်မှာဘဲအားလုံးကျန်ခဲ့တယ်။ အိမ်မှာ ဆေးဝါးနှင့်အတူ အခြားအိမ်သုံးပစ္စည်တွေလည်းရှိတော့ ပစ္စည်းဆုံးရှုံးမှုအားလုံးက သိန်း (၁၀၀) ကျော်ဖိုး လောက် ရှိတယ်”

လေကြောင်းတိုက်ခိုက်မှု ဒုတိယတစ်မျိုးမှာ ထိပ်တိုက်ရင်ဆိုင်တိုက်ပွဲမျိုးမရှိပဲ စစ်ကောင်စီမှ ၎င်း၏ လေတပ်အင်အားကို အခွင့်ကောင်းယူကာ ဂျက်တိုက်လေယာဉ်များနှင့် စစ်ရဟတ်ယာဉ်များကို အသုံးပြု၍ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး အုပ်ချုပ်သော ဒေသများအား ဗုံးကြဲခြင်းနှင့် ပစ်ခတ်ခြင်းများကို ပြုလုပ်ခြင်းဖြစ်သည်။ ထိုသို့ လေကြောင်းအသုံးပြု၍ ဗုံးကြဲခြင်းများ၊ ပစ်ခတ်ခြင်းများ ပြုလုပ်ရာတွင် စစ်ရေးပစ်မှတ်များအနေနှင့် ပြည်သူလူထုတို့၏ အသက်အိုးအိမ်စည်းစိမ်များကို ပစ်မှတ်ထား တိုက်ခိုက်သည်။ ဤသို့ ပြည်သူလူထုများက လေကြောင်းတိုက်ခိုက်မှု ခံရခြင်းသည် မတော်တဆတိုက်ခိုက်ခံရမှုမဟုတ်ပဲ စနစ်တကျ စစ်ရေးအရ ပြည်သူလူထု၏ ထိခိုက်နစ်နာမှုကို ခုတုံးလုပ် အခွင့်ကောင်းယူခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကရင်လူမျိုး အပါအဝင် ကော်သူးလေအတွင်းရှိ ပြည်သူများအနေဖြင့် မိမိတို့၏ သဘောဆန္ဒအရ ကရင်အမျိုးသားအစည်းအရုံးအား ဆက်လက်ထောက်ခံနေမည်ကို မလိုလားခြင်း အပါအဝင်၊ အကြောက်တရားဖြင့် ဆက်လက်စိုးမိုးနိုင်ရေးကို မြန်မာစစ်တပ်မှ လိုလားသည်။ ပြည်သူတို့၏ အသက် အိုးအိမ်များအား ဖျက်ဆီးခြင်းဖြင့် မည်သူမျှ ၎င်းတို့အပေါ် တရားဥပဒေနှင့်အညီ အရေးယူ ဒဏ်ခတ်မည့်သူ တစ်ဦးတစ်ယောက်မျှ မရှိသောကြောင့် ပြည်သူများ၏ အသက်အိုးအိမ်ပျက်စီး မည်ကို ငဲ့ညှာစရာမလိုပဲ ဗုံးကြဲပစ်ခတ်မှုများကို အဆက်မပြတ် လုပ်ဆောင်လျက်ရှိသည်။ ဤနည်းဖြင့် ကရင်အမျိုးသားအစည်းအရုံး အုပ်ချုပ်ရာနယ်မြေတွင် ငြိမ်းချမ်းစွာ လုပ်ကိုင်စားသောက် နေထိုင်လိုသော ပြည်သူများကို တိုက်ခိုက်ခြင်းဖြင့် ၎င်းတို့၏ နယ်မြေရှင်းလင်းရေးခေါင်းစဉ်အောက်မှ အစုလိုက်အပြုံလိုက် ဖျက်ဆီးမှုများနှင့် လူမျိုးတုံးသတ်ဖြတ်မှုကို ပြောင်ပြောင်တင်းတင်း ကျူးလွန်နေကြသည်။


“သူတို့လေယာဉ်နဲ့ လာမပစ်ခင်တစ်ရက်မှာ အရင်ဆုံးသူတို့ ကင်းထောက်လေယာဉ်တွေနဲ့ အရင်လာ ကင်းထောက်တယ်။ ရွာကလူတွေက သေနတ်မပစ်သေးတဲ့ လေယာဉ်ဆိုရင် ကင်းထောက်လေယာဉ် ဆိုတာသိကြတယ်။ ကင်းထောက်လို့ပြီးတော့မှ လာပစ်တယ်။ လေယာဉ်လာပစ်တဲ့နေ့မှာ မနက်ပိုင်းမှာ လေယာဉ် (၂) စီးနဲ့ လာပစ်တယ်။ မနက် (၉) နာရီမှာ လာပစ်တယ်။ ပထမတစ်ကြိမ် လာပစ်တာမှာ ရွာထဲက အိမ် (၁) လုံးပျက်စီးတယ်။ အော်လီဂန်းနဲ့ အချက် (၁၀-၂၀) လောက်လာပစ်တယ်။ သူတို့လာပစ်တဲ့ အချိန်မှာ လူတွေတော့ထိခိုက်ဒဏ်ရာရတာ မရှိဘူး။ အိမ်တွေဘဲ ထိခိုက်ပျက်စီးတာကိုတွေ့တယ်။ ရွာသားတွေက လုံခြုံတဲ့နေရာ တွေမှာ တိမ်းရှောင်နေတဲ့အချိန်မှာ လာပစ်သွားတာ။ ရွာဘေးက ရွာသားတွေ လုပ်ကိုင်စားသောက်တဲ့ လုပ်ငန်းခွင်ထဲကိုပဲ ကျတယ်။ ရာဘာ၊ ငှက်ပျော၊ ဟင်းသီးဟင်းရွက်စိုက်တဲ့ ကိုင်းတွေ ထိတယ်။ လူတွေထိခိုက်တာတော့ မရှိဘူး။ ဥယာဉ်ခြံထဲက တဲတွေ ပျက်စီးတာတော့ ရှိတယ်။ အဲ့ဒီနေ့ နေ့လည် (၁) နာရီမှာ လေယာဉ်ထပ်လာတယ်။ ...စခန်းကို လာပစ်တာထင်တယ်။ ...စခန်းက ကျွန်တော်တို့ ရွာနဲ့ ဆို နည်းနည်းလှမ်းတယ်။ ကျွန်တော်တို့ရွာက အိမ်ကို ထိပြီး အိမ်မီးလောင်သွားတယ်။ ရွာသားတွေက မီးလောင်တာကို ဝိုင်းသတ်ပေမဲ့ မီးလောင်တာကို တားလို့မရပဲ ဘေးနားက အိမ်တစ်လုံးကိုပါ မီးကူးစက်သွားတယ်။ အခြားအိမ် (၈) လုံးလည်း လေယာဉ်ပစ်ခတ်တာကြောင့် ထိခိုက်ပျက်စီးသွားတယ်။ သီလရှင်ကျောင်းတိုက် (၁) လုံးလည်း ထိခိုက်သွားတယ်။ ဒီရွာမှာ ရွာသူရွာသားရှိတာ သူတို့သိတယ်။ သက်သက်လုပ်တာပဲ” ဟု ဒူးသထူ (သထုံခရိုင်)နေ ဦးခွယ် (အမည်လွှဲ) မှ ၎င်း၏ အတွေ့အကြုံကို မျှဝေခဲ့သည်။

စစ်ကောင်စီ၏ ရည်ရွယ်ချက်ရှိရှိ ပြည်သူများအပေါ်တွင် စစ်ရာဇဝတ်မှုကျူးလွန်သော ဖြစ်ရပ်များ အနက်မှ တစ်ခုကို မူတြော်ခရိုင်တွင် နေထိုင်သော စောစံ(အမည်လွှဲ) ၏ပြောပြချက်မှာ “ကျွန်တော်တို့ရွာက ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး တပ်စခန်းတွေနဲ့ ဝေးတယ်။ အဲ့နေ့မနက် ဗမာစစ်တပ်ရဲ့ တပ်စခန်းတွေကို ကရင်စစ်သားတွေ တက်သိမ်းပြီးတော့ စစ်သုံ့ပန်း ငါးယောက်လောက် ဖမ်းမိလာတယ် ကြားတယ်။ ရွာလူကြီးက ကျွန်တော်တို့ရွာသားတွေကို ဗုံးခိုကျင်းတွေ ပြင်ထားဖို့နဲ့ လေကြောင်းတိုက်ခိုက်မှုအတွက် အကာအကွယ်ယူထားဖို့ ရွာမှာ လိုက်ပြောထားတယ်။ ညနေလောက်မှာ လေယာဉ်နဲ့


**ဗုံးလာကြဲတယ်။ ကျွန်တော်ရယ် ကျွန်တော့်မိန်းမရယ် ကလေးနှစ်ယောက်ရယ် ဗုံးခိုကျင်းထဲမှာ ဝင်ပုန်းနေတာပေါ့။ ရွာမှာတော့ ကရင်စစ်သားတွေ မလာဘူး၊ ရွာသားတွေပဲ။ (၂၇-၀၃-၂၀၂၁) ရက်နေ့ မနက်မှာပဲ ဗုံးက ကျွန်တော့အိမ်ရှေ့မှာလည်း တစ်လုံးကျတယ်။ ကျွန်တော်တို့အိမ်တော့ နည်းနည်းပါးပါးပဲ ထိတယ်။ ရွာက ကျောင်း ပြိုသွားတယ်။ ဆေးရုံလည်းပြိုသွားတယ်။ ဒီကောင်တွေ ဘာလို့ ရွာကအိမ်တွေ၊ ဆေးရုံးတွေ၊ ကျောင်းတွေကိုပဲ လာပစ်နေလဲမသိဘူး” ဟူ၍ဖြစ်သည်။**

မြန်မာစစ်တပ်၏ ဝေဟင်တိုက်ခိုက်မှုအတွက် ဒရုန်း (Drones) များတွင် ၆၀ မမ လက်နက်ကြီးကျည်များ ချိတ်ဆွဲ၍ ပစ်ချတိုက်ခိုက်မှုများလည်း ပါဝင်သည်။ ထိုသို့သော တိုက်ခိုက်မှုသည် ပို၍တိကျသေချာသော ချိန်ဆမှုကို ပြုလုပ်နိုင်ပြီး ပစ်မှတ်ကို ပို၍ ခွဲခြားသုံးသပ် အတည်ပြုနိုင်သည်။ သို့သော် မြန်မာစစ်တပ်၏ ဒရုန်းဖြင့် ပစ်ခတ်တိုက်ခိုက်မှုများတွင် ကေအဲန်ယူကို သီးသန့် ပစ်မှတ်ထား တိုက်ခိုက်ခြင်းမဟုတ်ပဲ၊ ဘုန်းကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံဆေးခန်းများနှင့် ပြည်သူလူထု၏ အိမ်များကိုလည်း ပစ်ခတ်တိုက်ခိုက်သည်ကို တွေ့ရသည်။ ထိုသို့ ပစ်ခတ်တိုက်ခိုက်မှု ကြောင့်လည်း အရပ်သားပြည်သူ လူထုများ ထိခိုက်ဒဏ်ရာရရှိမှုများလည်း ရှိသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက် နောက်ပိုင်း စစ်ကောင်စီက ကေအဲန်ယူ ခရိုင်များအတွင်းရှိ ပြည်သူများအား လေကြောင်းဖြင့် ပစ်မှတ်ထား တိုက်ခိုက်မှုများသည် သိသိသာသာ တိုးမြှင့်လုပ်ဆောင် လာကြောင်း ကေအဲန်ယူ လူ့အခွင့်အရေး ကော်မတီမှ မှတ်တမ်းထင်ထားသော အချက်အလက်များအားဖြင့် တွေ့မြင်နိုင်သည်။ ကေအဲန်ယူ၏ မှတ်တမ်း အချက်အလက်များအရ (၂၀၂၁ - ၂၀၂၂) ခုနှစ်အတွင်း စစ်ကောင်စီမှ စစ်ရဟတ်ယာဉ်များအား အသုံးပြုကာ ကော်သူးလေခရိုင်များအတွင်း ပြည်သူများကို အကြိမ်ပေါင်း (၅၃) ကြိမ် တိုက်ခိုက်ခဲ့သည်။ ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး အုပ်ချုပ်နယ်မြေ ဒူးသထူ (သထုံ) ခရိုင်၊ ခလယ်လွို့ထူ (ညောင်လေးပင်) ခရိုင်၊ မူတြော် (ဖာပွန်) ခရိုင်၊ ဒူးပလာယာခရိုင် အစရှိသော နယ်မြေများ အတွင်းတွင် မှီတင်းနေထိုင်ကြသော ပြည်သူများသည် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် လေကြောင်းထိုးစစ်ဒဏ်ကို ပြင်းပြင်းထန်ထန် ခံစားနေကြရသည်။ အထက်ပါ ရေးသားတင်ပြခဲ့သည့်အတိုင်း လေကြောင်းတိုက်ခိုက်မှုကြောင့် ပြည်သူများ ထိခိုက်သေဆုံးမှုရှိပြီး၊ နေအိမ်များ၊ ဆေးရုံများ၊ စာသင်ကျောင်းများ၊ ဘုန်းကြီးကျောင်းနှင့် ဘုရားကျောင်းများ ကဲ့သို့သော ဘာသာရေးအဆောက်အအုံများ ပျက်စီးမှုများရှိခဲ့ကြောင်း ကေအဲန်ယူ လူ့အခွင့်အရေးကော်မတီ၏ မှတ်တမ်း သတင်းအချက်အလက်များအရ တွေ့မြင်နိုင်သည်။




ဇယား (၅)


ကေအဲန်ယူထိန်းချုပ်နယ်မြေ-ခရိုင်/တပ်မဟာ (၇)ခုအတွင်းရှိ လေကြောင်းတိုက်ခိုက်မှု
- (၂၀၂၁ မှ ၂၀၂၂)ခုနှစ်
မကွေးတိုင်း
ကရင်နီပြည်နယ်
ပဲခူးတိုင်း
ထိုင်းနိုင်ငံ
တောအူးခရိုင်
ဒေါဖားနိုမြို့နယ်
ထောတထူမြို့နယ်
ခလယ်လွီထူခရိုင်
မုန်းမြို့နယ်
12,453 - IDPs
44,441- IDPs
8,092- IDPs
ဆောထိမြို့နယ်
မူတြော်ခရိုင်
2,067 - IDPs
12,453 - IDPs
လူသောမြို့နယ်
45,080 - IDPs
51,067 - IDPs
ဒူးသထူခရိုင်
7,790 - IDPs
24,965 - IDPs
6,841 - IDPs
35,109 - IDPs
ဖားအံခရိုင်
8,600 - IDPs
ဒူးပလာယာခရိုင်
62,968 -IDPs
2,898 -IDPs
15,457 -IDPs
15,520-IDPs
ဘလိ-ထားဝယ်ခရိုင်
မြေပုံအညွှန်း
လေကြောင်းတိုက်ခိုက်မှု (၂၃၀)ကြိမ်
တောအူး (တောင်ငူ)ခရိုင်
ဒူးသထူ (သထုံ) ခရိုင်
ခလယ်လွီထူ (ညောင်လေးပင်)ခရိုင်
ဘလိ-ထားဝယ် (မြိတ်ထားဝယ်)ခရိုင်
မူတြော် (ဖာပွန်)ခရိုင်
ဒူးပလာယာခရိုင်
ဖားအံခရိုင်
မြန်မာနိုင်ငံ
0
40,000
80,000
160,000 Meters

စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများကို ကာကွယ်ရန်အတွက် သောင်းနှင့်ချီသော ကျေးရွာနေပြည်သူများသည် သစ်တောနှင့် သဘာဝလိုဏ်ဂူများ အတွင်း၌ဖြစ်စေ၊ နယ်စပ်ဒေသ၌ ဖြစ်စေ၊ ထိုင်း-မြန်မာနယ်စပ်ဖြစ်သော သောင်ရင်းမြစ်ကို ဖြတ်ကျော်၍ ဖြစ်စေ၊ ကိုယ်တိုင်ပြင်ဆင်ထားကြသည့် ကတုတ်ကျင်းများ၌ဖြစ်စေ ခိုလှုံနေထိုင်ကြရသည်။ အထက်ပါဇယားအရ ဒူးပလာယာခရိုင်သည် လေကြောင်းတိုက်ခိုက်ခံရမှု အမြင့်ဆုံးတွင်ရှိနေသည်။ မူတြော် (ဖာပွန်) ခရိုင်သည် လေကြောင်း တိုက်ခိုက်ခံရမှု ဒုတိယအများဆုံးခရိုင်ဖြစ်ပြီး ခလယ်လွီထူ (ညောင်လေးပင်) ခရိုင်သည် လေကြောင်းတိုက်ခိုက်ခံရမှုတွင် တတိယအများဆုံးတွင် ရှိနေသည်။


အောက်ပါဇယားသည် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုမှ အရပ်သားများ နှင့် ပြည်သူပိုင် ပစ္စည်းများ ထိခိုက်၊ သေဆုံး၊ ပျက်စီးမှုများကို ဖော်ပြထားသော စာရင်းဖြစ်သည်။

| ၂၀၂၁ -၂၀၂၂ ခုနှစ်အတွင်း စစ်ကောင်စီမှ ကေအဲန်ယူနယ်မြေရှိ ပြည်သူများကို လေယာဉ်ဖြင့် ပစ်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ | | | |
|---|---|---|---|
| ၁။ | လေယာဉ်ပစ်ခတ်မှု (ကြိမ်ရေ) | ၂၃၀ | ကြိမ် |
| ၂။ | အိုးအိမ်ပျက်စီးမှု | ၁၈၄ | လုံး |
| ၃။ | အဆောက်အအုံပျက်စီးမှု | ၁၄ | လုံး |
| ၄။ | ဆေးရုံ ပျက်စီးမှု | ၄ | လုံး |
| ၅။ | စာသင်ကျောင်း ပျက်စီးမှု | ၃ | ကျောင်း |
| ၆။ | ဘုန်းကြီး/သီလရှင်ကျောင်း ပျက်စီးမှု | ၃ | ကျောင်း |
| ၇။ | ခရစ်ယာန်ဘုရားကျောင်း ပျက်စီးမှု | ၃ | ကျောင်း |
| ၈။ | ပြည်သူ ထိခိုက်မှု (ဦးရေ) | ၄၄ | ဦး |
| ၉။ | ပြည်သူ သေဆုံးမှု (ဦးရေ) | ၂၂ | ဦး |

ဇယား (၆)

အောက်ပါဇယားသည် ၂၀၂၁ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ပြည်သူများ ထိခိုက် သေဆုံး ပျက်စီးမှုများကို ဖော်ပြထားသော ဇယားဖြစ်သည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ အထိ စစ်ကောင်စီမှ ပြည်သူလူထုကို ရန်သူသဖွယ် ပစ်မှတ်ထားတိုက်ခိုက်မှု အကြိမ်ရေ (၂၃၀) ကြိမ်တိတိ ကျူးလွန်ခဲ့မှုကြောင့် ပြည်သူများ၏ နေအိမ်ပျက်စီးမှု (၁၈၄) လုံး၊ ပြည်သူသေဆုံးမှု (၂၂) ဦး၊ ပြည်သူထိခိုက်မှု (၄၄) ဦးထိ ရှိခဲ့သည်။ အလားတူပင် စစ်ရဟတ်ယာဉ် အသုံးပြုတိုက်ခိုက်မှုကြောင့် ပြည်သူလူထုပိုင် အဆောက်အအုံ (၁၄)လုံး (စပါးကျည်၊ စပါးကြိတ်စက်၊ ဈေးဆိုင်)၊ ဆေးရုံ (၄) လုံး၊ စာသင်ကျောင်း (၃) ကျောင်း၊ ဘုန်းကြီး/သီလရှင်ကျောင်း (၃) ကျောင်း နှင့် ဘုရားကျောင်း (၃) ကျောင်း ပျက်စီးမှုများ ရှိခဲ့သည်။

**၂၀၂၁-၂၀၂၂ ခုနှစ်အတွင်း စစ်ကောင်စီမှ လေယာဉ်ဖြင့် ပစ်ခတ်ခြင်း**




ဇယား (၇)

လေကြောင်းတိုက်ခိုက်မှုကို စစ်၏ သဘောတရားအရ တိုက်ခိုက်သူနှစ်ဦးနှစ်ဖက်ကသာ အပြန်အလှန် စစ်ရေးပစ်မှတ်အဖြစ် ရှိနေသော အခင်းအကျင်းတွင် ပြည်သူလူထုအတွက် ထိခိုက်ပျက်ဆီးမှု နည်းနိုင် သော်လည်း ပြည်သူလူထုကို စစ်ရေးအတွက် ခုတုံးလုပ် အမြတ်ထုတ်ပြီး လေကြောင်းဖြင့် ပစ်မှတ်ထား တိုက်ခိုက်ရာတွင်မူ စစ်ရာဇဝတ်မှုများကို ပြောင်ပြောင်တင်းတင်း ကျူးလွန်ခြင်းဖြစ်သည့် အတွက် လူ့အခွင့်အရေးများစွာကို ချိုးဖောက်ဖျက်ဆီးမှုလည်း ဖြစ်နှင့်ပြီး ဖြစ်သည်။

ဓါတ်ပုံမှတ်တမ်း

## စစ်ကောင်စီ၏ လေယာဉ်ဖြင့် တိုက်ခိုက်မှုကြောင့် ပျက်စီးခဲ့သော အများပြည်သူပိုင်နှင့် လူနေအဆောက်အအုံများ












# ၂ မြေပြင်တိုက်ခိုက်မှု

စစ်ကောင်စီတပ်များသည် အပြစ်မဲ့ပြည်သူလူထုကို ရန်သူသဖွယ် စစ်ရေးပစ်မှတ်ထား တိုက်ခိုက်ရာတွင် လေကြောင်းကဲ့သို့ သက်ရောက်မှု ပြင်းထန်သော အခြားသော တိုက်ခိုက်မှုတစ်မျိုးမှာ မြေပြင်မှ တိုက်ခိုက်ဖျက်ဆီးမှုဖြစ်သည်။ ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး အနေဖြင့် ပြည်သူလူထုအားလုံးအတွက် တရားမျှတမှု နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံချက်ပေးနိုင်သော ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို ရရှိရေးအတွက် နိုင်ငံရေးနည်းလမ်းဖြင့် အဖြေရှာရာတွင် ခေတ်အဆက်ဆက်အာဏာကို မက်မောစွာ ဆုပ်ကိုင်ထားသော စစ်အစိုးရများက တားမြစ်ပိတ်ပင်ပြီး စစ်ရေးဖြင့်သာ ချေမှုန်းဖျောက်ဖျက်ရန် ရည်ရွယ်ချက်ရှိသည်။ ထို့ကြောင့် မြေပြင်စစ်ဆင်ရေးပေါင်း မြောက်များစွာကို ပြုလုပ်ခဲ့ပြီး ၎င်းတို့၏ စစ်ဆင်ရေးများအတွက် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ထည့်သွင်းစဉ်းစားခြင်းမရှိပဲ ၎င်းတို့၏ စစ်ရေးအောင် မြင်ရန် အတွက် မည်သည့်နည်းလမ်းဖြင့်မဆို ပြုလုပ်လေ့ရှိသည်။

၂၀၂၁ ခုနှစ် အာဏာသိမ်းဖြစ်စဉ်နောက်ပိုင်းတွင် ကေအဲန်ယူ အနေဖြင့် မြန်မာစစ်တပ်၏ ကြီးစိုးမှုကိုသာ အာမခံသော ၂၀၀၈ အခြေခံဥပဒေကို လက်မခံနိုင်ကြောင်း၊ မြန်မာစစ်တပ်၏ မတရား ဗိုလ်ကျစိုးမိုးမှု ဖြစ်သော အာဏာသိမ်းဖြစ်စဉ်ကို ကန့်ကွက်ကြောင်း နှင့် အကြမ်းမဖက် ငြိမ်းချမ်းစွာဆန္ဒပြသော ပြည်သူနှင့်အတူ ရပ်တည်ကြောင်းတို့ကို မြန်မာနိုင်ငံတွင်စစ်အာဏာသိမ်းဖြစ်စဉ် အစောပိုင်းတွင် ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား အတိအလင်း ထုတ်ပြန်ကြေညာခဲ့သည်။ ထိုသို့ ထုတ်ပြန်ကြေညာပြီး နောက်ပိုင်းတွင် မြန်မာစစ်တပ် တဖြစ်လဲ စစ်ကောင်စီသည် ကေအဲန်ယူ -ကရင်အမျိုးသားအစည်းအရုံး အုပ်ချုပ်ရာဒေသအတွင်း ၎င်း၏ စစ်ရေးတိုးချဲ့မှုများကို ပုံမှန်ပြုလုပ်လာသည်။ စစ်ကောင်စီသည် ကရင်ပြည်နယ်ရှိ ကေအဲန်ယူ အုပ်ချုပ်ရာနယ်မြေများတွင် ကျူးကျော်ဝင်ရောက်ပြီး ကေအဲန်ယူ၏ ကောင်းမွန်သော စီမံအုပ်ချုပ်မှု (ဥပဒေများ ပြဋ္ဌာန်းခြင်း၊ စီမံအုပ်ချုပ်ခြင်းနှင့် တရားစီရင်ခြင်း)ကို ထိပါးစေသည့်လုပ်ရပ်များနှင့် စစ်ရေး ပိုမိုတင်းမာလာစေနိုင်သော လုပ်ရပ်များကို အဆက်မပြတ် ရည်ရွယ်ချက်ရှိရှိဖြင့် ပြုလုပ်ခဲ့သည်။ ထို့နောက် ကော်သူးလေဒေသတွင် မြေပြင်ထိုးစစ်များကို အကြိမ်ကြိမ်ပြုလုပ်ခဲ့သည်။ ဤသို့ စစ်ကောင်စီ တပ်များ မြေပြင်ထိုးစစ်ဆင်ရာ၌ လူ့အခွင့်အရေးကို လျစ်လျူရှု၍ ကျေးရွာလူထုတို့နေထိုင်ရာ ဒေသများ ကို စစ်မြေပြင်သဖွယ် ပြုမှုလေ့ရှိသည်။

၎င်းတို့၏ ပြည်သူလူထုအပေါ် မြေပြင်တိုက်ခိုက်မှုတွင် အမျိုးအစားသုံးမျိုးဖြင့် ခွဲခြမ်းသုံးသပ် ဆွေးနွေး သွားမည်ဖြစ်သည်။ ၎င်းတို့မှာ လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်မှု၊ မြေမြှုပ်မိုင်းများဖြင့် တိုက်ခိုက်ခြင်း နှင့် လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခြင်းတို့ ဖြစ်ကြသည်။

အရပ်သားပြည်သူလူထုသည် စစ်ရေးပစ်မှတ်မဟုတ်သော်လည်း မြန်မာစစ်တပ်သည် အပစ်မဲ့ အရပ်သား များကို လက်နက်ကြီး၊ လက်နက်ငယ် များဖြင့် ပစ်ခတ်ခြင်း၊ အကြောင်းမဲ့ ကျေးရွာလူထုများ ကြောက် လန့်မှု ဖြစ်ပေါ်စေရန် ပစ်သတ်ခြင်း နှင့် ပြည်သူလူထုနေထိုင်သော ကျေးရွာပတ်ဝန်းကျင်တွင် မိုင်းထောင် တိုက်ခိုက်ခြင်း စသည့် လူ့အခွင့်အရေးချိုးဖောက်မှုများအား ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး အုပ်ချုပ်ရာဒေသများတွင် ကျူးလွန်လျက်ရှိသည်ကို ကေအဲန်ယူ လူ့အခွင့်အရေးကော်မတီက မြန်မာစစ်တပ် တဖြစ်လဲ စစ်ကောင်စီ၏ လူ့အခွင့်အရေးကျူးလွန်မှု မှတ်တမ်း အချက်အလက်များကို ကောက်ယူခဲ့သည်။ ကောက်ယူစုဆောင်းထားသော အချက်အလက်များအရ စစ်ကောင်စီမှ အရပ်သားပြည်သူများအား ရန်သူသဖွယ် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စစ်ရေးပစ်မှတ်ထား တိုက်ခိုက် သတ်ဖြတ်မှုကြောင့် ကျေးရွာလူထု၏ နေ့စဉ်ဘဝလုံခြုံမှု၊ နေအိမ်နှင့် အဆောက်အဦးများ၊ ဆေးရုံများ၊ စာသင်ကျောင်းများ၊ ဘာသာရေးဆိုင်ရာ အဆောက်အဦးများ ပျက်ဆီးဆုံးရှုံးခြင်းများအပြင် အသက်အန္တရာယ်များနှင့် ရင်ဆိုင်တွေ့ကြုံခံစားကြရပြီး အာဏာသိမ်းဖြစ်စဉ်စတင်သည်မှစ၍ ဒီဇင်ဘာလထိ ပြည်သူ ပေါင်း (၆၈) ဦးသေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှု မြောက်များစွာ ရှိခဲ့သည်။



## ၂.၁ ။ လက်နက်ကြီးဖြင့် တိုက်ခိုက်ခြင်း

တာဝေးပစ်ရန်နှင့် စစ်ရေးပစ်မှတ်ကို သက်ရောက်မှုအား ပို၍ပြင်းထန်ရန်လိုအပ်သော မည်သည့် တိုက်ခိုက်မှုမျိုးတွင် မဆို လက်နက်ကိုင်အဖွဲ့အစည်းများသည် လက်နက်ကြီးကို အသုံးပြုလေ့ရှိကြသည်။ လက်နက်ကြီးဟုဆိုရာတွင် အသုံးများသော အမျိုးအစားများမှာ ၆၀ မမ၊ ၁၂၀ မမ စသည့် ကျည်ဖူးများဖြင့် အသုံးပြုရသော စိန်ပြောင်းများ (Mortar) နှင့် အာပီဂျီ အမြောက် (RPG) တို့ဖြစ်ကြသည်။ ကော်သူးလေဒေသအတွင်း နှစ်ဖက်တိုက်ပွဲများ ဖြစ်သောအခါ ထိုလက်နက်ကြီးများကို နှစ်ဖက်သော လက်နက်ကိုင်အဖွဲ့များမှ အသုံးပြုလေ့ ရှိကြသည်။ သို့သော် လက်နက်ကိုင်ဆောင်ထားသော အဖွဲ့အစည်းများသည် ဂျနီဗာကွန်ဗင်းရှင်းပါ အချက်များအရ အပြစ်မဲ့သော ပြည်သူလူထု၏ အသက်အိုးအိမ် ပျက်စီးဆုံးရှုံးစေမှုများကို ရှောင်ကြဉ်ရမည်မှာ လက်နက်ကိုင်အဖွဲ့အားလုံး၏ တာဝန်နှင့် ဝတ္တရား ဖြစ်သည်။ ထို့ကြောင့် ကော်သူးလေဒေသအတွင်း မည်သည့်လက်နက်ကိုင်အဖွဲ့အစည်းက မည်သို့မည်ပုံ လက်နက်ကြီးကို အသုံးပြုသည်ကို အသေးစိတ်လေ့လာကြည့်ခြင်းအားဖြင့် စစ်ကောင်စီ သည် ရည်ရွယ်ချက်ရှိရှိဖြင့် အပြစ်မဲ့ပြည်သူလူထုကို တိုက်ခိုက်ပြီး လူ့အခွင့်အရေးများကို ပြောင်ပြောင် တင်းတင်း ချိုးဖောက်နေသည်ကို တွေ့နိုင်ပေမည်။

မြန်မာနိုင်ငံတွင် အာဏာသိမ်းဖြစ်စဉ်ဖြစ်ပွားပြီးနောက် နိုင်ငံတော်၏ အချုပ်အခြာအာဏာ သုံးရပ်ဖြစ်သော အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ဥပဒေပြုရေး စသည့် အာဏာသုံးရပ်လုံးကို မြန်မာစစ်တပ် တဖြစ်လဲ စစ်ကောင်စီမှ သိမ်းယူပြီး ကျင့်သုံးနေသည်။ ဥပဒေပြုရေးအာဏာကို စစ်ကောင်စီမှ လက်နက်အားကိုးဖြင့် သိမ်းယူခဲ့သောကြောင့် မည်သည့်လွှတ်တော်မျှ လည်ပတ်ခြင်း မရှိတော့ပေ။ စစ်ရေးအသုံးစရိတ်များကို ကန့်သတ်မည့် လွှတ်တော်၏ ဆုံးဖြတ်ချက် မလိုအပ်သောကြောင့် စစ်ရေးအသုံးစရိတ်များကို လွှတ်တော်တွင် အကန့်အသတ်ဖြင့် ရယူသုံးစွဲရန် မလိုအပ်တော့ပေ။ စစ်ရေးအတွက် ပြည်သူ့ဘဏ္ဍာငွေမှ ထုတ်ယူသုံးစွဲသည့် အသုံးစရိတ်သည်လည်း ပွင့်လင်းမြင်သာမှု မရှိတော့သည့်အလျောက် စစ်ကောင်စီသည် ပြည်သူ့ဘဏ္ဍာငွေဖြင့် ၎င်း၏ စစ်ရေးအသုံးစရိတ်ကို စိတ်တိုင်းကျ သုံးစွဲနေသည်မှာ မလွဲဧကန်ပင် ဖြစ်သည်။ ထိုးစစ်ဆင်ခြင်းများ ပိုမိုလုပ်ဆောင်ရန် လိုအပ်လာသည်နှင့်အမျှ စစ်ကောင်စီသည် လက်နက်ခဲယမ်းများကို များပြားစွာ အသုံးပြုရန်လိုအပ်သော လက်နက်ကြီးနှင့် ၎င်း၏ကျည်ဆံများ ထုတ်လုပ်မှုအတွက် ဖြစ်စေ၊ ဝယ်ယူသုံးစွဲမှုအတွက် ဖြစ်စေ၊ စစ်ရေးအသုံးစရိတ်များကို တိုးမြှင့်သုံးစွဲလာသည်။ အထူးသဖြင့် စစ်ကောင်စီတပ်များ၏ ထိုးစစ်များတွင် ဖြစ်စေ၊ အလစ်ငိုက်တိုက်ခိုက်ခြင်းတွင် ဖြစ်စေ စစ်ကောင်စီတပ်များသည် အနီးကပ် သွားရောက်တိုက်ခိုက်ရန်မလိုသော၊ ၎င်းတို့တပ်သားများအတွက် အန္တရာယ်နည်းသည့် ၆၀ မမ နှင့် ၁၂၀ မမ ကျည်များ(စိန်ဖူး)ဖြင့် မိမိတို့အခြေချရာ တပ်စခန်းများမှ လှမ်းပစ်ခြင်းကို ပြုလုပ်လေ့ရှိသည်။ ထိုနည်းလမ်းသည် လက်နက်ခဲယမ်းအလွန်များပြားစွာ ဝယ်ယူ ထုတ်လုပ်ထားသော စစ်ကောင်စီတပ်များ၏ အဓိကဗျူဟာဖြစ်သည်။ လက်နက်ကြီးအမျိုးအစားများအနက် ၆၀ မမ ကျည်နှင့် ၁၂၀ မမ ကျည်များ အသုံးပြု၍ ပစ်ခတ်ရသော စိန်ပြောင်းသည် တာဝေးပစ်မှတ်များအတွက် အသုံးပြုရသည့်အလျောက် ပစ်မှတ်မှန်ကန် တိကျမှုမှာလည်း အားနည်းချက်ရှိသည်။ ထို့ကြောင့် လက်နက်ကြီးစိန်ပြောင်းကို ပစ်ခတ်ရာတွင်

အကွာအဝေးများကို ခန့်မှန်း၍သာ ပစ်ခတ်ရသည်။ ကော်သူးလေဒေသတွင် စစ်ကောင်စီတပ်များ၏ လက်နက်ကြီး အသုံးပြု၍ ပြည်သူလူထုအား တိုက်ခိုက်ပစ်ခတ်မှုအမျိုးအစားကို လေ့လာရာတွင် ယေဘုယျအားဖြင့် ပုံစံ (၂) မျိုးဖြင့် တွေ့ရသည်။

စစ်ကောင်စီတပ်တို့၏ လက်နက်ကြီးအသုံးပြုမှု ပထမအမျိုးအစားမှာ စစ်ကောင်စီတပ်များသည် ပြည်သူများနေထိုင်သော ကျေးရွာပတ်ဝန်းကျင်တွင် အခြေချကာ ကျေးရွာလူထုကို အကာအကွယ်ယူ၍ တာဝေးသို့ ပစ်ခတ်ခြင်းဖြစ်သည်။ ထို့နောက် ဒုတိယအမျိုးအစားမှာ နှစ်ဦးနှစ်ဖက် တိုက်ခိုက်နေစဉ်အတွင်း သော်လည်းကောင်း၊ ၎င်းတို့၏ သံသယရှိရာအရပ်သို့ လည်းကောင်း၊ ပြည်သူ့အသက်နှင့် အိုးအိမ်များကို ဖျက်ဆီးလိုသော အခါတွင်လည်းကောင်း၊ စစ်ကောင်စီတပ်တို့သည် ၎င်းတို့အခြေချရာ ယာယီတပ်စခန်းများမှ ဖြစ်စေ၊ ရှေ့တန်းတပ်စခန်းများမှ ဖြစ်စေ၊ တာဝေးမှ ပစ်ခတ်လေ့ရှိသည်။ ဤလက်နက်ကြီး အသုံးပြုပုံ (၂) မျိုးကို ခံစားကြုံတွေ့ခဲ့ရသော ပြည်သူလူထု၏ ဖြေကြားချက်များအပေါ်တွင် အခြေပြု သုံးသပ်ဆွေးနွေးခြင်းအားဖြင့် စစ်ကောင်စီတပ်များ၏ စစ်ရာဇဝတ်မှုကျူးလွန်ခြင်းများသည် မတော်တဆမဟုတ်ပဲ စစ်ရေးအသာစီးရရေး ရည်ရွယ်ချက်သက်သက်ဖြင့်သာ ကျူးလွန်သည်ကို တွေ့မြင်ရသည်။

စစ်ကောင်စီ၏ စစ်ကြောင်းများသည် ယာယီတပ်စခန်းချရာတွင် ၎င်းတို့၏ လုံခြုံရေးအတွက် များသောအားဖြင့် ကျေးရွာလူထု၏ ပတ်ဝန်းကျင်များတွင်သာ ရွေးချယ်လေ့ရှိကြသည်။ ကျေးရွာလူထု၏ ပတ်ဝန်းကျင်ဟုဆိုရာတွင် ကျေးရွာတွင်းရှိ ဘုန်းကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ကျေးရွာခန်းမများနှင့် ကျေးရွာတွင်းရှိ အခြားသောတည်းခိုနိုင်သောနေရာများ အစရှိသည့် နေရာများတွင် ယာယီစခန်းချ နေထိုင်ကြသည်။ စစ်ကောင်စီစစ်ကြောင်းတို့သည် KNLA/KNDO တပ်များနှင့် ပူးပေါင်းတပ်ဖွဲ့များ တည်ရှိရာဟု ၎င်းတို့ယူဆသည့် နေရာများကို တာဝေးမှနေ၍ လက်နက်ကြီး ၆၀ မမ၊ ၁၂၀ မမ တို့ဖြင့် လှမ်းပစ်လေ့ရှိသည်။ ထိုသို့ စစ်ကောင်စီစစ်ကြောင်းမှ ကျေးရွာတွင် စခန်းချ၍ လက်နက်ကြီးများ စတင်ပစ်ခတ်သောအခါ ထိုကျေးရွာနှင့် အနီးအနားကျေးရွာများမှ ရွာသူရွာသားများသည် ဘေးကင်းရာသို့ ထွက်ပြေးရှောင်ပုန်းကြရသည်။ ထိုကဲ့သို့ ပစ်ခတ်တိုက်ခိုက်မှုသည် စစ်ကောင်စီတပ်များ မကြာခဏ ကျင့်သုံးလေ့ရှိသော နည်းဗျူဟာဖြစ်သည်။ တော်လှန်ရေးအစုအဖွဲ့များဖြစ်သော KNLA/KNDOနှင့် ပူးပေါင်းတပ်ဖွဲ့များမှ ကျေးရွာများတွင် အခြေချနေသော စစ်ကောင်စီတပ်များကို ပြန်လည် ပစ်ခတ်မည်ဆိုပါက ကျေးရွာနှင့် လူထု အိုးအိမ်များကို ထိခိုက်ပျက်စီးမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုကျေးရွာများတွင် ကေအဲန်ယူ -ကရင်အမျိုးသားအစည်းအရုံး စီမံအုပ်ချုပ်မှုနှင့် ပြည်သူ့ဝန်ဆောင်မှုများကို ပေးနေသော ကျေးရွာများ ဖြစ်ခြင်းနှင့် ကျေးရွာလူထု၏ အသက်အိုးအိမ်များ ပျက်ဆီးဆုံးရှုံးမှုများ ကြီးမားနိုင်ခြင်း စသည့်အချက်များ ကြောင့် စစ်ကောင်စီတပ်များတည်ရှိရာ ပြည်သူလူထု၏ကျေးရွာများသို့ တော်လှန်ရေးအစုအဖွဲ့များ ဖြစ်သည့် KNLA/KNDOနှင့် ပူးပေါင်းတပ်ဖွဲ့များသည် လက်နက်ကြီးကျည်များ (စိန်ဖူး) အသုံးပြု၍ ပြန်လည်ပစ်ခတ်ခြင်းများသည် သင့်လျော်မှန်ကန်သည့် ရွေးချယ်လုပ်ဆောင်မှုတစ်ခု မဟုတ်ကြောင်း ကိုလည်း ကောင်းစွာသိရှိထား ကြသည်။ စစ်ကောင်စီတပ်များကလည်း လက်နက်ကြီးများဖြင့် တန်ပြန်တိုက်ခိုက်ခံရမည် မဟုတ်ကြောင်းကို သိနှင့်ထား၍ ၎င်းနည်းလမ်းကို အဓိကထား အသုံးပြုကြသည်။

စစ်ကောင်စီတပ်များသည် ပြည်သူလူထု၏ ကျေးရွာပတ်ဝန်းကျင်ကို ခံတပ်သဖွယ် အကာအကွယ်ယူ၍ ပစ်ခတ်သောအခါ တိကျသေချာမှုမရှိပဲ ပြည်သူလူထု၏ နေအိမ်များ၊ ကျောင်းများ၊ ဘာသာရေး အဆောက်အအုံများ၊ ဆေးရုံများ၊ ဆေးပေးခန်းများနှင့် စိုက်ပျိုးထားသော လယ်ယာစိုက်ခင်းများ ထိခိုက်ပျက်စီးလေ့ရှိပြီး ပြည်သူလူထုများ ထိခိုက်ဒဏ်ရာရမှုများလည်း ရှိသည်။ ထိုသို့ စစ်ကောင်စီတပ်များ လက်နက်ကြီးကျည်များ (စိန်ဖူး) အသုံးပြု၍ စတင် ရမ်းသမ်းပစ်ခတ်ခြင်းကြောင့် တော်လှန်ရေးပြောက်ကျားတပ်ဖွဲ့များနှင့် ထိတွေ့တိုက်ပွဲများ တခါတရံ ဖြစ်ပွားလေ့ရှိသည်။ ပြောက်ကျားစစ် ဆင်နွှဲခြင်း သဘောသဘာဝအလျောက် ကျေးရွာပတ်ဝန်းကျင်ကို ပျက်ဆီးဆုံးရှုံးမှုများနိုင်သော လက်နက်ကြီးများကို အသုံးပြုခြင်းမရှိပဲ လက်နက်ငယ်များဖြင့်သာ အလျင်းသင့်သလို ပစ်ခတ်နှိမ်နင်းလေ့ရှိသည်။

စစ်ကောင်စီတပ်များ၏ အခြားသော လက်နက်ကြီး အသုံးပြုမှုတစ်မျိုးမှာ ရှေ့တန်းတပ်စခန်းများမှ ၎င်းတို့၏ ရန်သူရှိသည်ဟုယူဆသော မည်သည့် နေရာကိုမဆို သတင်းအချက်အလက် အတည်ပြုခြင်းမရှိပဲ ပစ်ခတ်ခြောက်လှန့်လေ့ရှိသည်။ ဒေသတစ်ခု၏ တောတောင်ပတ်ဝန်းကျင်တွင် ၎င်းတို့၏ တပ်စခန်းနေရာမှလွဲ၍ ကျန်ရှိသော ပတ်ဝန်းကျင်ကို စစ်ရေးပစ်မှတ်အနေဖြင့် ပစ်မှတ်ထားတိုက်ခိုက်ရန် ဝန်မလေးပေ။ နိုင်ငံတကာ စစ်စည်းမျဉ်းစည်းကမ်း ဖြစ်သော လေးခုမြောက်ဂျနီဗာကွန်ဗင်းရှင်းတွင် ပြည်သူလူထုကို စစ်ရေးပစ်မှတ်မထားရန်နှင့် ပြည်သူ လူထုနှင့် ရန်သူကို ခွဲခြမ်းစိတ်ဖြာအတည်ပြုပြီးမှသာ တိုက်ခိုက်မှုကို

ပြုလုပ်ရန် သတ်မှတ်ထားသည်။ လူထုအာခံလှုပ်ရှားမှု(CDM)တွင် ပါဝင်လှုပ်ရှားလာသည့် ကိုယ်ပိုင်အမှတ်-တ/၅-----၊ ခမရ-၄၀၃၊ သရုပ်ချောင်းတွင် တာဝန်ထမ်းဆောင်ခဲ့သော တပ်သားကိုရဲ (နာမည်လွဲ) ထွက်ဆိုခဲ့သည်မှာ


**“ဗိုလ်ကြီးတွေက နဲနဲဖြစ်တာနဲ့ ရွာထဲကိုပစ်ခိုင်းတာပဲ။ လက်နက်ကြီးတွေကို ရွာထဲကိုပစ်တာတွေရှိတယ်။ အဲ့တုန်းက ဗျူဟာမှူးပစ်ခိုင်းတာ။ မယ်ကျုံနဲ့ မိကျောင်းကွင်း အဲ့ရွာတွေကိုပစ်ခိုင်းလို့ ပစ်ခဲ့တာရှိတယ်။ တစ်ခါပစ်ရင် (၄) လုံး (၅) လုံးလောက်ရှိတယ်။ အဲ့တာတွေက ဗျူဟာမှူးက လာပစ်ခိုင်းရင် တပ်ရင်းမှူးကနေမှတစ်ဆင့် ကျွန်တော်တို့ကို ညွှန်ကြားပြီး ပစ်ရတယ် အဓိကတော့ လက်နက်ကြီးပစ်တာက အထက်လူကြီးတွေပစ်ခိုင်းရင် ပစ်ရတယ်။ ကျွန်တော်ကြားတာ တော့ ကျွန်တော်တို့ပစ်လိုက်တဲ့လက်နက်ကြီးကြောင့် ကလေးတစ်ယောက်နဲ့ ဆရာမတစ်ယောက် သေတာတော့ ကြားတယ်။ မိကျောင်းကွင်းဘက်မှာတော့ အဒေါ်ကြီးတစ်ယောက် သေတယ်။ ရွာသားတွေကတော့ တော်တော်များများထိတယ်လို့ ပြန်ကြားသိရတယ်။ နောက်တော့ Drone တွေလာတာနဲ့ မဆိုင်တဲ့ ရွာထဲကိုပစ်ခိုင်းတာပဲ”** ဟူ၍ ဖြစ်သည်။


စစ်ကောင်စီတပ်များသည် ပြည်သူလူထုနှင့် ကျေးရွာပတ်ဝန်းကျင်ကို ခံစစ်သဖွယ် ပြုမူကျင့်သုံးခြင်းသည် စစ်ရေးအရ အမြတ်ထုတ်ခြင်းဖြစ်ပြီး ဂျနီဗာကွန်ဗင်းရှင်း လေးခုအနက်မှ တစ်ခုဖြစ်သော စစ်ပွဲဖြစ်ပွားချိန် အရပ်ဘက်ပုဂ္ဂိုလ်များအား အကာအကွယ်ပေးခြင်း ဟူသော သဘောတူစာချုပ်၏ စံချိန်စံနှုန်းများစွာကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်နေသည်။ ဥပမာ - လက်နက်ကြီးပစ်ခတ်မှုများသည် ပြည်သူလူထုများက ကျန်းမာရေးနှင့် ပညာရေးအတွက် မှီခိုအားထားရသော ဆေးရုံများ၊ ကျောင်းများကို ပျက်စီးစေသည်။ ထိုသို့ပစ်ခတ်မှုများအား စစ်ကောင်စီတပ်တို့သည် ဆင်ခြင်တုံတရားကင်းမဲ့စွာ ရည်ရွယ်ချက်ရှိရှိဖြင့် ကျူးလွန်နေကြသည်။ ကေအဲန်ယူ လူ့အခွင့်အရေးကော်မတီ၏ မှတ်တမ်းပြုစုချက်များအရ စစ်ကောင်စီတပ်တို့၏ ထင်ရာစိုင်း လက်နက်ကြီးပစ်ခတ်မှုတို့ကြောင့် ဆေးရုံ၊ ဆေးခန်းများလည်း ပျက်စီးရသည်။ စစ်ပွဲဖြစ်ပွားချိန် အရပ်ဘက်ပုဂ္ဂိုလ်များအား အကာအကွယ်ပေးခြင်း (Geneva Convention Relative To The Protection Of Civilian Persons In Time Of War Of 12 August 1949) အပိုင်း (၂) စာပိုဒ် (၁၈) တွင် လူထုတို့၏ ကျန်းမာရေးအတွက် မှီတည်သော ဆေးရုံ၊ ဆေးခန်းများကို ကာကွယ်စောင့်ရှောက်ရန် တိုက်ခိုက်ခြင်းမပြုရန်နှင့် ရှောင်ကြဉ်ရန်ဟူသော အချက်များပါရှိသည်။ ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုများသာမက အကျိုးဆက်အနေဖြင့် မိမိတို့နေထိုင်ရာ အိမ်များမှ စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ကြရသည်။ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး စသည့် အဘက်ဘက်မှ ဆုံးရှုံးနစ်နာကြရသည်။

စစ်ကောင်စီတပ်များမှ လက်နက်ကြီး ပစ်ခတ်မှုကြောင့် လက်နက်ကြီးအစ ထိမှန်သော အသက် (၅၄)နှစ်အရွယ် နော်မူး (အမည်လွဲ)တွင် မိသားစုဝင် (၇) ဦးရှိသည်။ ဒူးသထူ (သထုံ) ခရိုင် တွင်နေထိုင်သော နော်မူးသည် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ၎င်းကြုံတွေ့ခဲ့ရသော စစ်ကောင်စီ၏ အရပ်သားအပေါ် ရည်ရွယ်ချက်ဖြင့် လက်နက်ကြီးပစ်ခတ်မှုကို မျှဝေခဲ့သည်။ **“ဗမာစစ်တပ်တွေ ကျွန်မတို့ရဲ့ ရွာထဲကိုဝင်ပစ်တာကို ကြုံခဲ့ရတော့ ကျွန်မတို့မိသားစုတွေ တအား ကြောက်သွားတယ်။ သူတို့ကို အမြဲတမ်းကြောက်နေရတော့ နေ့ဘက်မှာဆိုရင် အိမ်မှာပြန်ပြီး အလုပ် လုပ်တယ်။ ညဘက်ရောက်ရင်တော့ သူများအိမ်မှာ လိုက်အိပ်ရတယ်။ အရင်တုန်းကတော့ ဈေးရောင်း တယ်။ အခုကတော့ သူများအိမ်မှာလိုက်နေရတော့ ဈေးရောင်းလို့မရတော့ဘူး။ ကျွန်မအမျိုးသားကတော့ အခြားနေရာမှာ အလုပ်လုပ်တယ်။ အိမ်မှာကျန်ခဲ့တာက ကျွန်မရယ် သမီးအပျို (၂) ယောက်ရယ်၊ မြေးတစ်ယောက်ရယ် ဒဏ်ရာရထားတဲ့ သမီးတစ်ယောက်ရယ်ဘဲရှိလို့ ညဘက်တွေရောက်ရင် ကြောက်ပြီးတော့ အခြားအိမ်မှာ လိုက်အိပ်ရတယ်။ ၁၆.၉.၂၀၂၂ မနက် (၃) နာရီအချိန်မှာ xxx ရွာမှာနေတဲ့ ဗမာတပ်တွေက ရွာထဲကိုဖြတ်လာရင်း လက်နက်ကြီး၊ လက်နက်ငယ်တွေနဲ့ လယ်ကွင်းထဲကနေ လှမ်းပစ် ပြီး ရွာထဲကိုဝင်လာတယ်။ မကြာခင်မှာဘဲ အိမ်နားမှာ လက်နက်ကြီး၊ လက်နက်ငယ် ပစ်ခတ်သံတွေ ကြားပြီး အိမ်အောက်မှာရှိနေတဲ့ ကလေးချီထားတဲ့ ကျမသမီးကို ထိသွားတယ်။ သူ့ရဲ့ တင်ပါးနဲ့ ခြေထောက်မှာ ဒဏ်ရာရသွားတယ်။ ကျွန်မကိုတော့ လက်နက်အစက ရင်ဘတ်မှာလာထိတယ်။ တခြား သမီးအပျို (၂) ယောက်က ထမင်းစားနေတဲ့အချိန်ဖြစ်တော့ သူတို့ကို လက်နက်ကြီးမထိဘူး။ လက်နက် ကြီးကျလို့ အိမ်မှာရှိတဲ့ ဗီရိုတွေ အခြားအိမ်အသုံးဆောင်ပစ္စည်းတွေလည်း ထိခိုက်သွားတယ်။ လက်နက် ကြီး ပစ်တဲ့ညမှာ ချက်ချင်း အိမ်အပြင်ကိုမထွက်ရဲဘူး။ အိမ်ထဲမှာပဲ ကလေးတွေနဲ့ တစ်ညလုံးနေတာ။ နံနက် (၆) နာရီလောက်ကျမှ အိမ်အပြင်ထွက်ကြည့်တော့ အိမ်တစ်ခုလုံးကော အိမ်မှာရှိတဲ့ ကားကော ကြေမွသွားတယ်။ အိမ်အရှေ့မှာ မပေါက်ကွဲသေးတဲ့ ဗုံးသီး (၂) လုံးကိုလည်းတွေ့တယ်။ စကစတပ်တွေ ပစ်တဲ့အချိန်တုန်းက တရစပ်ပစ်ခတ်တယ်။ တော်သေးတယ် ကျမတို့အိမ်က အုတ်နဲ့ ဆိုတော့ အကာအကွယ်တစ်ခုတော့ဖြစ်တယ်။ သူတို့ပစ်လို့ ဒဏ်ရာရနေတဲ့ ကျွန်မနဲ့ကျွန်မသမီးကို ဖလန်တောင် ဆေးရုံမှာ သွားပြဖို့ အိမ်နီးနားကလူတွေပြောတော့ ကျွန်မတို့ ဆေးရုံးကိုရောက်ဖို့ ခက်ခက်ခဲခဲ သွားခဲ့ ရတယ်။ မိုးတွင်းဖြစ်တဲ့အတွက် ချောင်းဖြတ်ရတာ မလွယ်ဘူး။ ချောင်းကိုဖြတ်တော့ ချောင်းရေက လည်ပင်းအထိ ရောက်တယ်။ ချောင်းဖြတ်ပြီးတော့ ကားနဲ့နောက်ထပ် ဖလန်**

တောင်ဆေးရုံကို ရောက်အောင်သွားရတယ်။ ကျွန်မနဲ့ ကျွန်မသမီး ဆေးရုံကိုရောက်တော့ ဆရာဝန်က ဓါတ်မှန် ရိုက်ကြည့်တဲ့ အခါ ခန္ဓာကိုယ်ထဲမှာ (လက်နက်ကြီး) အစအနတွေ ရှိနေတယ်။ ရှိနေတဲ့အစအနတွေကို ညနေပိုင်း ရောက်တော့ ဆရာဝန်က ဖယ်ထုတ်ပေးလိုက်တယ်။ ကျွန်မရင်ဘတ်မှာ လက်နက်အစ ဖယ်ထုတ်ပြီး (၁၀) ချက် ပြန်ချုပ်ရတယ်။ ကျွန်မသမီးရဲ့ တင်ပါးနဲ့ ခြေသလုံးထဲမှာ ကျန်နေတဲ့ အစအန တွေကို ထုတ်တဲ့အခါ တစ်နေရာ (၅) ချက်စီချုပ်ရတယ်။ နေ့ကောညကော ဒါမျိုးတွေ တွေးပြီးတော့ ကြောက်နေရတယ်။ ညဘက်တွေဆို အိမ်မှာလည်း မအိပ်ရဲတော့ဘူး။ အရင်က ရွာထဲဝင်လာရင် ကျွန်မတို့ ရွာအပါ အဝင် xxx ရွာနဲ့ xxx ရွာကော ပေါ်တာ (၄) ယောက် (၅) ယောက် ဆွဲလေ့ရှိတယ်။ သူတို့က တစ်ရွာရောက်ရင် အခြားရွာကခေါ်လာတဲ့လူကို လွှတ်ပေးလိုက်ပြီးတော့ အဲ့ရွာကလူကို ထပ်ခေါ်တယ်။ ရွာသားတွေက များသောအားဖြင့် xxx ရွာဘက်ကိုထွက်ပြေး တိမ်းရှောင်ကြတယ်။ အချို့ရွာသားတွေ ကျတော့လည်း သူတို့တွေရဲ့ အမျိုးတွေ၊ အသိတွေရှိတဲ့နေရာတွေကို သွားပြီးတော့ ရှောင်ကြတယ်။ ၆ လပိုင်း (၂၈) ရက်တုန်းက ရန်သူတွေတက်လာမယ်ကြားလို့ ကျမတို့ တစ်ရွာလုံး ထွက်ပြေးတိမ်းရှောင် ကြရတယ်။ xxx ရွာနဲ့ xxx ရွာဘက်ကို အများစု ထွက်ပြေးကြတယ်။ ထွက်ပြေးတဲ့ အချိန်တုန်းက မိုးရွာသီဆိုတော့ ကားတွေ ရွံ့နှစ်တာတွေရှိတယ်။ ဝိုင်းပြီးတော့ ဆွဲရတာမျိုးတွေ လည်းရှိတယ်။ အဲ့လိုမျိုးတွေဖြစ်တုန်းက လာပြီးတော့ ကူညီတဲ့လူတွေမရှိဘူး စစ်တပ်တွေက မနက် (၆) နာရီကနေ ည (၆) နာရီ အထိဖြတ်သန်းသွားလာခွင့် မပေးဘူး။ ငြိမ်းငြိမ်းချမ်းချမ်းဖြစ်ရင်တော့ ကောင်းမယ်။ အခုလိုမျိုးဖြစ်နေတော့ အိမ်မှာတောင်မအိပ်ရဲဘူး။ ထိုင်းမှာရှိတဲ့ ညီကိုမောင်နှမတွေကတော့ ငွေရေးကြေးရေးကူညီပေးတာတွေရှိတယ်။ အရင်တုန်းကတော့ ကလေးတွေက ကျောင်းတက်ရတယ် အခုကတော့ ကျောင်းတက်လို့မရတော့တော့ စက်ချုပ်နေရတယ်။ ကားလေးရှိတုန်းကတော့ အလုပ်လေး ဘာလေးရှိသေးတယ်။ ငြိမ်းငြိမ်းချမ်းချမ်းဘဲနေချင်တယ် အဓိကတော့ ကိုယ်ချင်းစာနာစိတ်ရှိတဲ့ ငြိမ်းချမ်းရေးမျိုးလိုချင်တယ်။ နောက်အခေါက်တွေ လက်နက်ကြီးပစ်ရင် ရွာထဲကိုမပစ်နဲ့လို့ဘဲ ပြောချင်တယ်” ဟု နော်မူးက ၎င်း၏ အတွေ့အကြုံနှင့် အမြင်သဘောထားများကို မျှဝေခဲ့သည်။စစ်ကောင်စီတပ်များ၏ လက်နက်ကြီးအသုံးပြု၍ စစ်ရာဇဝတ်မှုကျူးလွန်သော အခြားသော ဖြစ်ရပ်ကို ကိုယ်တိုင်တွေ့မြင်ခဲ့သော မိသားစုဝင်တစ်ဦးဖြစ်သည့် အသက်(၅၄)နှစ် အရွယ် စောထူးကပေါ် (အမည်လွှဲ)က မျှဝေခဲ့သည်။


“စစ်တပ်က လက်နက်ကြီးကို ရမ်းပစ်တယ်။ လူတွေ ထိမှန်တယ်၊ နွားတွေလည်းထိမှန်တယ်။ ဒီလိုသာ ပစ်နေရင် မြန်မာပြည်မှာရှိတဲ့လူတွေ အကုန်လုံးပျောက်ကုန်မှာ။ ရင်ထဲတော့ခံစားရတယ်။ ဘာမှ အပြစ်မရှိတဲ့သူတွေကို … (ပြောရင်းနဲ့မျက်ရည်ကျ - ငိုသံဖြင့်)။ ဆုံးရှုံးရတဲ့အရာကို ပြောရမယ်ဆိုရင် လူ့အသက်ထက် ပိုတန်ဖိုးကြီးတာရှိဦးမလား။ ကျွန်တော့် မိန်းမ အသက်ဆုံးရှုံးလိုက်တော့ ကျွန်တော်လည်းအရူးတစ်ပိုင်းလို ခံစားရတယ်။ ဒီအသက်ဆုံးရှုံးတယ်ဆိုတာ ပြန်ဝယ်လို့မှမရတာ ပစ္စည်းဥစ္စာဆိုရင် ပြန်ဝယ်လို့ရတယ်။ ကျွန်တော့်အတွက်တော့ အကြီးမားဆုံး ပြဿနာပဲ။ အကြီးမားဆုံး ဆုံးရှုံးမှုပဲ။ စစ်ကောင်စီလက်နက်ကြီး ပစ်ချတော့ ကျွန်တော့်အိမ်နဲ့ တဲကုန်းကြားမှာ ကျတာ။ အဲ့ဒီမှာ ကျွန်တော်က ဝက်စာကျွေးနေတာ အမှန်တကယ်တော့ ကျွန်တော်လည်း သေလိုက်ရမှာ။ သူ(ဇနီး)နဲ့ စကားပြောနေတာ၊ ကျွန်တော်ကံကောင်းတာက လက်နက်ကြီးကျတဲ့အချိန်က ကျွန်တော်ကအိမ်ထဲပြန်ရောက်နေတယ်။ ပစ္စည်းတစ်ခုကို လက်ထဲမှာကိုင်ထားတယ်။ အဲ့ဒီကိုင်ထားတဲ့ပစ္စည်းကို ထားဖို့တောင် မသိတော့ဘူး။ အပြင်ကနေ အသံကြားလိုက်ပြီးတော့ ‘အောင်မလေး’ ဆိုပြီး ကျွန်တော်ထွက်ကြည့်လိုက်တော့ ကျွန်တော်ရဲ့မိန်းမ ထိသွားပြီး လဲကျနေတာကိုတွေ့တယ်။ အဲ့ဒီမှာ ကျွန်တော်ကိုင်ထားတဲ့ပစ္စည်းကို ပစ်ချပြီး သူ့ကိုပွေ့ဖက်ထားတော့ သူအဲ့ဒီနေရာမှာပဲ ဆုံးသွားတယ်။ ကျွန်တော်လည်း ကယောင်ကတန်းနဲ့ ဆေးရုံရောက်သွားတယ်။ အဲ့ဒီတော့မှ သူသေတာကို သိတာ။ လက်နက်ကြီးထိတာက ညာဘက်ကျောကုန်းကနေ အစနှစ်စ ဝင်တယ်။ တင်ပါးက တစ်စ ဝင်တယ်။ အဲ့တာက နည်းနည်းကြီးတယ်။ ဆေးရုံးမှာ ရင်ခွဲစစ်ဆးလိုက်တော့ အဆုတ်ကို ခွဲလိုက်တယ်။ တစ်ခါတည်း သေတယ်လို့ပြောတယ်။ ကျွန်တော့်အတွက်ရော ရွာသားတွေအတွက်ပါ လက်နက်ကြီးဒဏ်က အကြောက်ရဆုံးပဲ။ ဆိုတော့ တွင်းတွေတူး၊ ဗုံးခိုကျင်းတွေလုပ် ကိုယ့်အသက်မသေအောင်တော့ ကြံဖန်ပြီးနေရတယ်။ သူတို့ (မြန်မာစစ်တပ်) က ရမ်းသမ်းပြီး ပစ်ချင်တဲ့နေရာပစ်တယ်။ အခုက စိတ်ထဲမှာ လုံးလုံးချလိုက်တယ်၊ သေရင်လည်း သေပါစေပေါ့။ ကျွန်တော့်အမျိုးသမီးဖြစ်တဲ့ အချိန်ဆိုရင် တော်တော် ကြောက်စရာကောင်းတယ်။ သေတဲ့နေ့ကနေပြီး (၇) ရက်မြောက်နေ့ ရက်လည်နေ့ထိ လက်နက်ကြီးသံက မစဲဘူး။ ကျွန်တော်တို့ဆီမှာတော့ မဟုတ်ဘူး။ အနီးအနားကရွာမှာ တဒုန်းဒုန်းနဲ့ ဘယ်အချိန်များ ခေါင်းပေါ်လာကျမလဲပဲ တွေးနေမိတယ်။ အိမ်ပေါ်မှာသာ အလောင်းထားရတာ အဲ့ဒီအလောင်းဘေးနား အိပ်တဲ့သူက ဘယ်တော့ ငါ့ခေါင်းပေါ်လာကျမလဲဆိုတဲ့ စိုးရိမ်စိတ်နဲ့ပဲနေရင်း အလောင်းပို့ရတယ်။ မိန်းမ မရှိတော့တဲ့နောက်ပိုင်း ဘယ်လို လုပ်ကိုင်စားသောက်နေရသလဲဆိုတော့ မသေခင် စားဖို့အတွက်တော့ လက်နက်ထိမှန်ရင်လည်းမှန်ပါစေတော့ ထိချင်လည်းထိပါစေတော့ မတတ်နိုင်ဘူးဆိုပြီး အလုပ်ကို သွားလုပ်တာ။ ကိုယ့်အပေါ် လက်နက်ကြီးကျတော့လည်း သေရုံပဲရှိတာပေါ့။ အသေခံပြီး ကိုယ့်အသက်ကို ကိုယ်မွေးရတာပေါ့။ စစ်တပ်ရဲ့ လက်နက်ကြီး လက်ချက်နဲ့တော့ ဘယ်တော့ကျမလဲတော့မသိဘူး” ဟူ၍ စစ်ကောင်စီ၏ လက်နက်ကြီး ရမ်းသမ်းပစ်ခတ်မှုကြောင့် ချစ်ခင်ရသူဆုံးရှုံးလိုက်ရသော ခံစားတွေ့ကြုံမှုကို ကြားသိရသည်။


ကေအဲန်ယူထိန်းချုပ်နယ်မြေ-ခရိုင်/တပ်မဟာ (၇)ခုအတွင်းရှိ လက်နက်ကြီးပစ်ခတ်မှုများ
- (၂၀၂၁ မှ ၂၀၂၂)ခုနှစ်
မကွေးတိုင်း
ပဲခူးတိုင်း
ကရင်နီပြည်နယ်
ထိုင်းနိုင်ငံ
တောအူးခရိုင်
1,0000 - IDPs
2,067 - IDPs
12,453 - IDPs
12,453 - IDPs
44,441- IDPs
မူတြော်ခရိုင်
8,092- IDPs
45,080 - IDPs
ခလယ်လွိထူခရိုင်
51,067 - IDPs
7,790 - IDPs
24,965 - IDPs
8,600 - IDPs
ဒူးသထူခရိုင်
35,109 - IDPs
6,841 - IDPs
ဖားအံခရိုင်
62,968 -IDPs
2,898 -IDPs
ဒူးပလာယာခရိုင်
15,457 -IDPs
15,520-IDPs
ဘလိ-ထားဝယ်ခရိုင်
မြေပုံအညွှန်း
လက်နက်ကြီးပစ်ခတ်မှု (၇၅၁) ကြိမ်
တောအူး (တောင်ငူ)ခရိုင်
ဒူးသထူ (သထုံ)ခရိုင်
ခလယ်လွိထူ (ညောင်လေးပင်)ခရိုင်
ဘလိ-ထားဝယ် (မြိတ်ထားဝယ်)ခရိုင်
မူတြော် (ဖာပွန်)ခရိုင်
ဒူးပလာယာခရိုင်
ဖားအံခရိုင်
မြန်မာနိုင်ငံ
0
40,000
80,000
160,000 Meters


ကေအဲန်ယူ-ဘလိ-ထားဝယ် (မြိတ်ထားဝယ်)ခရိုင်အတွင်းရှိ လက်နက်ကြီးပစ်ခတ်မှု -
(၂၀၂၁ မှ ၂၀၂၂)ခုနှစ်
N
လယ်ဒိုစိုးမြို့နယ်
ထိုင်းနိုင်ငံ
ကစယ်ဒိုမြို့နယ်
1963-IDPs
ဘလိ-ထားဝယ်ခရိုင်
6105-IDPs
လယ်မူလားမြို့နယ်
2648-IDPs
တနေသာရီမြို့နယ်
1054-IDPs
မြေပုံအညွှန်း
လက်နက်ကြီးပစ်ခတ်မှု (၇)ကြိမ်
ဘလိ-ထားဝယ် (မြိတ်ထားဝယ်)ခရိုင်
ခရိုင်
0 35,000 70,000 140,000 Meters


အောက်ပါ ဇယား (၅) အရ မြန်မာစစ်တပ် တဖြစ်လဲ စစ်ကောင်စီသည် ကေအဲန်ယူ -ကရင်အမျိုးသားအစည်းအရုံး အုပ်ချုပ်ရာဒေသအတွင်း အာဏာသိမ်းဖြစ်စဉ်နောက်ပိုင်းမှစ၍ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလအထိ ကျေးရွာနေပြည်သူများကို လက်နက်ကြီးပစ်ခတ်မှု အကြိမ်ပေါင်း (၇၅၈) ကြိမ် ကျူးလွန်ခဲ့ပြီး ပြည်သူ့နေအိမ်ပေါင်း (၃၃၇) လုံးကို ဖျက်ဆီးခဲ့သည်။ စစ်ကောင်စီ၏ ဥပဒေမဲ့စွာ ထင်ရာစိုင်း လက်နက်ကြီးပစ်ခတ်မှုကြောင့် အရပ်သားပြည်သူ (၁၂၀) ဦး အသက်ဆုံးရှုံးခဲ့ရပြီး၊ ကျေးရွာပြည်သူများ (၃၂၇) ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ လက်နက်ကြီးပစ်ခတ်မှုကြောင့် ဆေးရုံ/ဆေးပေးခန်း (၂) လုံး၊ စာသင်ကျောင်း(၉) ကျောင်း၊ ဘုန်းကြီးကျောင်း (၅) ကျောင်းနှင့် ဘုရားကျောင်း (၃) ကျောင်းနှင့် အဆောက်အအုံ (၆) လုံး ပျက်စီးမှုများရှိကြောင်း ကေအဲန်ယူ လူ့အခွင့်အရေးကော်မတီက အချက်အလက်များကောက်ယူ မှတ်တမ်းတင်ထားသည်။

### ၂၀၂၁-၂၀၂၂ ခုနှစ်အတွင်း စစ်ကောင်စီမှ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ထိခိုက်၊ သေဆုံး၊ ပျက်စီးမှုများ





ဇယား (၈)

အောက်ပါ ဇယား (၆) အရ အရပ်သားပြည်သူများအား လက်နက်ကြီးပစ်ခတ်မှုအကြိမ်ပေါင်း (၇၅၈ ) ကြိမ်ကျူးလွန်ခဲ့ပြီး ခလယ်လွိုထူ (ညောင်လေးပင်) ခရိုင်တွင် (၉၅) ကြိမ်၊ ဒူးပလာယာခရိုင်တွင် (၆၁) ကြိမ်၊ တောအူး (တောင်ငူ) ခရိုင်တွင် (၈) ကြိမ်၊ မြိတ်-ထားဝယ် ခရိုင်တွင် (၇) ကြိမ် အသီးသီး ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ အထူးသဖြင့် မူတြော် (ဖာပွန်) ခရိုင်နှင့် ဒူးသထူ (သထုံ) ခရိုင် တို့တွင် စစ်ကောင်စီ၏ လက်နက်ကြီးဖြင့် ရည်ရွယ်ချက်ရှိရှိ ကျူးလွန်မှုမှာ အမြင့်မားဆုံးအခြေအနေတွင် ရှိနေသည်။




ဇယား (၉)

အောက်ပါ ဇယား(၇) အရ စစ်ကောင်စီ၏ အရပ်သားပြည်သူများအပေါ် ပစ်ခတ်တိုက်ခိုက်မှုကို ၂၀၂၁ ခုနှစ် သတင်းအချက်အလက်နှင့် ၂၀၂၂ ခုနှစ် သတင်းအချက်အလက်များကို နှိုင်းယှဉ်ကြည့်ခြင်းအားဖြင့် လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်မှုနှုန်း အကြိမ်အရေအတွက် ဆပေါင်းများစွာ မြင့်တက်လာသည်ကို တွေ့ရသည်။ ထို့နည်းတူ အသက်အိုးအိမ်များလည်း ပို၍ ထိခိုက်ပျက်စီးလာသည်မှာ ငြင်းမရပေ။ လက်နက်ကြီးရမ်းသမ်းပစ်ခတ်မှုကြောင့် ၂၀၂၁ ခုနှစ်တွင် အရပ်သားပြည်သူ (၁) ဦး သေဆုံးခဲ့ပြီး ၂၀၂၂ ခုနှစ် အတွင်းတွင်မှု (၁၁၉ ) ဦးထိ သေဆုံးရသည်။




ဇယား (၁၀)

# ၂.၂ ။ မိုင်းထောင်တိုက်ခိုက်ခြင်းနှင့် လက်နက်ငယ်ဖြင့် ပစ်ခတ်ခြင်း

စစ်ကောင်စီတပ်သည် စစ်ရေးစစ်ရာအရပ်ရပ်၌ အရပ်သားပြည်သူလူထုများကို မဆင်မခြင် ပြုလုပ်လေ့ ရှိသည်။ အကြောင်းမှာ ၎င်းတို့သည် တိုင်းရင်းသားဒေသများတွင် ထိုးစစ်ဆင်ရာ၌ ပြည်သူလူထုတို့၏ အသက်အိုးအိမ်များပျက်စီးမှုကို လေ့လာခြင်းအားဖြင့် ၎င်းတို့၏ စစ်ဆင်ရေးမူဝါဒတွင် ပြည်သူလူထု ထိခိုက်နစ်နာမှုကို ပဓာနမထားသော မူများနှင့် ကျင့်သုံးမှုများ ပါရှိနေသည်မှာ မြေကြီးလက်ခတ် မလွဲပင်ဖြစ်သည်။ ကိုယ်လက်အင်္ဂါထိခိုက်သေကြေစေသောမိုင်း (anti-personnel mine) အသုံးပြုမှုသည် နိုင်ငံတကာဥပဒေအရ တားမြစ်သည့် စစ်ရေးပစ္စည်းဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂသည် ၁၉၉၇ ခုနှစ်၊ စက်တင်ဘာလ (၁)ရက်နေ့မှ (၁၈) ရက်နေ့အထိ ပြုလုပ်ခဲ့သော အစည်းအဝေးတွင် နိုင်ငံတကာ ကိုယ်လက်အင်္ဂါထိခိုက်သေကြေစေသောမိုင်း အသုံးပြုမှုကို တားမြစ်ပိတ်ပင်သော သဘောတူစာချုပ်တစ်ခု ပြုလုပ်ရန်သဘောတူခဲ့သည်။ ကုလသမဂ္ဂ၏ အင်တာနက်စာမျက်နှာတွင် ဖော်ပြချက်အရ ယခုအခါ လက်မှတ်ရေးထိုးပြီးသော နိုင်ငံပေါင်း (၁၃၃) နိုင်ငံရှိပြီး ဖြစ်သည်။ ထို လက်မှတ်ရေးထိုးသော (၁၃၃) နိုင်ငံတွင် မြန်မာနိုင်ငံ မပါဝင်ပါ။ Amnesty International ၏ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ (၂၀) ရက်နေ့တွင် စစ်ကောင်စီ၏ ကရင်နီပြည်နယ်အတွင်း မြေမြှုပ်မိုင်းအသုံးပြုမှုနှင့်ပတ်သက်သော ဆောင်းပါးတွင် စစ်ကောင်စီသည် ကိုယ်လက်အင်္ဂါ ထိခိုက်သေကြေစေသော မြေမြှုပ်မိုင်းကို အများအပြားအသုံးပြုပြီး ပြည်သူများစွာကို ထိခိုက်သေကြေ ပျက်စီးစေသည်ကိုလည်း ဖော်ပြထားသည်။ စစ်ကောင်စီ၏ ပြည်သူထိခိုက်နစ်နာမှုကို ပဓာနမထားသော စစ်ရေးမူဝါဒကြောင့် ၎င်းတို့၏ မြေမြှုပ်မိုင်းနှင့် လက်နက်ငယ်များအား အသုံးပြုခြင်းသည် ပြည်သူလူထု၏ နေ့စဉ်ဘဝနှင့် အသက်အန္တရာယ်အပေါ် များစွာသက်ရောက်စေသည်။ ကိုယ်လက်အင်္ဂါထိခိုက်သေကြေစေသောမိုင်းများသည် များသောအားဖြင့် အသက်ကို နှုတ်ယူသည့် စစ်လက်နက်ပစ္စည်း မဟုတ်ပေ။ သို့သော် သေစေနိုင်သော အရာဖြစ်သည်။ ရန်သူတပ်ဖွဲ့များ၏ တပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရပြီး ၎င်းတို့၏ စစ်ရေးလုပ်ငန်းဆောင်တာများကို နှောင့်နှေးစေသည်။ ထို ကိုယ်လက်အင်္ဂါထိခိုက်သေကြေစေသောမိုင်းများကြောင့် ကျေးရွာလူထုများသည် ခြေထောက်များပြတ်ခြင်း၊ လက်များပြတ်ခြင်းနှင့် အသက်ဆုံးရှုံးခြင်းများ တွေ့ကြုံခံစားကြရသည်။ ထို့နောက် ကျေးရွာလူထုတို့သည် မိုင်းအန္တရာယ်ကို စိုးရိမ်ကြောင့်ကြစိတ်ဖြင့် အသက်ရှင်နေရ၍ မိမိတို့စားဝတ်နေရေးအတွက် စိုက်ပျိုးထားသော လယ်၊ ယာ၊ ကိုင်း၊ ဥယာဉ်ခြံများတွင် သွားရောက်လုပ်ကိုင်နိုင်ခြင်း မရှိတော့ပေ။


ကိုယ်လက်အင်္ဂါထိခိုက်သေကြေစေသောမိုင်းကို မြန်မာနိုင်ငံရှိ လက်နက်ကိုင်အဖွဲ့အစည်းများ အားလုံး စစ်ရေးလိုအပ်ချက်အရ အသုံးပြုကြသော်လည်း အသုံးပြုသည့် နည်းဗျူဟာနှင့် စိတ်နေသဘောထား မူဝါဒတို့မှာ ကွဲပြားတတ်ကြသည်။ စစ်ကောင်စီတပ်များသည် ၎င်းတို့၏ တပ်စခန်းချရာနေရာများတွင် မြေမြှုပ်မိုင်းများ ထောင်ထားလေ့ရှိသည်။ စစ်ကောင်စီတပ်များသည် လက်နက်ခဲယမ်းပစ္စည်းများ လုံလုံလောက်လောက် ပေါပေါသီသီ စိတ်တိုင်းကျ အသုံးပြုနိုင်သည့်အတွက် ၎င်းတို့၏ တပ်စခန်းများ၏ ဘေးပတ်ဝန်းကျင်တွင် မြေမြှုပ်မိုင်းများထောင်ထားသည်ကို ကျေးရွာပြည်သူလူထုအား အသိပေး အကြောင်းကြားထားခြင်း မရှိပါ။ ၎င်းတို့၏ စစ်ရေးလုံခြုံရေးအကြောင်းပြကာ လူထုဘေးကင်းမှုကို လျစ်လျူရှုတတ်သည်။ ၎င်းတို့စစ်ကြောင်းများသည် ကျေးရွာပတ်ဝန်းကျင်တွင် တပ်စခန်းများ ချထားလေ့ရှိသောကြောင့် ကျေးရွာလူထုအတွက် ပို၍ ထိခိုက်နိုင်ခြေအန္တရာယ် မြင့်မားသည်။ KNLA/KNDOနှင့် ပူးပေါင်းတပ်ဖွဲ့များမှ မိုင်းအသုံးပြုပုံသည် စစ်ကောင်စီတပ်များနှင့် ကွဲပြားသည်မှာ မိုင်းထောင်ထားသော ပတ်ဝန်းကျင်ကို ကျေးရွာခေါင်းဆောင်များမှ တစ်ဆင့် ကျေးရွာလူထုအားကြိုတင် အကြောင်းကြားလေ့ရှိသည်။ ပြည်သူလူထု အသုံးပြုရန်လိုအပ်သော နယ်မြေ ပတ်ဝန်းကျင်ဖြစ်၍ ရပ်ရွာလူထုမှ တောင်းဆိုလာပါက တပ်ဆင်ထားသော မိုင်းများကို ပြန်လည်ရုပ်သိမ်းပေးသည်။ ဤသို့ မိုင်းအသုံးပြုသည့် သဘောထားမူဝါဒရှိသည့်အတွက်ကြောင့် ပြည်သူလူထုကို ထိခိုက်စေမှုမှာ အင်မတန်မှ နည်းပါးသည်။

စစ်ကောင်စီတပ်များမှာမူ ၎င်းတို့တပ်ဖွဲ့များ၏ လုံခြုံရေးကိုသာရှေးရှု၍ အသုံးပြုသောကြောင့် ရပ်ရွာလူထုအမြောက်အများ ထိခိုက်သေဆုံး ဒဏ်ရာရကြသည်။ စစ်ကောင်စီတပ်များသည် ထိုစခန်းချ နေထိုင်ပြီးသော ပတ်ဝန်းကျင်ရှိ ထောင်ထားခဲ့သောမိုင်းများကို ပြန်လည်ရှင်းလင်းခြင်းမရှိပဲ ချန်ထား လေ့ရှိကြသည်။ ဤလုပ်ရပ်ကိုကြည့်ခြင်းအားဖြင့် ၎င်းတို့သည် ၎င်းတို့၏ စစ်ရေးအကျိုးအမြတ် တစ်ခုတည်းအတွက်သာ မိုင်းများကိုအသုံးပြုပြီး ပြည်သူလူထုအတွက် ထည့်သွင်းစဉ်းစားခြင်းမရှိပါ။

ထို့နောက် စစ်ကောင်စီတပ်များသည် ကျေးရွာတွင် စစ်ကြောင်းများချီလာသောအခါ ကျေးရွာအတွင်းရှိ ပြည်သူလူထုတို့သည် ၎င်းတို့၏ ဘေးကင်းလုံခြုံရေးအတွက် ၎င်းတို့၏ အိမ်များကို စွန့်ခွာထွက်ပြေးရသည်။ ထိုသို့ စစ်ကောင်စီတပ်များ ရွာထဲသို့ စစ်ကြောင်းချီဝင်လာပြီးနောက် ကျေးရွာပတ်ဝန်းကျင်တွင် ၎င်းတို့သည် ဆန့်ကျင်ဘက်အဖွဲ့နှင့်ပတ်သက်၍ တိကျသေချာသော အတည်ပြုမှုမရှိပဲ မြေမြုပ်မိုင်းများကို ထောင်ထားလေ့ရှိသည်။ ကျေးရွာလူထုများက ကျေးရွာပတ်ဝန်းကျင်တွင် သေနတ်ပစ်ဖောက်သံများ မကြားရတော့သောအခါ၌ ဖြစ်စေ၊ စစ်ကောင်စီတပ်များ ကျေးရွာပတ်ဝန်းကျင်မှ ထွက်ခွာသွားသောအခါ၌ ဖြစ်စေ၊ ကျေးရွာသို့ ပြန်လာသောအခါ စစ်ကောင်စီထောင်ထားခဲ့သော မိုင်းများကြောင့် သေကြေပျက်စီး ထိခိုက်ဒဏ်ရာရလေ့ရှိသည်။ လက်နက်ငယ်များဖြင့်လည်း လမ်းသွားလမ်းလာသော ပြည်သူများကိုလည်းကောင်း၊ ကျေးရွာအတွင်း၌ သာမာန်အတိုင်း နေထိုင်စားသောက်နေကြသော ပြည်သူများကိုလည်းကောင်း၊ ကျေးရွာပြင်ပတွင်ရှိသော ယာထဲ၊ တဲထဲများမှ ပြည်သူများကို လည်းကောင်း၊ ၎င်းတို့ မသင်္ကာသောသူများကို စစ်ဆေးမေးမြန်း၍ အတည်ပြုခြင်းမရှိပဲ ထင်ရာမြင်ရာကို ပစ်ခတ်လေ့ရှိသောကြောင့် ပြည်သူလူထုများမှာ အကြောင်းမဲ့ မတရားသဖြင့် အသက်ဆုံးရှုံးကြရသည်။ လက်နက်ငယ်ဖြင့် ကျေးရွာများတွင် ဥပဒေမဲ့လုပ်ရပ်များ ပြုမူလုပ်ဆောင်သောကြောင့် ကျေးရွာပြည်သူ များသည် စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုမရှိခြင်း၊ အသက်အန္တရာယ်များနှင့် ရင်ဆိုင်တွေ့ကြုံရခြင်း၊ အိုးအိမ်များ ပျက်ဆီးဆုံးရှုံးရခြင်းတို့ကို ကြုံတွေ့ရလေ့ရှိသည်။


ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး အုပ်ချုပ်ရာဒေသများရှိ အရပ်သားပြည်သူနေရာထိုင်ရာ နေရာများနှင့် ရွာသားများအသုံးပြုသောလမ်းများတွင် စစ်ကောင်စီတပ်များမှ ထိုကဲ့သို့ ကိုယ်လက်အင်္ဂါထိခိုက်သေကျေစေသော မိုင်းများကို ထောင်ထားသည့်အတွက် ကျေးရွာလူထုများ ထိခိုက်သေဆုံး ဒဏ်ရာရသည့် အချက်အလက်များကို ကေအဲန်ယူ လူ့အခွင့်အရေးကော်မတီက မှတ်တမ်းကောက်ယူထားသည်။ မှတ်တမ်းအချက်အလက်များအရ ကျေးရွာနေပြည်သူလူထုများ အသုံးပြုသော ရွာချင်းဆက်လမ်းများ၊ လယ်တောထဲသို့ သွားရန်အသုံးပြုသောလမ်းများ၊ ကျေးရွာတွင်းလမ်းများတွင် မြေမြှပ်မိုင်းများ ထောင်ထားသောကြောင့် ပြည်သူ (၆) ဦး သေဆုံးခဲ့ပြီး၊ (၁၂) ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ ထိခိုက်ဒဏ်ရာရသည်ဟုဆိုရာ၌ ၎င်းတို့သည် ခန္ဓာကိုယ်အစိတ်အပိုင်းများ ပျက်ဆီးဆုံးရှုံးမှုများ ဖြစ်ကြသည်။ အဓိကအားဖြင့် ခြေထောက်များပြတ်သွားသောကြောင့် ဖြတ်တောက်လိုက်ရသော သူများဖြစ်ကြသည်။ လူထုအာခံလှုပ်ရှားမှု (CDM) တွင်ပါဝင်လာသည့် စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်း၊ တပ်ခွဲ(၃)၊ ကော့ကရိတ်မြို့မှ ကိုယ်ပိုင်နံပါတ် တ/၂------၊ တပ်သား ကိုအောင်ဝင်း (အမည်လွှဲ) ထွက်ဆိုခဲ့သည်မှာ “အရာရှိတွေကတော့ ပြည်သူဖြစ်ဖြစ် ရန်သူဖြစ်ဖြစ် ဘယ်သူထိထိ ထိတဲ့သူရန်သူဘဲဆိုတဲ့ အတွေးနဲ့ မိုင်းထောင်ခိုင်းတာတွေ အများကြီးရှိတယ်။ တချို့ကလည်း အဲ့လို မဟုတ်ဘူး။ အဓိကတော့ အထိပြနိုင်ဖို့ဖြစ်တယ်။ တစ်ခါတစ်လေမှာဆို မိုင်းထောင်ပြီး မိုင်းထိတဲ့လူတွေ မရှိတဲ့အခါ အလုပ်မလုပ်ဘူးဆိုပြီး အရာရှိတွေက စွပ်စွဲတာမျိုးရှိတယ်” ဟူ၍ ဖြစ်သည်။

**၂၀၂၁-၂၀၂၂ ခုနှစ်အတွင်း စစ်ကောင်စီမှ ရွာသားများအသုံးပြုသောလမ်းတွင်**
**မိုင်းထောင်ခြင်းကြောင့် ထိခိုက်သေဆုံးမှု**





ဇယား (၁၁)

အာဏာသိမ်းဖြစ်စဉ်နောက်ပိုင်းမှစ၍ ၂၀၂၂ ခုနှစ်၊ စက်တင်လာလအထိ ပြည်သူများအား လက်နက်ကြီးနှင့်အတူ လက်နက်ငယ်ပစ်ခတ်မှု (၃၄) ကြိမ်တိတိ ပစ်ခတ်ခဲ့ပြီး နေအိမ် (၂) လုံးပျက်စီးမှုနှင့် ကျေးရွာနေ ပြည်သူ (၅) ဦးထိခိုက်ဒဏ်ရာရမှုများ ရှိခဲ့သည်။




ဇယား (၁၂)


လက်နက်ငယ်ဖြင့် အကြောင်းမဲ့ ပစ်ခတ်မှုပေါင်း (၄၄) ကြိမ် ကျူးလွန်ခဲ့ပြီး၊ မူတြော် (ဖာပွန်) ခရိုင်တွင် (၁၆) ကြိမ်၊ ဒူးသထူ (သထုံ) ခရိုင်တွင် (၁၂)ကြိမ်၊ ခလယ်လွို့ထူ (ညောင်လေးပင်) ခရိုင်တွင် (၇) ကြိမ်၊ ဘိတ် (မြိတ်)-ထားဝယ် ခရိုင်တွင် (၃) ကြိမ်၊ ဒူးပလာယာခရိုင်တွင် (၃) ကြိမ်၊ တောအူး (တောင်ငူ) ခရိုင်တွင် (၂) ကြိမ်နှင့် ဖားအံ (ဘားအံ) ခရိုင်တွင် (၁)ကြိမ် တိုင်တိုင် ရွာသားများအား အကြောင်းမဲ့ သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်။




ဇယား(၁၃)

အာဏာသိမ်းသည့်အချိန်မှ စ၍ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလအထိ စစ်ကောင်စီ၏ ပြည်သူများအပေါ် သေနတ်ဖြင့် အကြောင်းမဲ့ပစ်ခတ်မှုကြောင့် ကျေးရွာနေ အရပ်သားပြည်သူ (၃၀) ဦး သေဆုံးခဲ့သည်။ ထိုသို့ ရည်ရွယ်ချက်ရှိရှိ အကြောင်းမဲ့ သေနတ်ဖြင့် ရမ်းသမ်းပစ်ခတ်မှုကြောင့် ကျေးရွာနေပြည်သူ (၁၈) ဦး ထိခိုက်ဒဏ်ရာရခဲ့ပြီး စာသင်ကျောင်း (၁) ကျောင်းနှင့် အိုးအိမ် (၄) လုံးပျက်စီးခဲ့သည်။

## ၂၀၂၁-၂၀၂၂ ခုနှစ်အတွင်း စစ်ကောင်စီမှ ရွာသားများအား အကြောင်းမဲ့ သေနတ်ဖြင့်ပစ်ခတ်ခြင်းကြောင်း ထိခိုက်မှု၊ သေဆုံးမှုနှင့် ပျက်စီးမှုအခြေအနေ




ဇယား (၁၄)

## စစ်ကောင်စီ၏ လက်နက်ကြီးပစ်ခတ်မှု၊ မီးရှို့မှုများကြောင့် ပျက်စီးခဲ့ရသော အများပြည်သူပိုင်နှင့် လူနေအဆောက်အအုံများ











# ၇ မြန်မာစစ်တပ်၏ အဓမ္မခိုင်းစေ၊ သတ်ဖြတ်၊ နှိပ်စက်ခြင်းများ

နိုင်ငံတစ်နိုင်ငံ၏ တပ်မတော်ဟူသည် နိုင်ငံတစ်နိုင်ငံ၏ လုံခြုံရေးကဏ္ဍသော်လည်းကောင်း၊ လုံခြုံရေးနှင့်သက်ဆိုင်သော ကိစ္စရပ်များကိုလည်းကောင်း ကိုင်တွယ်ဖြေရှင်းရသော အဖွဲ့အစည်းဖြစ်သည်ဟူသော သဘောတရားမှာ မည်သည့် ဒီမိုကရေစီနိုင်ငံတွင်မဆို လက်ခံနားလည် ကျင့်သုံးကြသည်။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုဟူသော ဝေါဟာရကို မြန်မာစစ်တပ် တဖြစ်လဲ စစ်ကောင်စီ ဖြစ်စေ၊ လွန်ခဲ့သော စစ်အစိုးရများမှ တွင်တွင်ကျယ်ကျယ်ပြောဆိုပြီး ပြည်သူလူထုကို ချွေးသိပ်ခဲ့သည်။ ၂၀၁၀ ခုနှစ်မှ စ၍ အကူးအပြောင်းကာလတွင်လည်း ရွှေရည်စိမ်ဒီမိုကရေ (သို့မဟုတ်) ရောစပ်ဒီမိုကရေစီ (Hybrid Democracy - မြန်မာစစ်တပ်ပါဝင်ဦးဆောင်သော အကန့်အသတ်ဒီမိုကရေစီစနစ်) ကို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ကြိုတင်စီမံထား၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဟူသော ခေါင်းစဉ်များအောက်မှ ချွေးသိပ်ခဲ့သည်။ မြန်မာစစ်တပ်သည် မြန်မာ့နိုင်ငံရေးအတွင်း ၎င်း၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ သဘောထားမူဝါဒမှာ ၎င်းသည် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်ရမည် ဟူသော မူဝါဒ ဖြစ်သည်။ သာမန် ဒီမိုကရေစီနိုင်ငံများ၏ တပ်မတော်များနှင့် ကွဲပြားသည်မှာ မြန်မာစစ်တပ်သည် မြန်မာနိုင်ငံ၏ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များထက်ပိုသော အချုပ်အခြာအာဏာ (sovereignty) အထိ ပါဝင်စွက်ဖက် ရမည်ဟူသော သဘောတရားဖြစ်သည်။ အချုပ်အခြာအာဏာဟုဆိုရာ၌ အုပ်ချုပ်ရေးအာဏာ၊ ဥပဒေပြုရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ ပါဝင်သည်။ ထိုအာဏာသုံးရပ် ကျင့်သုံးမှုနှင့် ပတ်သက်၍ မြန်မာစစ်တပ်သည် မြန်မာနိုင်ငံအတွင်း ဒီမိုကရေစီကျင့်သုံးမှုကို အုပ်ထိန်းသူသဖွယ် ထိန်းကျောင်းရမည်ဟူသော သဘောထား မူဝါဒ ရှိသည်။ ထို့ကြောင့် ၎င်းတို့၏ အသုံးအနှုန်းတွင် နိုင်ငံတော်၏လုံခြုံရေးကို ကာကွယ်ရမည်ဟူသော အသုံးအနှုန်းအစား အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရမည်ဟု သုံးနှုန်းသည်။ ၎င်းတို့ကို ၎င်းလည်း နိုင်ငံတော်၊ အချုပ်အခြာအာဏာနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်သူ (Guardian) အဖြစ် ဖော်ညွှန်းလေ့ရှိသည်။ ထို့နောက် တိုင်းရင်းသားတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် တန်းတူညီမျှရေးတို့အတွက် နိုင်ငံရေးဖြင့်ဖြစ်စေ၊ စစ်ရေးဖြင့်ဖြစ်စေ အစိုးရအဆက်ဆက်နှင့် အားသွန်ခွန်စိုက် ဆွေးနွေးညှိနှိုင်း အဖြေရှာသော ကေအဲန်ယူအပါအဝင် တိုင်းရင်းသားတော်လှန်ရေးအင်အားစုများသည် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးစော်ကားသည်ဟူသော အချက်ကို စစ်အစိုးရအဆက်ဆက် ပြည်သူ့ဆက်ဆံရေးမျက်နှာစာတွင် အကြိမ်ကြိမ်အသုံးပြုလေ့ရှိသည်။ စစ်အစိုးရအဆက်ဆက်သည် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို မူလပိုင်ဆိုင်ခွင့်နှင့် ပိုင်ဆိုင်သူများသဖွယ် ပြုကျင့်ပြီး စစ်ခေါင်းဆောင်များကသာ ပြည်သူများ၏အကျိုးစီးပွားကို အမြတ်ထုတ် အလစ်သုတ်ပြီး ချနင်းဖျက်ဆီးလေ့ရှိသည်။

ခေတ်အဆက်ဆက်မှ ဖက်ဆစ်စနစ်ဖြင့် သန္ဓေတည်လာသော မြန်မာစစ်တပ်သည် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးအပါအဝင် အခြားသော တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများကို နိုင်ငံရေးနည်းလမ်းဖြင့် အဖြေမရှာပဲ လက်နက်ကိုင်တိုက်ခိုက်၍ အချုပ်အခြာအာဏာကို ထိပါးသည်ဟူသော စွပ်စွဲချက်ဖြင့် အပြီးအပိုင် အမြစ်ဖြတ်နှိမ်နင်းခြင်းကိုသာ

ရွေးချယ်လုပ်ဆောင်ကြသည်။ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို မြန်မာစစ်တပ်ကသာ ပိုင်ဆိုင်သည်၊ မူပိုင်ဖြစ်သည်၊ သက်ဆိုင်သည် ဟူသော မူကို လက်စွဲကိုင်ထားသည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ဟုဆိုရာ၌ သော်လည်းကောင်း၊ ဖက်ဒရယ်စနစ်ဟု ဆိုရာ၌ လည်းကောင်း၊ မတူကွဲပြားသော တိုင်းရင်းသားများ၏ တိုးတက်ကောင်းမွန်ရေးအတွက် ဖြစ်သည်ကို လက်မခံပေ။ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးသည် တပ်မတော်၏ အဓိကတာဝန်ဖြစ်သည့်အလျောက် တပ်မတော်၏ အာဏာတည်တံ့ခိုင်မြဲရေးသည် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး နှင့်ထပ်တူကျသည်ဟု သဘောထား ခံယူထားသည်။ ထို့ကြောင့် ပြည်သူလူထု၏ ထောက်ခံအားပေးမှုနှင့် နှစ်ပေါင်းများစွာ ရပ်တည်နေနိုင်သော ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံးကို ဖြိုဖျက်တိုက်ခိုက်ရာ၌ **“ကျူပင်ခုတ်၊ ကျူငုတ်မကျန်”** ဟူသော ဆောင်ပုဒ်ဖြင့် ကေအဲန်ယူ -ကရင်အမျိုးသားအစည်းအရုံးကို လွတ်လပ်ရေးအလွန်ကာလတစ်လျောက်လုံး တိုက်ခိုက်နှိမ်နင်းသည်။ “ကျူငုတ်မကျန်” ဟုဆိုရာ၌ ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး၏ ပြည်သူ့ရေးရာ ဝန်ဆောင်မှုများပေးနေသော နေရာဒေသများ၌လည်းကောင်း၊ အုပ်ချုပ်ရေးယန္တရားများရှိသော အရပ်ဒေသ၌လည်းကောင်း၊ အရပ်သားပြည်သူများကိုလည်း စစ်ရေးပစ်မှတ်ထား၍ ညှင်းပန်း နှိပ်စက်သတ်ဖြတ်မှုများကို ပြောင်ပြောင်တင်းတင်း ကျူးလွန်ကြသည်။ ၁၉၆၂ ခုနှစ်ခန့်မှစ၍ ဗမာပြည် ကွန်မြူနစ်ပါတီနှင့် ပဲခူးရိုးမတစ်လျောက် အခြေတည်ခဲ့သော ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး ကို တိုက်ခိုက်ဖျက်ဆီးရန် ဖြတ်လေးဖြတ်စစ်ဆင်ရေးကို ဦးနေဝင်းခေါင်းဆောင်သော စစ်အစိုးရမှ စတင်ကျင့်သုံးခဲ့သည်။ ဖြတ်လေးဖြတ်စစ်ဆင်ရေးကို မြန်မာစစ်တပ်က အစားအစာ၊ ရံပုံငွေ၊ သတင်းအချက်အလက်နှင့် လူအင်အားများကို ဖြစ်နိုင်သည့် မည့်သည့်နည်းလမ်းကမဆို အဓိကပစ်မှတ် ထား ပိတ်ဆို့ ဖြတ်တောက်သည်။ ၂၀၂၁ ခုနှစ် အာဏာသိမ်းဖြစ်စဉ်နောက်ပိုင်းတွင် ပြည်သူလူထုကို စာနာငဲ့ညှာမှုကင်းမဲ့သော စစ်ကောင်စီသည် ထိုဖြတ်လေးဖြတ် စစ်ဆင်ရေးကို ပြန်လည်အသက်သွင်းကာ လူ့အခွင့်အရေးချိုးဖောက်မှုများစွာဖြင့် ၎င်းတို့၏ အာဏာဆက်လက် တည်တံ့ရေးအတွက် ထပ်မံလုပ်ဆောင်လာသည်။

ဤအပိုင်းတွင် စစ်ကောင်စီ၏ ဖြတ်လေးဖြတ်စစ်ဆင်ရေးမှ နှစ်ဖြတ်ဖြစ်သော လူအင်အားဖြတ်တောက်ရေးနှင့် သတင်းအချက်အလက်ဖြတ်တောက်ရေးဟူသော ခေါင်းစဉ်အောက်မှ ကျေးရွာလူထုကို လူ့ဂုဏ်သိက္ခာမဲ့စွာ ထင်ရာစိုင်း ညှင်းပန်း၊ နှိပ်စက်၊ သတ်ဖြတ်ခြင်းများကို ကျူးလွန် ပြုမူဆက်ဆံခြင်းမှုများကို တွေ့ရသည်။ ဤသို့ လက်နက်ကိုင်ဆောင်ထားပြီး ဥပဒေမဲ့စွာ ကျေးရွာလူထုအပေါ် စိတ်တိုင်းကျ ဖမ်းဆီး၊ သတ်ဖြတ်၊ ညှင်းပန်းနှိပ်စက်ခြင်းသည် မြန်မာနိုင်ငံအနေဖြင့် လိုက်နာမည်ဟု သဘောတူ လက်မှတ်ရေးထိုးထားသော ကုလသမဂ္ဂ နိုင်ငံတကာသဘောတူစာချုပ် (၄) ခုနှင့် နောက်ဆက်တွဲစာချုပ် (၂) ခုကို မဆိုဦးနှင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတိုင်း လိုက်နာရမည့် နိုင်ငံတကာ လူ့အခွင့်အရေးကြေညာစာတမ်း (Universal Declaration of Human Rights – UDHR) ပါ အခြေခံလူ့အခွင့်အရေးများကိုပင် ပေါ်ပေါ်ထင်ထင် ချိုးဖောက်လျက်ရှိသည်။ ထို့နောက် ဂျနီဗာ ကွန်ဗင်းရှင်း (၄) ခုအနက်မှ ပထမ သုံးခုသည် နှစ်ဖက်လက်နက်ကိုင်တပ်ဖွဲ့များကို လူ့အခွင့်အရေးများ ရရှိခံစားစေရန် ရည်ရွယ်ပြီး လေးခုမြောက် (စတုတ္ထ) စာချုပ်သည် အရပ်သားများအား အကာအကွယ် ပေးရန် ရည်ရွယ်သော စာချုပ်ဖြစ်သည့်အားလျော်စွာ စစ်ကောင်စီသည် မြန်မာနိုင်ငံမှ လိုက်နာဆောင်ရွက်မည်ဟု လက်မှတ်ရေးထိုးထားသော ထိုစာချုပ်ပါ ကတိကဝတ်များကို ထင်ထင်ရှားရှား ချိုးဖောက်ထားသည်။ ဤသို့ချိုးဖောက်ထားသော လူ့အခွင့်အရေးများနှင့် နိုင်ငံတကာ ဥပဒေများကို မည်သည့် ရည်ရွယ်ချက်ဖြင့် မည်သို့မည်ပုံ ကျူးလွန်သည်ကို တင်ပြသွားမည် ဖြစ်ပါသည်။

စစ်ကောင်စီစစ်ကြောင်းများသည် ကျေးရွာများအတွင်းသို့ ဝင်ရောက်လာသောအခါတွင် ဒေသတွင်း စစ်ရေးတင်းမာမှု အခြေအနေအရ ကျေးရွာလူထုများသည် ကလေး၊ လူငယ်၊ အမျိုးသမီး၊ သက်ကြီးရွယ်အိုများပါမကျန် ၎င်းတို့၏ကျေးရွာများကို စွန့်ခွာ ထွက်ပြေးရလေ့ရှိသည်။ တစ်ခါတစ်ရံ အမျိုးသားများသာ ထွက်ပြေးတိမ်းရှောင်ကြရသော အချိန်အခါများလည်းရှိသည်။ ကျေးရွာအနီးအနားပတ်ဝန်းကျင်တွင် တိုက်ပွဲများ ဖြစ်ပွားသောကြောင့်လည်းကောင်း၊ လေယာဉ်များ ကျေးရွာပတ်ဝန်းကျင်တွင် ဝဲပျံသောကြောင့်လည်းကောင်း၊ အကြောင်းမဲ့ ပေါ်တာ (porter) ဝင်ရောက်ဖမ်းဆီးခြင်းကြောင့် လည်းကောင်း၊ ကျေးရွာလူထုသည် အိုးအိမ်စွန့်ခွာ၍ ပို၍ ဘေးကင်းလုံခြုံမည်ဟု ၎င်းတို့ယူဆကြသော နေရာများသို့ ထွက်ပြေးကြရသည်။ ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး၏ သတင်းအချက်အလက်နှင့် လူ့အရင်းအမြစ် ဖြတ်တောက်ရေးအတွက် တန်ပြန်တိုက်စစ်ဆင်သည့်အနေဖြင့် စစ်ကောင်စီတပ်များသည် ကျေးရွာလူထုကို ရန်သူသဖွယ် ပြုမူဆက်ဆံကြသည်။ မြန်မာစစ်တပ် တဖြစ်လဲ စစ်ကောင်စီသည် ၎င်းတို့၏ ရက်စက်ကြမ်းကြုတ်သည့် ဖမ်းဆီး၊ နှိပ်စက်၊ သတ်ဖြတ်သည့် နည်းလမ်းများဖြင့် ကျေးရွာလူထုအပေါ် ပြုမူဆောင်ရွက်မှုကို မြန်မာစစ်တပ်၏ စစ်ခေါင်းဆောင်များအပါအဝင် အဖွဲ့အစည်းတစ်ခုလုံးက ခွင့်ပြုထားသည်။ ထိုသို့ လူ့အခွင့်အရေးချိုးဖောက်မှု စိတ်တိုင်းကျ ကျူးလွန်ခွင့်ကို ရာထူးငယ်မှ ရာထူးအကြီးဆုံးအထိ ခွင့်ပြုချက်များ ထားရှိထားသည်ကို ၂၀၂၁ ခုနှစ် အာဏာသိမ်းဖြစ်စဉ်နောက်ပိုင်း လူထုအာခံလှုပ်ရှားမှုတွင် ပါဝင်လာသော မြန်မာစစ်တပ်မှ ရာထူးကြီးငယ် စစ်သားများက ဝန်ခံထားသော အထောက်အထားများ တွင် တွေ့ရှိနိုင်သည်။

စစ်ကောင်စီတပ်များ ကျေးရွာများသို့ ဝင်ရောက်လာချိန်တွင် ကျေးရွာလူထုများက ၎င်းတို့၏ နေအိမ်များတွင်သာ ရှိနေသောအခါ ကျည်ဆံအမျိုးမျိုးနှင့် ရိက္ခာများကို သယ်ဆောင်ရန် အတင်းအဓမ္မ ခိုင်းစေမှုများနှင့် လူသားဒိုင်းများအနေဖြင့် အသုံးပြုရန် ဖမ်းဆီးခြင်းများကို မကြာခဏ ပြုလုပ်ကြသည်။ ပေါ်တာဖမ်းသောအခါ အမျိုးသားအများစုကိုသာ ဖမ်းလေ့ရှိပြီး အမျိုးသမီးများ ကိုပါ ဖမ်းဆီးခေါ်ဆောင်သော အချိန်အခါမျိုးလည်းရှိသည်။ ထိုသို့ ၎င်းတို့စစ်ကြောင်းချီတက်ရာ ရှေ့တန်းသို့ဖြစ်စေ၊ ရှေ့တန်းတပ်စခန်းများသို့ဖြစ်စေ၊ လိုရာခရီးတလျှောက် ဖမ်းဆီးလာသော ကျေးရွာများမှ ပြည်သူများကို ခွန်အားနှင့်မမျှသော အလေးဝန်များကို သယ်ဆောင်စေပြီး ညှင်းပန်းနှိပ်စက်မှုများလည်းရှိသည်။ ညှင်းပန်းနှိပ်စက်မှုများ ဟုဆိုရာတွင် ၎င်းတို့ စိတ်ကြိုက်ခိုင်းစေပြီး နည်းလမ်းအမျိုးမျိုးဖြင့် သတ်ဖြတ်ခြင်းများလည်းပါဝင်သည်။ ၎င်းတို့ဖမ်းဆီးခေါ်ဆောင်သွားသော ပြည်သူများကို လုပ်အားပေးခေါ်ယူသည်ဟု စစ်ကောင်စီတပ်မှ ဆိုသော်လည်း ကွန်သဖွယ် ပြုမူ ဆက်ဆံမှုများ ရှိသည်ကိုလည်း ကေအဲန်ယူ လူ့အခွင့်အရေးကော်မတီ၏ လူ့အခွင့်အရေး မှတ်တမ်းပြုစုချက်များအရ တွေ့ရသည်။ စစ်ကောင်စီတပ်အနေနှင့် ဤသို့လုပ်ဆောင်ခြင်းသည် ရန်သူ၏ လူအင်အားကို တနည်းတဖုံဖြင့် အင်အားနည်းအောင် တုန့်ပြန်နိုင်သည်ဟူသော ယူဆချက်ဖြင့် လုပ်ဆောင်နေကြသည် ဟုဆိုနိုင်သည်။ ဤကျေးရွာပတ်ဝန်းကျင်တွင်ရှိသော ပြည်သူလူထုကို အကာအကွယ်ပေးသင့်သော သာမန် အရပ်သားပြည်သူလူထုဟုမမြင်ဘဲ စစ်ရေးဆိုင်ရာ အရာဝတ္ထုများဟု ရှုမြင်ကြသည်မှာ ၎င်းတို့၏ အရပ်သားပြည်သူလူထုအပေါ် ထားရှိသော စိတ်နေသဘောထားနှင့် ကျူးလွန်သော ဖြစ်ရပ်များကို လေ့လာကြည့်ခြင်းဖြင့် တွေ့မြင်နိုင်သည်။ ထိုဖြစ်ရပ်များတွင် အရပ်သားပြည်သူများကို စစ်ကြောင်းအတွက် ဒိုင်းကာသဖွယ် အသုံးပြုခြင်းများ ပါဝင်သည်။

မည်သည့် ပြုမူဆောင်ရွက်မှုများသည် အရပ်သားပြည်သူလူထုအား ဒိုင်းကာအဖြစ် အသုံးပြုသည်ဟု ဆိုနိုင်သနည်း။ ကေအဲန်ယူ လူ့အခွင့်အရေးကော်မတီက ပြုစုထားသော မှတ်တမ်း အချက်အလက်များအရ စစ်ကောင်စီတပ်များသည် ၎င်းတို့ စစ်ကြောင်းများက လမ်းမသိ၍ ဟူသော အကြောင်းပြချက်၊ အရပ်သားပြည်သူလူထုကို မသကာ၍ ဟူသောအကြောင်းပြချက်နှင့် အခြားသော အကြောင်းပြချက်များစွာဖြင့် အရပ်သားပြည်သူများကို ၎င်းတို့စစ်ကြောင်းနှင့်အတူ လိုရာခရီးသို့ ခေါ်ဆောင်လေ့ရှိသည်။ ထိုသို့ခေါ်ဆောင်ရာ၌ ပြည်သူများကို ကြိုးဖြင့် တုတ်နှောင်ထားခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ ဆဲဆိုခြင်း၊ အစာရေစာဖြတ်တောက်ထားခြင်းနှင့် မူးယစ်ရမ်းကား၍ သတ်ဖြတ်ခြင်း အပါအဝင် အခြားသော သတ်ဖြတ်နည်း အမျိုးအမျိုးဖြင့် သတ်ဖြတ်လေ့ရှိသည်။ ထိုသို့ ပြည်သူများကို ၎င်းတို့စစ်ကြောင်းနှင့်အတူ ကြားညှပ်ခေါ်ဆောင်ခြင်းဖြင့် ပို၍ လုံခြုံသည်ကို စစ်ကောင်စီတပ်များသည် သိရှိကြ၍ ဖြစ်သည်။ တော်လှန်ရေးအင်အားစုများသည် ဖမ်းဆီးခံ ပြည်သူများပါဝင်သည့် စစ်ကောင်စီစစ်ကြောင်းများကို တိုက်ခိုက်မှုပြုလုပ်လျှင် ပြည်သူများလည်း ထိခိုက်သေကျေမည်ကို ကောင်းစွာသတိပြုမိကြ၍ ဖြစ်သည်။ ထိုသို့ မတရား အဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်းခံခဲ့ရသော ပြည်သူများထံမှ သိရှိရသည်မှာ စစ်ကောင်စီ တပ်များ၏ ဖမ်းဆီးခေါ်ဆောင်ကာ အသုံးချခံရသောအချိန်ကာလတွင် အခြားသော လက်နက်ကိုင်တပ်ဖွဲ့များမှ ကြားဖြတ် တိုက်ခိုက်ခြင်း မရှိသည်ကို တွေ့ရသည်။

၎င်းတို့အား ဆန့်ကျင့်သော အဖွဲ့အစည်း၏ သတင်းအချက်အလက်ဖြတ်တောက်ခြင်းနှင့် ပတ်သက်၍ စစ်ကောင်စီတပ်များသည် ကျေးရွာများရှိ သံသယရှိသော အရပ်သားပြည်သူများကို ဖမ်းဆီး၍ နှိပ်စက်မေးမြန်းခြင်းများ ပြုလုပ်၍ သတ်ဖြတ်ခြင်းများကိုလည်း ကျူးလွန်ကြသည်။ အထူးသဖြင့် ကျေးရွာလူထုများသည် ၎င်းတို့၏ အိုးအိမ်များကိုစွန့်ခွာ၍ ကျေးရွာအတွင်း လူများပြတ်လပ်ချိန်တွင် အချို့သော ရွာသူရွာသားများသည် ၎င်းတို့၏ ရွာ၌ကျန်ရှိသော ကြက်၊ ဝက်၊ နွား ကဲ့သို့သော မွေးမြူရေးတိရစ္ဆာန်များကို ပြန်ရောက် အစာကျွေးခြင်း၊ ဆက်လက် စစ်ရှောင်ရန်အတွက် လိုအပ်သော အစားအသောက်များကို ပြန်လည်ယူဆောင်ခြင်းများကို ပြုလုပ်တတ်သည်။ ထိုသို့ ရွာအတွင်းသို့ ပြန်လည်ဝင်ရောက်ကြသော ကျေးရွာသားများသည် ကျေးရွာပတ်ဝန်းကျင်တွင် ရောက်ရှိနေသော စစ်ကောင်စီတပ်များနှင့် ကြုံဆုံမိသောအခါ စစ်တပ်၏ မတရား ဖမ်းဆီး၊ နှိပ်စက်၊ သတ်ဖြတ်ခြင်းကို ခံကြရသည်။ ရွာသို့ပြန်လည်ဝင်ရောက်လာကြသော ကျေးရွာသားများကို ရန်သူ၏ သတင်းအချက်အလက်ပေးသူဟု စွပ်စွဲလေ့ရှိသည်။ ၎င်းတို့ စစ်ဆေးမေးမြန်းရာ၌ စစ်ကောင်စီတပ်သားတို့သည် လိုင်စင်ရထားသော လူသတ်သမားများသဖွယ် အရပ်သားပြည်သူများကို နှိပ်စက်ခြင်းများ၊ ချုပ်နှောင်ထားခြင်းများနှင့် သတ်ဖြတ်ခြင်းများကို ကျူးလွန်ကြသည်။ ၎င်းတို့သည် သံသယရှိသူများကို တိကျသေချာသော အတည်ပြုမှုမရှိပဲ၊ နိုင်ငံတကာဥပဒေများကို လိုက်နာ ကျင့်သုံးခြင်းမရှိပဲ၊ သတ်ဖြတ်ခြင်းဖြင့် ၎င်းတို့အား ဆန့်ကျင်သော လက်နက်ကိုင်အဖွဲ့အစည်းများ၏ သတင်းအချက်အလက်များကို ဖြတ်တောက်နိုင်သည်ဟုယူဆ၍ စစ်ရာဇဝတ်မှုများကို ကျူးလွန်ကြသည်။ သတင်းအချက်အလက်များသည် လူတစ်ဦးတစ်ယောက်ချင်းစီမှ တစ်ဆင့် အခြားသော လူတစ်ဦးတစ်ယောက်ဆီသို့ စီးဆင်းသောကြောင့် စစ်ကောင်စီတပ်များသည် သတင်းစီးဆင်းမှုများအား ရပ်တန့်ရန် သံသယရှိသူများကို သတ်ဖြတ်ကြခြင်းဖြင့် သတင်းအချက်အလက်များစီးဆင်းမှုကို ရပ်တန့်နိုင်မည်ဟု ယုံကြည်ကြသည်။

ထိုသို့ ရက်စက်ကြမ်းကြုတ်သော စစ်ရာဇဝတ်မှုများကို ကြူးလွန်နိုင်ရန် စစ်ကောင်စီတပ် များသည် ၎င်းတို့၏ ဒေသ အခြေစိုက်တပ်မများကို အခြားသော တိုင်းနှင့်ပြည်နယ်များရှိ ထိုးစစ်များတွင် အသုံးပြုပြီး အခြားသောတိုင်းနှင့်ပြည်နယ်များတွင် အခြေစိုက်သော တပ်မများကို ကော်သူးလေဒေသသို့ ထိုးစစ်ဆင်စေသည်။ ၂၀၂၂ခုနှစ် အောက်တိုဘာလကပင် စစ်ကောင်စီသည် ၎င်း၏ တိုင်းမှူးများအား အပြောင်းအလဲပြုလုပ်ခဲ့သည်။ အကြောင်းမှာ ကော်သူးလေဒေသရှိ ထိုးစစ်များကို ပိုမိုပြတ်သား ရက်စက် ကြမ်းကြုပ်၍ ဒေသခံများကို မငဲ့ညှာသော ချေမှုန်းမှုမျိုးကို စစ်ကောင်စီကလိုလားသည်မှာ ထင်ရှားနေသည်။ ကော်သူးလေဒေသ သို့ ထိုးစစ်ဆင်လာသော စစ်ကြောင်းများသည် ဒေသန္တရ အခြေအနေကို မသိကြပါ။ ကော်သူးလေဒေသရှိ ကျေးရွာများ၏ ရိုးရာ၊ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှု၊ ဘဝနေထိုင်မှုပုံစံ၊ ဘာသာစကား၊ အသက်မွေးဝမ်းကျောင်းမှုပုံစံနှင့် အခြားသော ဒေသန္တရ အခြေအနေ များအား မသိကြပါ။ စစ်ကောင်စီသည် ၎င်း၏ တပ်များကို ဒေသခံအခြေအနေများနှင့် နီးစပ်ခွင့်မပြုပါ။ စစ်ကောင်စီတပ်သား များသည် ကြေးစားလူသတ်သမားများသဖွယ် ပြုမူကျင့်ကြံကြသည်။ ၎င်းတို့၏ အမြင်တွင် အရပ်သားပြည်သူများကို လေးစားရ မည်ဟူသော အသိအမြင် မရှိပေ။ ၎င်းတို့ ပြုတိုင်းနာခံကြရမည့် စစ်ရေးဆိုင်ရာ အရာဝတ္ထုများ အဖြစ်သာ ရှုမြင်ကြသည်။ ထို့ကြောင့် လက်နက်မဲ့ အရပ်သားပြည်သူ၏ အသက်များကို တိကျသေချာမှု မရှိသော အကြောင်းပြချက်ဖြစ်သည့် ရန်သူ့သတင်းပေးဟု စွပ်စွဲပြောဆိုသည်။ အရက်နှင့် တရားမဝင် မူးယစ်ဆေးဝါးများ သုံးစွဲပြီး အရပ်သားပြည်သူများ၏ အသက်ကို နည်းလမ်းမျိုးစုံဖြင့် ရူးရူးမူးမူး သတ်ဖြတ်ကြသည်။ ၎င်းတို့အတွက် စစ်ရေးဆိုင်ရာ အရာဝတ္ထုများသာ ရှုမြင်သည့် ပြည်သူ့အသက်ကို အရက်သေစာ သောက်သုံးရင်းနှင့်ပင် သတ်ဖြတ်ကြသည်ကို ကြုံတွေ့ခဲ့ကြရသော ပြည်သူများ၏မျှဝေမှုဖြင့် ကေအဲန်ယူ လူ့အခွင့်အရေးကော်မတီ က မှတ်တမ်းတင်ထားနိုင်ခဲ့သည်။

စတုတ္ထမြောက် ဂျနီဗာကွန်ဗင်းရှင်း ဖြစ်သော စစ်ပွဲဖြစ်ပွားချိန် အရပ်ဘက်ပုဂ္ဂိုလ်များအား အကာအကွယ်ပေးခြင်းတွင် အရပ်ဘက်ပြည်သူများကို ကာကွယ်ရမည်ဟူသော လက်နက်ကိုင်တပ်ဖွဲ့များလိုက်နာရမည့် အချက်များကို အတိအလင်းဖော်ပြ ထားသည်။ မြန်မာနိုင်ငံသည် ဂျနီဗာကွန်ဗင်းရှင်းကို လိုက်နာမည်ဟု သဘောတူလက်မှတ်ရေးထိုးထားသော ကုလသမဂ္ဂ အဖွဲ့ဝင် နိုင်ငံ ဖြစ်သော်လည်း စစ်ပွဲဖြစ်ပွားချိန်တွင် အရပ်ဘက်ပြည်သူများကို ကာကွယ်ရန်ဟူသော  စတုတ္ထမြောက် ဂျနီဗာကွန်ဗင်းရှင်း ပါ အခြေခံလူအခွင့် အရေးများကိုပင် ချိုးဖောက်လျက်ရှိသည်။  ဥပမာ- စတုတ္ထမြောက် ဂျနီဗာကွန်ဗင်းရှင်း၏ အပိုင်း (၃)၊ အပိုဒ် (၃၁) နှင့် (၃၂) (၃၃) တွင် ဖော်ပြထားသည်မှာ အရပ်ဘက်ပြည်သူလူထုကို အတင်းအကျပ်ခိုင်းစေမှုများမပြုလုပ်ရန်၊ ရယူလိုသော သတင်းအချက်အလက်များရရန် နှိပ်စက်ခြင်းများ မပြုလုပ်ရန်၊ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်မှုများမပြု လုပ်ရန်၊ သတ်ဖြတ်မှုများ မပြုလုပ်ရန်၊ အစုလိုက်အပြုံလိုက် မသတ်ဖြတ်ရန်၊ ခြိမ်းခြောက် ပြောဆိုခြင်း များ မပြုရန် စသော အချက်များ ပါရှိသည်။ ထို့နောက် စတုတ္ထမြောက် ဂျနီဗာကွန်ဗင်းရှင်း အပိုဒ် (၈၉)၊ (၉၀) နှင့် (၉၁) များတွင် ဖမ်းဆီးထိန်းသိမ်းခံရသော အရပ်ဘက်ပြည်သူလူထုကို တနေ့တာ လုံလောက် သော အစားအစာ ပံ့ပိုးပေးခြင်း၊ အဝတ်အစား ပံ့ပိုးပေးခြင်း၊ ဆေးဝါးကုသမှုများပေးခြင်းနှင့် ဆေးစစ် ချက်များ ပြုလုပ်ပေးခြင်း စသည့် အချက်များပါရှိသည်။ စစ်ကောင်စီအနေနှင့် အထက်ပါ လိုက်နာရ မည့်အချက်များကို လိုက်နာခြင်းမရှိသည့်အပြင် ၎င်းတို့၏စစ်ရေးအတွက် စနစ်တကျ ဖိနှိပ်သတ်ဖြတ်မှု များကို ကျူးလွန်ကြသည်။

ခလယ်လို့ထူ (ညောင်လေးပင်) ခရိုင်တွင် နေထိုင်သော အသက် (၂၂) နှစ်အရွယ် စောအယ်တာတော (အမည်လွှဲ) သည် စစ်ကောင်စီ၏ ရက်စက်ကြမ်းကြုတ်သော လူ့အခွင့်အရေး ချိုးဖောက်မှုကို ကိုယ်တိုင်ကြုံတွေ့ခဲ့ရသော ဖြစ်စဉ်ကို ဤသို့ မျှဝေပြောပြခဲ့သည်။ စစ်ကောင်စီ တပ်သားများသည် ၂၀၂၂ ခုနှစ်၊ မေလ (၂၆) ရက်နေ့တွင် စောအယ်တာတောတို့ နေထိုင်သော ကျေးရွာ အတွင်းသို့ ရုတ်တရက် ဝင်ရောက်လာသောကြောင့် ရှောင်တိမ်းရန် အခွင့်မသာခဲ့ပဲ ၎င်း အပါအဝင် ရွာသား (၃၆)ဦးတို့အား စစ်ကောင်စီတပ်သားများမှ ဖမ်းဆီးခဲ့သည်။ စစ်ကောင်စီတပ်များသည် ကျေးရွာသို့ဝင်လာချိန် စောအယ်တာတောနှင့် တစ်ခြားရွာသား များသည်ပြေးလျှင် လွတ်နိုင်သော်လည်း စစ်ကောင်စီတပ်သားများမှ သေနတ်ဖြင့် ရမ်းသန်းပစ်ခတ်လေ့ရှိသည်ကို သိရှိထားပြီး၊ ရွာသားများ ထွက်ပြေးလျှင် ကျန်ရှိသော ရွာသူရွာသားများအား အကုန်ပစ်သတ်မည်ဟု ခြိမ်းခြောက်သောကြောင့် အဖမ်းခံခဲ့ကြရ သည်။ စစ်ကောင်စီတပ်သားများသည် ဖမ်းဆီးထားသော စောအယ်တာတောနှင့် ကျန်ရွာသားအားလုံးနီးပါးကို ကြိုးဖြင့်တုတ်ပြီး ရွာသားများ၏ ဖုန်းများကို စစ်ဆေးခြင်းနှင့် ရိုက်နှက်ကန်ကြောက်ခြင်းများ ပြုလုပ်ခဲ့သည်။ စောအယ်တာတောနှင့် ရွာသား (၃၆) ဦးတို့မှာ စစ်ကောင်စီတပ်၏ ခေါ်ဆောင်ရာသို့ (၈) ရက်တိတိ လိုက်ပါခဲ့ကြရသည်။ ခရီးစဉ်တစ်လျှောက် ဖမ်းဆီးခံရသောရွာသား များအား လက်ပြန်ကြိုးချည်ပြီး ၎င်း၏ကျေးရွာမှ ပါလာသော သက်လတ်ပိုင်းအရွယ်ရှိသော ရွာသားတစ်ဦးအား ခြေဖဝါးရောင် ကိုင်းသည်အထိ ကန်ကြောက် ရိုက်နှက်ခြင်းခံခဲ့ရသည်ကို စောအယ်တာတောမှ မြင်တွေ့ခဲ့ရသည်။ စောအယ်တာတော သူငယ်ချင်း များ၏ မျက်နှာကိုလည်း စစ်ဖိနပ်ဖြင့် ကန်ကြောက်ခြင်း၊ ထိုးကြိတ်ခြင်းများ ပြုလုပ်ခဲ့သည်။ ဖမ်းဆီးခံခဲ့ရသော ရွာသား (၃၆) ဦးနှင့် စောအယ်တာတောတို့အား စစ်ကောင်စီတပ်သားများမှ ထမင်းမကျွေးဘဲ နေပူထဲတွင် နှစ်ရက်နီးပါး နေပူလှန်းခံခဲ့ရသည်။ ထို့နောက်

စစ်ကောင်စီတပ်သားမှ ဖမ်းဆီးထားသော ရွာသားများအားလုံးကို အလုပ်ကြမ်း တစ်ရက်လုံးလုံး အတင်းအဓမ္မ ခိုင်းစေပြီး ထမင်းတနပ်သာ ကျွေးခဲ့သည်။ အလုပ်ကြမ်းခိုင်းစေခံခဲ့ရသော ရွာသားတစ်ဦးမှာ နေထိုင်မကောင်းကြောင်း၊ ဖျားကြောင်းကို စစ်ကောင်စီတပ်၏ တာဝန်ရှိသူဟု ယူဆရသော စစ်သားတစ်ဦးအားပြောသော်လည်း အနားယူခွင့်မပေးဘဲ အတင်းအဓမ္မ ဆက်လက်စေခိုင်းပြီး သေဆုံးသည်အထိ ရိုက်နှက်ညှင်းဆဲခဲ့ကြသည်။ ထို့အပြင် စောအယ်တာတောရှေ့တွင်ပင် စစ်ကောင်စီတပ်သားတစ်ဦးက ခရစ်ယာန်သင်းအုပ်ဆရာတစ်ဦး၏နားရွက်ကို ဓါးဖြင့်လှီးဖြတ်ခဲ့သည့်အပြင် ဦးခေါင်းအား သေနတ်ဒင်ဖြင့်ထုရိုက်သောကြောင့် ထိုသူ၏ ဦးခေါင်းကွဲခဲ့သည်။ ထို့နောက် ထိုသူအားတစ်ညလုံးကြိုးချည်ကာ တစ်ခြားရွာတစ်ရွာသို့ ခေါ်ဆောင်သွားခဲ့သည်။ နောက်နေ့မနက်ရောက်သောအခါ စောအယ်တာတောနှင့် ကျန်ရှိသောရွာသားအားလုံးကို XXX ကျေးရွာမှ တဆင့် (၅) ရက်တိတိ ဆက်လက်ခေါ်ဆောင်သွားသည်။ ခေါ်ဆောင်သွားစဉ် စစ်ကောင်စီတပ်သားများ၏ အထုတ်အပိုးများကို ထမ်းပေးရသည်သာမက၊ စစ်ကောင်စီတပ်သား လူနာများကိုပါ ထမ်းပို့ပေးခဲ့ကြရသည်။ စောအယ်တာတောနှင့် ရွာသားများသည် လမ်းခရီးတစ်လျှောက် ညှင်းပမ်းနှိပ်စက်မှု အမျိုးမျိုး (စစ်ဖိနပ်ဖြင့် ကန်ကြောက်၊ ထိုးကြိတ်၊ သေနတ်ဒင်ဖြင့် ဦးခေါင်းရိုက်၊ နားရွက်ကို ဓါးဖြင့်လှီး) ခံခဲ့ကြရပြီး ရွာသားအချို့မှာ အသက်ပင် ဆုံးရှုံးခဲ့ကြရသည်။ စောအယ်တာတောနှင့် ရွာသားများအား ဖမ်းဆီးခေါ်ဆောင်သွားစဉ်တွင် လူသားဒိုင်းအဖြစ် စစ်ကြောင်းရှေ့တွင် သွားခိုင်းသည့်အပြင်၊ စစ်ကောင်စီတပ်သား လူနာထမ်းရခြင်း နှင့် လမ်းဖောက်ခြင်းများ လုပ်ဆောင်ပေးခဲ့ကြရသည်။ စစ်ကောင်စီတပ်သား စုစုပေါင်း (၁၃၀) ခန့်တို့၏ ရှေ့တွင် စောအယ်တာတောနှင့် ၎င်း၏ရွာသားများကို လူသားဒိုင်းကာအဖြစ် အသုံးပြုခဲ့ကြသည်။ စောအယ်တာတောမှာ လူသားဒိုင်းအဖြစ် ဖမ်းဆီးခံခဲ့ရသည့်အပြင် အမျိုးမျိုးသောနှိပ်စက်ညှင်းပန်းမှုများ အဓမ္မခိုင်းစေမှုများ ခံခဲ့ရသောကြောင့် ထွက်ပြေးချင်ခဲ့သော်လည်း၊ တစ်ဦးတစ်ယောက်ထွက်ပြေးလျှင် ကျန်ရှိသော ရွာသားအားလုံးကို သတ်ဖြတ်မည်ဟု စစ်ကောင်စီတပ်သားများထဲမှ ရာထူးကြီးသည်ဟုယူဆသူတစ်ယောက်မှ ခြိမ်းခြောက်ထားသောကြောင့် ထွက်ပြေးရန် မဖြစ်နိုင်ခဲ့ပေ။ ရက်အတန်ကြာ ဖမ်းဆီးနှိပ်စက်ခံရပြီး "နောက်တခါ မမြင်စေနဲ့။ မြင်ရင် တစ်ယောက်မှ အသက်မရှင်ဘူး" ဟု ကြိမ်းဝါး၍ ပြန်လွှတ်ပေးခဲ့သည်။ စစ်ကောင်စီ၏ ရက်စက်ကြမ်းကြုတ်သော ဖမ်းဆီးသတ်ဖြတ်မှုမှ လွတ်မြောက်နိုင်ရန်အတွက် စောအယ်တာတော အပါအဝင် အခြားသော ရွာသူရွာသားများသည် ကျေးရွာ အတွင်း မနေထိုင်ရဲကြတော့ပေ။

ခလယ်လွိုထူ (ညောင်လေးပင်) ခရိုင်ရှိ စောဒီးဒီး (အမည်လွှဲ) တို့ နေထိုင်သောကျေးရွာတွင် စစ်ကောင်စီတပ်များသည် မထင်မှတ်သော အချိန်များတွင် ကျေးရွာတွင်းသို့ဝင်ရောက်ကာ ရွာသူရွာသားများကို ဖမ်းဆီးလေ့ရှိသည်။ အထူးသဖြင့် အမျိုးသားများကို ဖမ်းဆီးနှိပ်စက်လေ့ရှိသည်။ ၂၀၂၂ ခုနှစ်၊ မေလ ၂၁ ရက်နေ့တွင် စောဒီးဒီးက သူနှင့်အတူ အလုပ်လုပ်သော လက်သမားဆရာအား စစ်ကောင်စီတပ်သားများ ကျေးရွာအတွင်းသို့ ဝင်ရောက်လာပြီးဖြစ်ကြောင်းနှင့် အမြန်ပုန်းရှောင်နိုင်အောင် ကြိုတင်ဖုန်းဆက်ခဲ့သော်လည်း ၎င်းဖုန်းဆက်ချိန်တွင် စစ်ကောင်စီတပ်သားများက ကျေးရွာအတွင်း နှစ်ဖွဲ့ခွဲ၍ဝင်ကာ ထိုလက်သမားဆရာကို ဖမ်းဆီးခဲ့ကြောင်းကို အစောပိုင်းတွင် စောဒီးဒီးမသိခဲ့ပါ။ စောဒီးဒီးမှာ စစ်ကောင်စီ တပ်သားများ၏ ဖမ်းဆီးမှုကို ရှောင်နိုင်ခဲ့သော်လည်း ၎င်းဖုန်းဆက်အကြောင်းကြားသောအချိန်တွင် စစ်ကောင်စီ တပ်သားများ၏ တာဝန်ရှိသူတစ်ဦးမှ စောဒီးဒီးဆရာဖုန်းကို ဖြေကြားခဲ့သည်။ ထို့ကြောင့် စစ်ကောင်စီများကျေးရွာတွင်း ဝင်ရောက်လာသောကိစ္စနှင့် ပတ်သက်၍ စောဒီးဒီးအား လာရောက်ဖြေရှင်းရန် ထိုတာဝန်ရှိသူမှ အကြောင်းကြားခဲ့သည်။ စောဒီးဒီးသည် ၎င်းကိုယ်တိုင် သွားရောက်ဖြေရှင်းရန် သင့်/မသင့် လူကြီးများထံအကြံဉာဏ်များတောင်းခဲ့သော်လည်း လူကြီးများမှ ၎င်းကိုယ်တိုင်သွားလျှင် ဖမ်းဆီးနှိပ်စက်ပြီး အသတ်ခံရနိုင်ကြောင်း လူကြီးများမှ စစ်ကောင်စီ တပ်သားများ ရှိရာနေရာသို့ မသွားရန် အကြံပေးခဲ့သည်။ သို့သော်လည်း စောဒီးဒီးမှာ မိမိဆရာ၏ အသက်အန္တရာယ်ကိုစိုးရိမ်သောကြောင့် စစ်ကောင်စီတပ်သား ရှိရာနေရာသို့သွားရန် ဆုံးဖြတ်ခဲ့သည်။ စောဒီးဒီးသည် ၎င်း၏ဆရာအားဖမ်းဆီးထားသော စစ်ကောင်စီတပ်သားများရှိရာ စခန်းရောက်သောအချိန်တွင် သူ့ကို ဖမ်းဆီးချုပ်နှောင်မှု မပြုလုပ်ခဲ့သော်လည်း ၎င်း၏ရွာမှ ရွာသား (၆) ဦးအား စစ်ကောင်စီမှ ကြိုးချည်ထားပြီး စောဒီးဒီးအပါအဝင် အခြားသော ရွာသားများ၏ မျက်နှာကို ထိုးနှက်ခြင်းနှင့် ရိုက်နှက်ခြင်းများ ပြုလုပ်ခဲ့သည်။ စောဒီးဒီးသည် စစ်ကောင်စီတပ်သားများ၏ စခန်း ရောက်ပြီး တစ်နာရီခန့် အကြာတွင် စောဒီးဒီးအား စစ်ကောင်စီတပ်သားများမှ စတင်မေးမြန်းတော့သည်။ စောဒီးဒီးက သူ့ရွာသားများအား ထိုးနှက်ကန်ကြောက်ခြင်းများ တွေ့ခဲ့ရသည့်အတွက် စစ်ကောင်စီတပ်သားများမှ မေးသောမေးခွန်းများကို ချက်ချင်း မဖြေနိုင်သောကြောင့် စောဒီးဒီးအား ပါးရိုက်ခြင်း၊ ထိုးနှက်ခြင်းများ ပြုလုပ်ခဲ့သည်။ ထို့အတူ စောဒီးဒီး၏ ကျေးရွာမှ ရွာသားများအား စစ်ကောင်စီတပ်သားများမှ မေးခွန်း တစ်ခုမေးတိုင်း တစ်ချက်ရိုက်နှက်ခြင်း၊ ကန်ခြင်း၊ ဓားဖြင့်ထိုးခြင်းနှင့် သေနတ်ဒင်ဖြင့် ရိုက်ခြင်းများ ပြုလုပ်ခဲ့ပြီး တစ်နေ့လုံး ထမင်းမကျွေးဘဲ၊ စောဒီးဒီးနှင့်အတူ နေပူထဲလှန်းထား ခဲ့ကြသည်။


စောဒီးဒီးနှင့် သူ၏ရွာသားများအား စစ်ကောင်စီမှ တစ်ခြားရွာသို့ ပြောင်းရွှေ့စဉ် လက်များကို နောက်ပြန်ကြိုးချည်ပြီး ခေါ်ဆောင်သွားခဲ့ကြသည့်အပြင် ထမင်းစားချိန်တွင် ချည်ထားသောလက်များ မဖြည်ပေးဘဲ တစ်ခြားရွာရှိ သက်လတ်ပိုင်းအရွယ်

အမျိုးသမီးတစ်ဦးအား ဓွန်းဖြင့် ခွဲ့ကျွေးခိုင်းခဲ့သည်။ စစ်ကောင်စီတပ်သားများမှ စောဒီးဒီးနှင့် တစ်ရွာတည်းနေ ရွာသားတစ်ဦးအား ခြေထောက်တွင် အသားမာရှိသည့်အတွက် သူပုန်ဟု စွပ်စွဲခဲ့သည့်အပြင် ရွာသားမျာ ဝတ်ထားသော အင်္ကျီများ ချွတ်ခိုင်းပြီး ၎င်းတို့၏ ခန္ဓာကိုယ်သန်မာမှုကို စစ်ဆေးခဲ့သည်။ ရွာသားများမှာ ငယ်စဉ်ကတည်းကပင် ဖိနပ်များ စီးလေ့မရှိဘဲ ကြမ်းတမ်းသောလမ်းများကို အသုံးပြုရသောကြောင့် ခြေထောက်တွင် အသားမာတက်ပြီး၊ အိမ်တွင်း စားဝတ်နေရေးအတွက် သစ်၊ ဝါးထမ်းခြင်းနှင့် အလုပ်ကြမ်းများ လုပ်ကိုင်ရသောကြောင့် ခန္ဓာကိုယ်တောင့်တင်းရခြင်း ဖြစ်သည်ကို ပြန်လည်ရှင်းပြခဲ့ရသည်။ သေနတ်ပစ်သောအခါ သေနတ်ဒင်တင်ထားရသော ရင်ဘတ်နေရာတွင် ကိုင်ကြည့်သောအခါ ပျော့နေ၍ ဆက်မမေးတော့ပေ။ စစ်ကောင်စီတပ်သားများသည် စောဒီးဒီးနှင့် ရွာသား (၆) ဦးတို့အား xxx ကျေးရွာရှိ အိမ်တစ်အိမ်သို့ ခေါ်သွားခဲ့ပြီး အိမ်ပေါ်တွင် မအိပ်စေဘဲ သုံးဘီးဆိုင်ကယ်ပေါ်တွင်သာ အိပ်စေခဲ့သည်။ စောဒီးဒီးနှင့် ဖမ်းဆီးခံ ရွာသား (၆) ဦးတို့မှာ စစ်ကောင်စီတပ်သားများမှ တစ်ယောက်တစ်လှည့်စီ စစ်ဆေးမေးမြန်းခဲ့သည်။ စောဒီးဒီး အလှည့်ကျသော အချိန်တွင် သေနတ်ရှိ/မရှိကို မေးမြန်းပြီး စောဒီးဒီးမှ မိမိသည် ရွာသားတစ်ဦးသာဖြစ်ကြောင်း ဖြေဆိုခဲ့သော်လည်း စောဒီးဒီးအား နှာခေါင်းကျိုးအောင် အချက်ပေါင်း (၂၀၊ ၃၀) နီးပါး ထိုးကြိတ်ခဲ့သည်။ စောဒီးဒီးနှင့် ရွာသားများအား နှိပ်စက်ပြီး ညတွင်းချင်း သန်းခေါင်း (၁) နာရီ အချိန်အတွင် တစ်ခြားရွာသို့ ခေါ်ဆောင်သွားခဲ့ကြသည်။ စစ်ကောင်စီတပ်သားများမှ စောဒီးဒီးနှင့် ရွာသားများအား ခေါ်သွားရာလမ်းတစ်လျှောက်တွင်ရှိသော တဲအိမ်တစ်လုံးမှ လူကြီးတစ်ယောက်နှင့် လူငယ်တစ်ဦးကိုလည်း ဖမ်းဆီးခဲ့သည်။ စစ်ကောင်စီတပ်သားများသည် တဲ တစ်လုံးတွင် နေထိုင်မကောင်းသော လူကြီးတစ်ဦးအား ရက်ရက်စက်စက် ရိုက်နှက်သတ်ဖြတ်ခဲ့သည်ကို စောဒီးဒီးကိုယ်တိုင် မြင်တွေ့ခဲ့ရသည်။ ထို့ပြင် တဲအတွင်းမှ ဖမ်းဆီးလာသော လူငယ်တစ်ဦးအား စစ်ဆေးကာ မတန်တဆ ရိုက်နှက်မေးမြန်းသောကြောင့် သေဆုံးသွားခဲ့သည်။ စောဒီးဒီးရှေ့တွင်ပင် ထိုသေဆုံးသော လူငယ်အလောင်းအား ချောင်းထဲတွင် ပစ်ချထားခဲ့သည်။ ဤကဲ့သို့သောဖြစ်ရပ်သည် စောဒီးဒီးအတွက် ပထမဦးဆုံးကြုံတွေ့ခံစားရသော ဖြစ်ရပ်ဖြစ်ခဲ့ပြီး ၎င်းကို စစ်ကောင်စီတပ်သားများက သူကိုယ်တိုင်မြင်တွေ့နေရသော ရက်စက်ကြမ်းကြုတ်မှုမျိုးကို ပြုလုပ်နိုင်ကြောင်း၊ ၎င်းအသက်ရှင်ရန် နောက်ဆုံးသောအချိန်ဖြစ်နိုင်ကြောင်းနှင့် မိသားစုဝင်များနှင့် ပြန်လည်တွေ့ဆုံနိုင်ရန် မဖြစ်နိုင်တော့ကြောင်း စောဒီးဒီးကြိုတင်စဉ်းစားထားခဲ့သည်။ သို့သော် စစ်ကောင်စီ၏စစ်ကြောင်း ပြန်ဆုတ်တော့မည့်အချိန်တွင် စောဒီးဒီးနှင့် အခြားဖမ်းဆီးထားသော ရွာသားများကို ပြန်လွှတ်ပေးခဲ့သည်။

အကြမ်းမဖက် လူထုအာခံလှုပ်ရှားမှု (CDM) တွင် ပါဝင်လာသည့် စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်း၊ တပ်ခွဲ(၃) ကော့ကရိတ်မြို့မှ ကိုယ်ပိုင်နံပါတ် တ/၂------၊ တပ်သား ကိုအောင်ဝင်း (အမည်လွှဲ) သည် ၎င်းတို့တပ်ဖွဲ့မှ ရမ်းသမ်းပစ်ခတ်မှုဖြစ်ရပ်တစ်ခုကို ဤသို့ ပြောကြားခဲ့သည်။ **“အမှတ် (၉၁၅) တပ်ရင်းမှာလည်း အာဏာသိမ်းပြီးတော့ တစ်ခါဖြစ်သေးတယ်။ အဲ့အချိန်မှာ ကျွန်တော့် အနားကနေဘဲ ည (၁၂) နာရီ ခွဲလောက် ဖြတ်သွားတဲ့ လူငယ်တွေဘဲဖြစ်မယ် သောက်စားထားလို့ထင်ပါတယ် ဆိုင်ကယ်ကို လီဗာသံအကျယ်ကြီးဆွဲပြီးတော့ မောင်းသွားတယ်။ ခဏနေလည်းကျရော ဂိတ် (၁) မှာ သေနတ်သံကြားတော့ ဂိတ် (၂) က ကျွန်တော့် သူငယ်ချင်း ကိုသွားမေးတော့ “ပစ်လိုက်ပြီ ရွာသား (၂) ယောက်လည်းကျသွားပြီလို့ ပြောတယ်”။ အဲ့အချိန်မှာ သွားကြည့်တော့ မျက်နှာက ရင်းနီးတယ် အဲ့အချိန်မှာ တပ်ရင်းမှူးက လူမစုနဲ့ သတင်းပေါက်သွားမယ်ဆိုပြီး လူစုခွဲခိုင်းတယ်။ ပြီးတော့ ဗိုလ်ကြီးက ဆင်းလာပြီး အထက်ကို အကြောင်း ကြားပြီးတော့ ယမ်းဒိုင်ထဲက ယမ်းတွေမိုင်းတွေထုတ်ပြီးတော့ ပျောက်ကျားအင်္ကျီပေး ဝတ်ပြီးတော့ မြောင်းထဲမှာ ပစ္စည်းတွေနဲ့ ဓါတ်ပုံရိုက်ပြီးတော့ အထက်ကို ဖောက်ခွဲဖျက်ဆီးဆိုပြီးတော့ သတင်းပို့ လိုက်တယ်။ အဲ့တာက ၂၀၂၂ ခုနှစ်၊ ၃ လပိုင်း မြိုင်ကလေး (၉၁၅) တပ်အရှေ့မှာဖြစ်တယ်။ ကျွန်တော့် သူငယ်ချင်းက ပစ်လိုက်တာ။ သူက ဒုတပ်ကြပ် ဂိတ်ကင်းက (၅) ယောက်ချတဲ့ အဖွဲ့မှာ ဒုတပ်ကြပ် ဖြစ်တယ်”** ဟု မျှဝေခဲ့သည်။

အာဏာသိမ်းဖြစ်စဉ်နောက်ပိုင်းမှစ၍ ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလထိ စစ်ကောင်စီတပ်သားများ၏ လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်ရပ်များစွာထဲမှ အထက်ပါဖြစ်ရပ်နှစ်ခုကိုသာ ဤအစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားသည်။ ဖြစ်ပျက်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများကို အရေအတွက်ပြ သတင်းအချက်အလက်များဖြင့် တင်ပြသွားမည်ဖြစ်သည်။ ကေအဲန်ယူ လူ့အခွင့်အရေးကော်မတီ၏ မှတ်တမ်းပြုစု ရရှိသောအချက်အလက်များအရ စစ်ကောင်စီက ပြည်သူများအား ပေါ်တာဆွဲခြင်း၊ အကြောင်းမဲ့ ဖမ်းဆီး၍ ညှင်းပမ်းနှိပ်စက်ခြင်း၊ လူသားဒိုင်းအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခြင်းနှင့် ဖမ်းဆီးပြီး အတင်းအဓမ္မ ငွေတောင်းခံခြင်းစသည့် စစ်ရာဇဝတ်မှုကျူးလွန်သူများသည် ပြည်သူများကို ၎င်းတို့၏ လူ့အရင်းအမြစ်ဖြတ်ခြင်းနှင့် သတင်းအရင်းအမြစ်များဖြတ်ခြင်းဟူသော ခေါင်းစဉ်အောက်မှ စနစ်တကျ ကျူးလွန်ကြသည်။ ကေအဲန်ယူ လူ့အခွင့်အရေးကော်မတီ၏ မှတ်တမ်းအရ မတရားညှင်းပမ်းနှိပ်စက်ခံရသည့် ပြည်သူပေါင်း (၆၆) ဦးရှိပြီး ညှဉ်းပမ်းနှိပ်စက်မှုကြောင့် သေဆုံးသူပေါင်း (၁၅) ဦးအထိ ရှိခဲ့သည်။ ထို့အပြင် ကျေးရွာနေပြည်သူစုစုပေါင်း (၁၇၁) ဦးကို စစ်ကောင်စီမှ ပေါ်တာဆွဲခဲ့ပြီး၊ ရွာသူရွာသားပေါင်း (၆၃၉) ဦးကို ဖမ်းဆီးခြင်း၊ ဖမ်းဆီးပြီးငွေတောင်းခံခြင်းများ ပြုလုပ်ခဲ့သည်။ အလားတူပင် စစ်ပွဲအတွင်း ကျေးရွာနေပြည်သူများအား လူသားဒိုင်းအဖြစ် ဖမ်းဆီးခေါ်ဆောင်ခံရသူပေါင်း (၄၂၅) ဦးထိ ရှိခဲ့သည်။


၂၀၂၁-၂၀၂၂ ခုနှစ်အတွင်း စစ်ကောင်စီမှ ပြည်သူများအား လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်ရပ်များ




ဇယား (၁၅)


စစ်ကောင်စီတပ်များနှင့် စစ်ကောင်စီလက်အောက်ခံ နယ်ခြားစောင့်တပ် (Border Guard Force-BGF) တပ်များသည် ကျေးရွာလူထုကို စစ်ရေးအတွက် ခုတုံးလုပ်အမြတ်ထုတ်ရာတွင် နည်းလမ်းအမျိုးမျိုးဖြင့် ပြုလုပ်လေ့ရှိပြီး ပေါ်တာဆွဲခြင်းသည် အဆိုးရွားဆုံး လူ့အခွင့်အရေးချိုးဖောက်မှုများထဲမှ တစ်ခုဖြစ်သည်။ အာဏာသိမ်းဖြစ်စဉ်စတင်သည့်အချိန်မှစ၍ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလထိ ကျေးရွာ (၁၂) ရွာတွင် ပေါ်တာဆွဲခြင်း (၁၃) ကြိမ်ရှိခဲ့ပြီး ပေါ်တာဆွဲခံရသည့် ဦးရေ (၁၇၁) ဦးရှိသည်။

၂၀၂၁-၂၀၂၂ ခုနှစ်အတွင်း စစ်ကောင်စီမှ ရွာသားများအား ပေါ်တာဆွဲခြင်း




ဇယား (၁၆)


စစ်ကောင်စီတပ်များနှင့် စစ်ကောင်စီလက်အောက်ခံ နယ်ခြားစောင့်တပ် (BGF) များသည် ကျေးရွာလူထုအပေါ် ၎င်းတို့၏ စစ်ရေးအတွက် အမြတ်ထုတ်သည့်အပြင်၊ ၎င်းတို့၏ကိုယ်ကျိုးအတွက်ပါ အမြတ်ထုတ်သည်ကို တွေ့ရသည်။ အရပ်သားပြည်သူများကို အကြောင်းမဲ့ ဖမ်းဆီးခြိမ်းခြောက်၍ အတင်းအဓမ္မ ငွေကြေးတောင်းခံမှုများရှိခဲ့ပြီး ဖမ်းဆီးခံရသူများအား ပြန်လွတ်ပေးမည်မဟုတ်ဟု ခြိမ်းခြောက်မှုများ ပြုလုပ်လေ့ရှိသည်။ ကေအဲန်ယူ လူ့အခွင့်အရေးကော်မတီ၏ မှတ်တမ်းအချက်အလက်များအရ စစ်ကောင်စီတပ်များနှင့် စစ်ကောင်စီလက်အောက်ခံ နယ်ခြားစောင့်တပ် (BGF) များမှ ကျေးရွာနေပြည်သူ (၆၃၉) ဦးကို ဖမ်းဆီးငွေတောင်းခံသည့် အကြိမ်ပေါင်း (၈၇) ကြိမ်တိုင်တိုင် ရှိနေသည်။ ထိုသို့ ဖမ်းဆီးခံရသော အရပ်သားပြည်သူများအား ညှဉ်းပန်းးနှိပ်စက်မှုကြောင့် ဒဏ်ရာရရှိခဲ့သူ (၁၁) ဦးရှိပြီး၊ အသက်ဆုံးရှုံးသူ (၂) ဦးရှိခဲ့သည်။




ဇယား (၁၇)


စစ်ကောင်စီ၏ စစ်ရာဇဝတ်မှုကျူးလွန်မှုများတွင် မတရားဖမ်းဆီးငွေတောင်းခံခြင်းနှင့် မတရားဖမ်းဆီးညှဉ်းပန်းနှိပ်စက်ခြင်းတို့သည် ကျူးလွန်သည့် ရည်ရွယ်ချက် မတူညီပါ။ မတရားဖမ်းဆီး ငွေတောင်းခံခြင်းသည် ၎င်းတို့၏ ကိုယ်ကျိုးအတွက် အမြတ်ထုတ်ခြင်းဖြစ်ပြီး အခြားသော မတရားဖမ်းဆီးညှဉ်းပန်းနှိပ်စက်ခြင်းသည် သတင်းအချက်လက်များ ရယူလိုခြင်းဖြစ်သည်။ သတင်းအချက်အလက်များ ရရှိအောင် အရပ်သားပြည်သူများကို အသက်သေဆုံးသည်အထိ ညှဉ်းပန်းနှိပ်စက်၍ ရိုက်နှက်ကန်ကြောက်ခြင်းများ ပြုလုပ်ကြသည်။ ၎င်းတို့ ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခြင်းဖြင့် အရပ်သားများ အသက်သေဆုံးခြင်းသည် စစ်ကောင်စီတပ်သားများအတွက် အရှုံးမရှိ ၎င်းတို့သတ်ဖြတ်သော အရပ်သားများစွာထဲမှ တစ်ယောက်ခန့် ရန်သူ့သတင်းပေးပါလျှင် အမြတ်ဟုပင် ယူဆထားပုံရသည်။ သို့သော် ကေအဲန်ယူ လူ့အခွင့်အရေးကော်မတီ၏ မြေပြင်တွင် စုံစမ်းဖော်ထုတ်ချက်များအရ အရပ်သားပြည်သူများကိုသာ စစ်ကောင်စီတပ်သားများ ကျူးလွန်လျက်ရှိနေသည်ကို တွေ့ရသည်။ အာဏာသိမ်းဖြစ်စဉ်စတင်သည့် အချိန်မှစ၍ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလထိ စစ်ကောင်စီတပ်များနှင့် စစ်ကောင်စီလက်အောက်ခံ နယ်ခြားစောင့်တပ် (BGF) မှ ကျူးလွန်သော အရပ်သားပြည်သူများအား ဖမ်းဆီး၊ ညှဉ်းပန်း၊ သတ်ဖြတ်မှုများကြောင့် ကျေးရွာနေပြည်သူ (၁၅) ဦး အသက်ဆုံးရှုံးခဲ့ရပြီး၊ (၆၆) ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း တွေ့ရသည်။

စစ်ကောင်စီ၏ အရပ်သားပြည်သူလူထုအပေါ် သဘောထားပြုမူပုံမှာ ၎င်းတို့ သံသယရှိသောကြောင့်ဖြစ်စေ လုပ်အားလိုအပ်သောကြောင့်ဖြစ်စေ ၎င်းတို့၏ ဘေးကင်းလုံခြုံရေးအတွက်ဖြစ်စေ မည်သူ့ကိုမဆို စစ်ရေးဆိုင်ရာ အရာဝတ္ထုတစ်ခုအနေဖြင့်သာ ပြုမူလုပ်ဆောင်လျက်ရှိပြီး ထိုအရပ်သားပြည်သူများကို ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခြင်းကြောင့် ၎င်းတို့အား ဆန့်ကျင်သော အဖွဲ့များ၏ လူသားအရင်းအမြစ်နှင့် သတင်းအရင်းအမြစ်များ ဖြတ်တောက်နိုင်ခြင်းဖြစ်သည့်အတွက် အကျိုးအမြတ်ပင် ဖြစ်သည်ဟူသော သဘောထားကို ထင်ထင်ရှားရှား တွေ့မြင်နိုင်သည်။




ဇယား (၁၈)

အရပ်သားပြည်သူများကို လူသားဒိုင်းအဖြစ် ဖမ်းဆီးခေါ်ဆောင်ခြင်းသည် မိမိတို့၏ ကိုယ်ကျိုးစီးပွားအတွက်သာမက၊ စစ်ရေးအကျိုးအမြတ်အတွက်ပါ ပြည်သူလူထုကို ခုတုံးလုပ် အမြတ်ထုတ်ခြင်းဖြစ်သည်။ လူသားဒိုင်းအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားသည့်အပြင် လိုအပ်ပါက လက်နက်နှင့် ရိက္ခာ သယ်ယူရေးအတွက် အသုံးပြုကြသည်။ ထိုသို့ အရပ်သားပြည်သူများကို အစုလိုက်အပြုံလိုက် ဖမ်းဆီးပြီး လူသားဒိုင်းအဖြစ် အသုံးပြုမှု (၁၂) ကြိမ်ဖြစ်ပွားပြီး၊ အရပ်သားပြည်သူ (၄၂၅) ဦး ဖမ်းဆီးခံခဲ့ရသည်။ စစ်ကောင်စီတပ်များနှင့် စစ်ကောင်စီလက်အောက်ခံ နယ်ခြားစောင့်တပ် (BGF) များသည် ထိုသို့သော စစ်ရာဇဝတ်မှုများကို လူသားချင်းစာနာငဲ့ညှာမှုမရှိပဲ လူသားဒိုင်းအဖြစ် အသုံးပြုခြင်းတို့ကြောင့် ရွာသားများ ကြောက်လန့်ခဲ့ရပြီး လုံခြုံမှုမရှိတော့သဖြင့် ထောင်ပေါင်းများစွာသော ပြည်သူများသည် ၎င်းတို့၏ နေရပ်အိုးအိမ်များကို စွန့်ခွာထွက်ပြေးတိမ်းရှောင်ကြရသည်။




ဇယား (၁၉)

## စစ်ကောင်စီ၏ ပြည်သူလူထုပေါ် တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာ ရရှိမှုများ













# ၄ မြန်မာစစ်တပ်မှ မီးရှို့ဖျက်ဆီး၊ လုယက်၊ ခိုးယူခြင်း

မြန်မာစစ်တပ် တဖြစ်လဲ စစ်ကောင်စီတပ်များသည် အရပ်သားပြည်သူလူထုကို ရန်သူသဖွယ် အဘယ်ကြောင့် ပစ်မှတ်ထားတိုက်ခိုက်ရသနည်း။ ဤမေးခွန်း၏ အဖြေများအနက် အထင်ရှားဆုံး တစ်ခုမှာ ၎င်းတို့ မကြာခဏ အကြောင်းပြချက်ပေးနေသော နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသောအချက်ကို လေ့လာကြည့်ခြင်းဖြင့် သိနိုင်သည်။ ၎င်းတို့ ဆိုလိုသော နိုင်ငံတော်၏ အချုပ်အခြာအာဏာ သည် ၎င်းတို့၏ အချုပ်အခြာအာဏာဖြစ်ပြီး ၎င်းတို့သည် နိုင်ငံတော် ဖြစ်သည်ကို ဆိုလိုခြင်းဖြစ်သည်။ ယခု အာဏာသိမ်းဖြစ်စဉ်နောက်ပိုင်း စစ်ကောင်စီသည်သာ ဥပဒေပြုရေး၊ စစ်ကောင်စီသည်သာ တရားရေး၊ စစ်ကောင်စီသည်သာ အုပ်ချုပ်ရေးဖြစ်သည့်အတွက် ၎င်းတို့ကျူးလွန်သော ရာဇဝတ်မှုများကို ပံ့ပိုးပေးမည့် ၎င်းတို့၏အုပ်ချုပ်ရေးအာဏာ၊ ကိုင်တွယ်ဖြေရှင်းမည့် ၎င်းတို့၏တရားစီရင်ရေးအာဏာနှင့် ဥပဒေဘောင်အပြင်မှ တရားဝင်ကျူးလွန်ခွင့်ပေးမည့် ဥပဒေပြုရေးအာဏာ စသည့် အာဏာအသီးသီးရှိသည်။ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလသည်လည်း အမှန်တကယ် စိတ်ရင်းစေတနာမရှိပဲ ၎င်း၏ အကျိုးအမြတ်အတွက်သာ ဖြစ်သည်ကို တွေ့ရသည်။ မြန်မာစစ်တပ်က စနစ်တကျ အကွက်ချထားသော ဒီမိုကရေစီအကူးအပြောင်းသည် ၎င်းတို့အတွက် နိုင်ငံတကာဖိအား လျော့နည်းလာစေသကဲ့သို့ ၎င်းတို့၏ စစ်လက်နက်အင်အားဖြည့်တင်းမှုအတွက် လမ်းကြောင်းများစွာ ပေါ်ပေါက်လာခဲ့သည်။ လက်နက်အရောင်းအဝယ်အတွက် နိုင်ငံတကာ ဘဏ်စနစ်ကိုလည်း တွင်တွင်ကျယ်ကျယ် အသုံးပြုလာ နိုင်သည်။

မြန်မာ့နိုင်ငံရေးသည် ၎င်းတို့၏ ထိန်းချုပ်ကြိုးကိုင်မှုအောက်တွင် မဟုတ်တော့သည်ကို သတိပြုမိ၍ ၎င်းတို့၏ အချုပ်အခြာအာဏာကို လက်နက်ဖြင့် ပြန်လည်သိမ်းယူခဲ့သည်။ မြန်မာစစ်တပ်သည် ၎င်းတို့၏ အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းရန် အဆုံးစွန်မိုက်ရူးရဲဆန်ရန် ဝန်မလေးပေ။ ၎င်းအချုပ်အခြာအာဏာသည် မည်သူ့အတွက်နည်း ဟူသောမေးခွန်းကို မေးခြင်းအားဖြင့်လည်း မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုပုံရိပ်ကို ပို၍ ရှင်းရှင်းလင်းလင်း မြင်နိုင်မည်ဖြစ်သည်။ မြန်မာစစ်တပ် တဖြစ်လဲ စစ်ကောင်စီ ဟူသော အဖွဲ့အစည်း (Institution) တွင် ပါဝင်သောသူများတွင် ရာထူးကြီးသူများသည် အခွင့်အာဏာပိုရှိသူများဖြစ်ပြီး ၎င်းတို့၏ ရာထူးကြီးသည့် စစ်အုပ်စုအာဏာတည်မြဲရေးကိုသာ ခေတ်အဆက်ဆက် ရှေ့ရှုလုပ်ဆောင်ကြသည့် ယန္တရားကို တည်ဆောက်ထားသည်။ ထို့ကြောင့် ခေတ်အဆက်ဆက် မြန်မာစစ်တပ်မှ ရာထူးကြီးသည့် စစ်ခေါင်းဆောင်တစ်စုကသာ ပြည်သူ့အကျိုးစီးပွားကို ချနင်း၍ ဂုတ်သွေးစုပ်ကြသည်။ ထိုစစ်ယန္တရား၏ အဓိကမောင်းနှင်အားမှာ လူ့အခွင့်အရေးကိုချိုးဖောက်ရန် စနစ်တကျ သင်ကြားပေးထားသော ရာထူးငယ်သော စစ်သားများဖြစ်သည်။ ထို့ကြောင့် အရပ်သားများကို အစုလိုက်အပြုံသတ်ဖြတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ အကြောင်းမဲ့သတ်ဖြတ်ခြင်းများကို မကြောက်မရွံ့ကျူးလွန်ကြသည်။ ဖြတ်လေးဖြတ်အနက် အစားအစာနှင့် ရံပုံငွေအရင်းအမြစ် ဖြတ်တောက်ခြင်းကို စစ်ကောင်စီတပ်များသည် ၎င်းတို့၏

ကိုယ်ကျိုးအတွက်နှင့် ၎င်းတို့၏ အဖွဲ့အစည်းအတွက် ရာထူးအငယ်မှ ရာထူးအကြီးထိ အရပ်သားပြည်သူများကို ရည်ရွယ်ချက်ရှိရှိ အဓိကပစ်မှတ်ထား ကျူးလွန်ကြသည်။

စစ်ကောင်စီ၏ ဖြတ်လေးဖြတ်နည်းဗျူဟာသည် စစ်ရေးရည်ရွယ်ချက်ထက် ပိုလွန်သော စစ်ဆင်ရေး ဖြစ်သည်။ စစ်ဆင်ရေးဟုဆိုရာ၌ စစ်တပ်အင်အားအသုံးပြု၍ ဖိနှိပ်ခြင်းတိုက်ခိုက်ချေမှုန်းခြင်း ဖြစ်သည်။ ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး၏ ရံပုံငွေအရင်းအမြစ်နှင့် စားနပ်ရိက္ခာအရင်းအမြစ်ဖြတ်တောက်ရန် ကေအဲန်ယူအုပ်ချုပ်ရာနယ်မြေတွင် လုပ်ကိုင်စားသောက်နေထိုင်ကြပြီး ကေအဲန်ယူတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းမဟုတ်သည့် အရပ်သားပြည်သူများကို ပစ်မှတ်ထားခြင်း ပြုလုပ်ကြသည်။ ဤသို့ ပစ်မှတ်ထား လုပ်ဆောင်ခြင်းဖြင့် ထိုပြည်သူများထံမှ ကေအဲန်ယူသို့ အစားအစာနှင့် ရံပုံငွေများ စီးဆင်းနိုင်မည်မဟုတ်ကြောင်း ယုံကြည်ချက်ဖြင့် မြန်မာစစ်တပ်သည် ခေတ်အဆက်ဆက် အရပ်သားပြည်သူများအပေါ် စစ်ရာဇဝတ်မှုများ ကျူးလွန်ကြသည်။ ၂၀၂၁ ခုနှစ် အာဏာသိမ်းဖြစ်စဉ် စတင်ပြီး နောက်ပိုင်းတွင် တူညီသော ရာဇဝတ်မှုများဖြစ်သည့် အရပ်သားပြည်သူများ၏ အိုးအိမ်နှင့် ပိုင်ဆိုင်မှုများကို မီးရှို့ခြင်း၊ ပြန်ပေးဆွဲခြင်း၊ ခိုးယူခြင်း၊ လုယူခြင်း၊ အတင်းအဓမ္မသိမ်းဆည်းခြင်း စသည့်ပြစ်မှုများကို ဆက်လက်ကျူးလွန်သည်။ ဤကဲ့သို့သော ပြစ်မှုများကို ကျူးလွန်ရခြင်းမှာ ၎င်းတို့တစ်ဦးတစ်ယောက်ချင်းစီ၏ ကိုယ်ကျိုးအတွက်နှင့် ၎င်းတို့၏ အဖွဲ့အစည်း (Institution) အတွက်သာ ဖြစ်သည်မှာ ထင်ရှားသည်။

စစ်ကောင်စီစစ်ကြောင်းများသည် ကျေးရွာများသို့ ဝင်ရောက်လာသောအခါ အရပ်သားပြည်သူများသည် ၎င်းတို့၏ ကျေးရွာများကို စွန့်ခွာထွက်ပြေးလေ့ရှိသည်။ အရှေ့တွင် သက်သေအထောက်အထားများနှင့် ဆွေးနွေးတင်ပြထားသည့်အတိုင်း အရပ်သားပြည်သူများသည် ၎င်းတို့၏ အသက်အန္တရာယ်အတွက် အိုးအိမ်စွန့်ခွာ၍ ထွက်ပြေးတိမ်းရှောင်ကြရသည်။ ကျန်ရစ်ခဲ့သော အရပ်သားပြည်သူများ၏ တန်ဖိုးကြီးပစ္စည်းများကို ခိုးယူခြင်း၊ အိမ်မွေးတိရစ္ဆာန်များကို သတ်ဖြတ်စားသုံးခြင်း၊ ၎င်းတို့အတွက် အသုံးဝင်နိုင်သော မည်သည့်ပစ္စည်းကိုမဆို စိတ်အလိုကျ ယူဆောင်ခြင်းများအပြင် စစ်တပ်ထောက်ခံအားပေးသူများထံ ပစ္စည်းများအား ရောင်းချခြင်းဖြင့် ငွေကြေးရယူခြင်းများကို ပြုလုပ်ကြသည်။ ထို့နောက် အရပ်သားပြည်သူလူထု၏ အိုးအိမ်များကို အကြောင်းမဲ့ မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်လေ့ရှိသည်။ ဤသို့လုပ်ဆောင်ခြင်းသည် ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး စီမံအုပ်ချုပ်ရာဒေသများရှိ ပြည်သူများ၏ မည်သည့်ပိုင်ဆိုင်မှုမဆို ပျက်စီးဆုံးရှုံးခြင်းများရှိပါက ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံးသို့ အထောက်အပံ့အဖြစ် ရောက်ရှိတော့မည်မဟုတ်ကြောင်း ယူဆချက်ဖြင့် ကျူးလွန်ကြသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ၎င်းတို့တစ်ဦးတစ်ယောက်အတွက် သို့မဟုတ် မြေပြင်၌ရှိနေသော တပ်ဖွဲ့အတွက် စားနပ်ရိက္ခာနှင့် အခြားလိုချင်သောပစ္စည်းများကို စိတ်ကြိုက်ရယူကြသည်။ ပြည်သူလူထုများ စစ်ဘေးရှောင်ဘဝသို့ ရောက်ရှိအောင် ရည်ရွယ်ချက်ရှိရှိဖြင့် စနစ်တကျကျူးလွန်ခြင်းဖြင့် ကေအဲန်ယူ အပါအဝင် အခြားသော တော်လှန်ရေးအဖွဲ့အစည်းများကို ပို၍ ဝန်ထုပ်ဝန်ပိုး ဖြစ်စေသည်။ ၎င်းတို့ အတွက် ပြည်သူဟူ၍ မရှိပါ။ ၎င်းတို့၏ စစ်တပ်အဖွဲ့အစည်း (military institution) နှင့် စစ်တန်းလျား၌ နေထိုင်သော မိသားစုများအတွက်သာ လက်နက်ကိုင်၍ ကြေးစားသဖွယ် ပြုမူကျင့်ကြံကြသည်။


ခလယ်လှိဳထူ (ညောင်လေးပင်) ခရိုင်ရှိ ကျေးရွာတွင်နေထိုင်သော စောအဲသမော့ (အမည်လွှဲ) သည် တောင်ယာလုပ်ငန်းလုပ်ကိုင်သော ကျေးရွာသားတစ်ဦးဖြစ်သည်။ ၂၀၂၂ခုနှစ် အောက်တိုဘာလ (၁၇) ရက်နေ့တွင် ၎င်း၏ ကျေးရွာသို့ စစ်ကောင်စီစစ်ကြောင်းများ ချီတက်လာသောကြောင့် ရွာသူရွာသားအားလုံးသည် အခြားသော XXX ကျေးရွာသို့ စစ်ဘေးရှောင်ရန် ထွက်ပြေးကြသည်။ ထိုရွာတွင် စစ်ကောင်စီစစ်ကြောင်းများ တပ်စွဲထားသည်ကို စောအဲသမော့တို့ နားစွင့်ကာ စောင့်ကြည့်နေခြင်းကြောင့် သိရသည်။ အဘယ်ကြောင့်ဆိုသော် စစ်ကောင်စီစစ်ကြောင်းများသည် မည်သည့်အချိန်တွင် ၎င်းတို့ကျေးရွာသို့ဝင်ရောက်ကာ ကျေးရွာအတွင်း ရွာသူရွာသားများမရှိသောအချိန်တွင် ကျေးရွာလူထု၏ အိမ်၌ ကျန်ရှိသော အစားအစာများကို ယူဆောင်ခြင်း၊ အသုံးအဆောင်ပစ္စည်းများကို ယူဆောင်ခြင်း၊ အိမ်မွေးတိရိစ္ဆာန်များကို သတ်ဖြတ်စားသုံးခြင်းများကို ပြုလုပ်ခဲ့ကြသည်ဟု စောအဲသမော့က သူ၏ ရွာတွင်းအခြေအနေကို မျှဝေခဲ့သည်။ ထို့နောက် စောအဲသမော့၏အိမ်တံခါးကို စစ်ကောင်စီတပ်သားများက ဖျက်ဆီး၍ ၎င်း၏ အဝတ်အစားများ၊ အိုး၊ ပန်းကန်၊ စိုက်ပျိုးထားသော အသီးအနှံနှင့် မွေးမြူထားသော ကြက်၊ ဝက်များကို ယူဆောင်သွားခဲ့ကြသည်။ ဒုတိယအကြိမ် စစ်ကောင်စီတပ်များ ကျေးရွာထဲသို့ ဝင်ရောက်လာသောအခါ၌လည်း စောအဲသမော့အိမ်တွင် ကျန်ရှိသော ငါးပိ၊ ငါးခြောက်နှင့် ဆန်များ အားလုံးကို ယူဆောင်သွားကြသည်။ စစ်ကောင်စီစစ်ကြောင်းများ ကျေးရွာအတွင်းသို့ဝင်လာသောအခါ မတိမ်းရှောင်ပဲ ရွာအတွင်း၌သာကျန်ရှိပါက အသက်အန္တရာယ်ရှိသည်။ စစ်ကောင်စီတပ်များ ကျေးရွာမှ စွန့်ခွာသွားမှသာ စောအဲသမော့နှင့် အခြားသော ရွာသူရွာသားများ ကျေးရွာသို့ ပြန်လည်ရောက်ရှိလာသောအခါ ၎င်း၏အိမ်နောက်တွင် မြေကြီးအနည်းငယ်ဖြင့် ဖုံးထားသော ရွာသားအလောင်းတစ်ခုကို တွေ့ခဲ့ရသည်။ သေဆုံးသွားသော ရွာသား၏ ရုပ်အလောင်းမှာ ဓါးဒဏ်ရာများဖြင့် ခန္ဓာကိုယ်တစ်ခုလုံး ကြေမွ၊ ပြာနှမ်းနေကြောင်းတွေ့ရှိခဲ့ရသည်။

အခြားသော ဖြစ်ရပ်တစ်ခုမှာ ညောင်လေးပင်ခရိုင်၊ XXX ကျေးရွာတွင် ကုန်ခြောက်ရောင်းဝယ်သော အသက် (၅၉) နှစ်အရွယ် စောခလိန်း (နာမည်လွှဲ) အပေါ် စစ်ကောင်စီတပ်များ၏ လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်သည်။ စောခလိန်း၏ ရွာအတွင်းသို့ စစ်ကောင်စီ စစ်ကြောင်းက လေးကြိမ်တိုင်တိုင် ဝင်ရောက်တပ်စွဲသောကြောင့် ၎င်းတို့ ဝင်ရောက်လာသည့် အကြိမ်တိုင်း ရွာသားများသည် အိုးအိမ်များကို စွန့်ခွာထွက်ပြေးကြရသည်။ စစ်ကောင်စီစစ်ကြောင်း ဝင်ရောက်လာသည့် ပထမအကြိမ်တွင် စောခလိန်း၏ သော့ပိတ်ထားသောအိမ်ကို သော့ဖျက်ပြီး မွှေနှောက်ရှာဖွေခဲ့သည်။ အိမ်ထဲရှိ ဘီဒိုနှင့် ပရိဘောဂပစ္စည်းများကို ဖျက်ဆီးသွားသည်။ ထို့အပြင် စောခလိန်းသည် ကုန်ခြောက်ရောင်းသောကြောင့် တန်ဖိုးငွေ (၁၁) သိန်းကျပ်ခန့်ရှိသော ကုန်ခြောက် များကို စစ်ကောင်စီတပ်များက ယူဆောင်သွားသည်။ တပိုင်တနိုင် မွေးမြူထားသည့် ကာလတန်ဖိုး ကျပ်သိန်း (၅၀-၆၀) ခန့်ရှိသော ကျွဲ၊ နွားများကို သတ်ဖြတ်ယူဆောင်သွားကြသည်။ ထမင်းအိုးအလွတ် များထဲတွင် မစင်စွန့်ပြီး ချန်ထားခဲ့သည် ဟု စောခလိန်းမှ ၎င်း၏ ဆုံးရှုံးနစ်နာမှုများကို မျှဝေခဲ့သည်။

ဤလူ့အခွင့်အရေးချိုးဖောက်မှုနှင့်ပတ်သက်၍ အကြမ်းမဖက် လူထုအာခံလှုပ်ရှားမှု (CDM) တွင်ပါဝင်လာသည့် စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်း၊ တပ်ခွဲ(၃) ကော့ကရိတ်မြို့မှ ကိုယ်ပိုင်နံပါတ် တ/၂------၊ တပ်သား ကိုရဲအောင် (နာမည်လွှဲ) မျှဝေခဲ့သည်မှာ "**စခန်းမှာနေရတဲ့အချိန်တွေဆိုရင် ဟင်းစားရှာဖို့ အတွက် အရာရှိတွေက ရွာထဲကိုသွားခိုင်းပြီး ကြက်၊ ဝက်၊ နွား၊ ဆိတ် တို့ကို ဘယ်နှစ်ကောင် စီယူလာဆိုပြီးတော့ပြောတယ်။ ပိုက်ဆံမပေးဘူး။ ကျွန်တော်တို့လည်း ရွာထဲကိုသွား အသီးအရွက် လေး တွေခူး၊ ဆိတ်တွေ့ဆိတ်ပစ်၊ နွားတွေ့နွားပစ်ပြီးပြန်ယူလာရတာတွေရှိတယ်။ အရာရှိတွေကတော့ သူတို့တစ်ယောက်ထဲ အတွက် မဟုတ်ဘူး အားလုံးအတွက်ဆိုပြီးပြောတယ်။ အဲ့ဒါမျိုး (၃) (၄) ကြိမ် လောက် လောက်ကိုင်မှာတာဝန်ကျတုန်းက လုပ်ဖူးတယ် (ကိုရဲအောင်သည် ၂၀၁၉ ခုနှစ်က လောက်ကိုင်တွင်တာဝန်ကျခဲ့ဖူးသူဖြစ်သည်)။ နွားကိုပေါ်စားတယ် ပိုင်ရှင်ကလာတိုင်တော့ ပိုင်ရှင် ကိုဖမ်းထားတယ်။ သူတို့ကို စွပ်စွဲတယ်ဆိုပြီးတော့ တစ်ညလောက်အချုပ်ထဲထည့်ထားတယ်။ နောက်တစ်ခေါက်ကျတော့ နွား မောင်းလာတဲ့ရွာသားနဲ့ နွားကိုဖမ်းပြီးတော့ လူကိုလွှတ်ပြီးတော့ နွားကိုပြန်လာရွေးခိုင်းတယ်။ အဲ့ပိုက်ဆံတွေကို ဟင်းစားဝယ်ပေး မယ်တို့ စားသောက်ပွဲကျင်းပပေးမယ်လို့ ပြောတယ်။ တစ်ခါမှ မလုပ်ပေးဘူး။ အဲ့တာကို လုပ်ခိုင်းတဲ့ တပ်ရင်းမှူးက ခွန်အောင်ကို မြင့် (၅၄၅) ကျုံဒိုးတပ်ရင်းက**" ဟု မျှဝေခဲ့သည်။


ကေအဲန်ယူ လူ့အခွင့်အရေးကော်မတီက ပြုစုထားသော မှတ်တမ်းအချက်အလက်များအရ အာဏာသိမ်းဖြစ်စဉ်စတင် ချိန်မှစ၍ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလထိ စစ်ကောင်စီတပ်များမှ နေအိမ် (၂၆၄) လုံးကို မီးရှို့ဖျက်ဆီးခြင်း၊ နေအိမ် (၁၈) လုံးကို အကြောင်းမဲ့ ဖျက်ဆီးခြင်းနှင့် နေအိမ် (၅၁) လုံးကို ဝင်ရောက်ရှာဖွေ မွှေနှောက်မှုများ ပြုလုပ်ခဲ့သည်။

**၂၀၂၁-၂၀၂၂ ခုနှစ်အတွင်း စစ်ကောင်စီမှ ပြည်သူများ၏ အိုးအိမ်များအား မီးရှို့ခြင်း၊ ဖျက်ဆီးခြင်းနှင့် အတင်းအဓမ္မခိုးယူခြင်း**





ဇယား (၂၀)

စစ်ကောင်စီတပ်များသည် အရပ်သားပြည်သူလူထု၏ နေအိမ်များကို မီးရှို့ခဲ့သော အကြိမ်ပေါင်း (၄၉) ကြိမ်ရှိပြီး အိမ်ပေါင်း (၂၆၄) လုံး မီးရှို့ခံခဲ့ရသည်။ ဒူးသထူ (သထုံ) ခရိုင်တွင် ကျေးရွာ (၉) ရွာမှ အိမ် (၈၅) လုံး၊ တောအူး (တောင်ငူ) ခရိုင်တွင် ကျေးရွာ (၃) ရွာမှ အိမ် (၆) လုံး၊ ခလယ်လွီထူ (ညောင်လေးပင်) ခရိုင်တွင် ကျေးရွာ (၁၅) ရွာမှ အိမ်(၉၄)လုံး၊ ဘိတ် (မြိတ်)-ထားဝယ် ခရိုင်တွင် ကျေးရွာ (၁၄) ရွာမှ အိမ် (၅၃) လုံး၊ မူကြော် (ဖာပွန်) ခရိုင်တွင် ကျေးရွာ (၆) ရွာမှ အိမ် (၂၁) လုံး၊ ဒူးပလာယာ ခရိုင်တွင် ကျေးရွာ (၂) ရွာမှ အိမ် (၅) လုံး တို့ မီးရှို့ဖျက်ဆီးခံခဲ့ရသည်။




ဇယား (၂၁)

ထို့နောက် စစ်ကောင်စီတပ်နှင့် စစ်ကောင်စီလက်အောက်ခံ နယ်ခြားစောင့်တပ် (BGF) များသည် ကျေးရွာလူထု၏ အိုးအိမ်များကို အကြောင်းမဲ့ဖျက်ဆီးမှုများ ပြုလုပ်သည်ကို ကေအဲန်ယူ လူ့အခွင့်အရေး ကော်မတီ၏ မှတ်တမ်းအချက်အလက်များအရ တွေ့ရှိရသည်။ ၎င်းတို့သည် ပြည်သူ့အိုးအိမ်များကို ဖျက်ဆီးမှု အကြိမ်ရေပေါင်း (၆) ကြိမ်တိုင်တိုင် ပြုလုပ်ခဲ့ပြီး၊ နေအိမ်ပေါင်း (၁၈) လုံး အကြောင်းမဲ့ ဖျက်ဆီးခြင်း ခံခဲ့ရသည်။




ဇယား (၂၂)

အာဏာသိမ်းဖြစ်စဉ်စတင်သည့်အချိန်မှစ၍ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလအထိ စစ်ကောင်စီတပ်များ နှင့် စစ်ကောင်စီလက်အောက်ခံ နယ်ခြားစောင့်တပ် (BGF) များမှ ကျေးရွာနေပြည်သူများ၏ တန်ဖိုးကြီးငယ်ပိုင်ဆိုင်မှုများကို အိုးအိမ် (၅၁) အိမ်တွင် ခိုးယူခြင်း၊ ဖျက်ဆီးခြင်း၊ အတင်းအဓမ္မ ယူဆောင်ခြင်းများကို (၄၆) ကြိမ် ကျူးလွန်ခဲ့သည်။


**၂၀၂၁-၂၀၂၂ ခုနှစ်အတွင်း စစ်ကောင်စီက နေအိမ်များအားမွှေနှောက်ပြီး လိုချင်သည့်ပစ္စည်းများကို ယူဆောင်သွားခြင်း**




ဇယား (၂၃)

စစ်ကောင်စီတပ်များနှင့် စစ်ကောင်စီလက်အောက်ခံ နယ်ခြားစောင့်တပ် (BGF) များမှ ကျေးရွာနေပြည်သူများအား နည်းအမျိုးမျိုးဖြင့် အတင်းအဓမ္မ ခြိမ်းခြောက်စေခိုင်းခြင်းများ ပြုလုပ်ခဲ့သည်။ ထို့အပြင် ရွာသားများကို အတင်းအဓမ္မ ခြိမ်းခြောက်သည်သာမက ရွာသားများပိုင်ဆိုင်သော သစ်၊ ဝါးများကို ရွာသားများကိုယ်တိုင် ခုတ်ပေးရန်နှင့် လိုအပ်သောနေရာတွင်း အရောက်ပို့ပေးရန် ခြိမ်းခြောက်တောင်းယူခဲ့ခြင်းမျိုးလည်း ရှိသည်။ အာဏာသိမ်းဖြစ်စဉ်စသည့် အချိန်မှစ၍ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလအထိ ကျေးရွာနေပြည်သူ (၆၄၄) ဦးအား အတင်းအဓမ္မ ခြိမ်းခြောက်စေခိုင်းမှုပြုပြီး ကျေးရွာပေါင်း (၄၃)ရွာတွင် ကျူးလွန်ခဲ့ကြောင်း ကေအဲန်ယူ လူ့အခွင့်အရေးကော်မတီ၏ မှတ်တမ်းအချက်အလက်များအရ တွေ့ရသည်။

**၂၀၂၁-၂၀၂၂ ခုနှစ်အတွင်း စစ်ကောင်စီမှ ပြည်သူအား အတင်းအဓမ္မစေခိုင်းခြင်း**




ဇယား (၂၄ )

## စစ်ကောင်စီ၏ ပြည်သူများအား ပစ်မှတ်ထား တိုက်ခိုက်မှုကြောင့် ဆုံးရှုံးမှုများ











# ၇ ပဋိပက္ခအတွင်းအမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု

လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို လက်နက်သဖွယ်အသုံးပြုသော မြန်မာစစ်တပ် တဖြစ်လဲ စစ်ကောင်စီသည် ကျူးလွန်သူအား ပြစ်ဒဏ်ကင်းလွတ်ခွင့်ပေးခြင်းဖြင့် ၎င်းလက်နက်အား ဆက်လက်အသုံးပြုလျက် ရှိသည်။ မြန်မာစစ်တပ်မှ အာဏာသိမ်းဖြစ်စဉ်စတင်သည့် ဖေဖော်ဝါရီလ (၁) ရက်နေ့မှ စတင်ကာ ယနေ့အချိန်ထိ နိုင်ငံနှင့်တစ်ဝှမ်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုသော်လည်းကောင်း၊ ဂျဲန်ဒါအခြေပြု အကြမ်းဖက်မှု သော်လည်းကောင်း ကျူးလွန်လျက်ရှိသည်။ ထို့အပြင် အမျိုးသမီးနှင့် မိန်းကလေးများအပေါ်၌လည်း လူ့အခွင့်အရေး ကျူးလွန်မှု ပုံစံမျိုးစုံဖြင့် အကြမ်းဖက်နေကြသည်။ အမျိုးသမီးအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၏ ဖော်ပြချက်အရ မြန်မာတစ်နိုင်ငံလုံးတွင် စစ်တပ်မှကျူးလွန်သည့် မုဒိမ်းမှု၊ လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှု၊ လိင်ပိုင်းဆိုင်ရာစော်ကားမှုများ အများအပြားရှိနေသည့်အပြင် [1] အကျဉ်းထောင်နှင့် စစ်ကြောရေးစခန်းတွင်းရှိ မတရားဖမ်းဆီးခံရသူများအပေါ်၌လည်း လိင်ပိုင်းဆိုင်ရာ စော်ကားမှုများရှိနေကြောင်း ဖော်ပြထားသည်။ [2] ထို့အပြင် အမျိုးသမီးများအား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ လူသားဒိုင်းအဖြစ်အသုံးပြုခြင်း၊ အဓမ္မစေခိုင်းခြင်း စသည့် လူ့အခွင့်အရေးချိုးဖောက်မှုများအားလည်း နိုင်ငံနှင့်အဝှမ်းလုပ်ဆောင်နေကြောင်း မှတ်တမ်းပြုစုထား ကြသည်။ [3]

ကေအဲန်ယူ အုပ်ချုပ်သောဒေသတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုဆိုင်ရာကိစ္စရပ်များအား အဓိက မှတ်တမ်းပြုစုသည့် ကရင်အမျိုးသမီးအစည်းအရုံး (Karen Women Organisation – KWO)၏ ထုတ်ပြန်ချက်အရ ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီ (၁)ရက်နေ့မှစတင်ကာ ကော်သူးလေဒေသအတွင်းရှိ အသတ်ခံရသည့် အမျိုးသမီးအရေအတွက် (၃၀)ဦး၊ ဒဏ်ရာရအမျိုးသမီး (၁၁၇)ဦးနှင့် အခြားသော အကြမ်းဖက်မှုများဖြစ်သည့် အဓမ္မစေခိုင်းခြင်း၊ ရွှေ့ပြောင်းစေခြင်း၊ ခြိမ်းခြောက်ခြင်း၊ ပေါ်တာဆွဲခြင်း၊ ဖမ်းဆီးခြင်း စသည့် ဖက်ဆစ်လုပ်ရပ်များကို စစ်တပ်က ကျူးလွန်လျက်ရှိသည်။

---

1 အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၊ နိုင်ငံတကာအမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့ အထိမ်းအမှတ် ထုတ်ပြန်ကြေညာချက်၊ ၂၀၂၂ခုနှစ် နိုဝင်ဘာလ (၁၅)ရက်။

2 The women abused and tortured in detention https://www.bbc.com/news/world-asia-59462503

3 Women League of Burma, Situation update, August-September 2022 https://www.womenofburma.org/sites/default/files/2022-11/Aug-Sept_Briefing_0.pdf

[4]ထို့ပြင် စစ်ကောင်စီတပ်သည် ဒေသတခုရှိ ကျေးရွာများမှ အမျိုးသမီးအများအပြားအား လူသားဒိုင်းအဖြစ်သော်လည်းကောင်း၊ ပေါ်တာအဖြစ်သော်လည်းကောင်း ဆန်အိတ်များ၊ ၎င်းတို့၏ လက်နက်ကျည်ဆံများကို သယ်ဆောင်စေကာ စစ်ကြောင်းချီတက်ရာနောက် လိုက်ပါခဲ့ကြရသည်။ ထိုအတွေ့အကြုံနှင့်ပတ်သက်ပြီး ဒူးသထူ (သထုံ) ခရိုင်တွင် နေထိုင်သော အမျိုးသမီးတစ်ဦးက **"ရွာ ၆-၇ ရွာ လောက်က အမျိုးသမီး ၃၀၀ နီးပါးလောက်က ပေါ်တာဆွဲခံရ လူသားဒိုင်းအနေနဲ့ အသုံးချခံခဲ့ရတယ်၊ အမျိုးသားတွေတော့ပါတယ်။ အနည်းအကျဉ်းပဲ။ အဲ့တုန်းက အဓိက ဆန်အိမ်တွေ သယ်ပေးခဲ့ရတာဖြစ်တယ်။ ... တစ်ရွာနဲ့ တစ်ရွာအကြား အဖြတ်လိုက် ကူညီခဲ့ရတာ။ ရွာသား ၃ ယောက်ကြား စစ်သား ၁ ယောက် ညှပ်သွားရတာ။ ရွာက အမျိုးသမီးလူကြီးတွေက စစ်သားတွေကို သပ်သပ်စီသွားဖို့ ပြောပေမယ့် သူတို့က မသွားကြဘူး။"** ဟု ပြောဆိုခဲ့သည်။

လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့်ပတ်သက်ပြီး မှတ်တမ်းမရယူနိုင်သော်လည်း ၎င်းသည် စစ်ကောင်စီတပ်များမှ မကျူးလွန်သည့်သဘော မဟုတ်ပေ။ ခေတ်အဆက်ဆက် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု သာမက သတ်ဖြတ်မှုများကျူးလွန်သော မြန်မာစစ်တပ်သည် စစ်သားများအား မည်သည့် အခါမျှ အပြစ်ဒဏ်မပေးသည့်အပြင် ခံရသူများမှာမြန်မာစစ်တပ်အား ကြောက်ရွံ့သောကြောင့် တိုင်ကြားမှုများမရှိပဲ တိတ်ဆိတ်နေရခြင်းဖြစ်သည်။

ထိုမျှမက မြန်မာစစ်တပ် တဖြစ်လဲ စစ်ကောင်စီ၏ လူထုအနီးအနားအတွင်း တည်ရှိနေခြင်းကပင်လျှင် စိတ်ပိုင်းဆိုင်ရာ မလုံခြုံမှုများဖြစ်စေသည့်အပြင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုခံရမည့် စိုးရိမ်စိတ်ကိုလည်း တိုးပွားစေသည်။ ဒူးသထူခရိုင်တွင်နေထိုင်သော အမျိုးသမီးတစ်ဦးက ၎င်း၏ စိုးရိမ်ပူပန်မှုကို ဤကဲ့သို့ ဝေမျှခဲ့သည်။ **"သူတို့ (မြန်မာစစ်တပ်) ရွာထဲရောက်လာတော့ ကိုယ်တွေဘဝတော့သွားပြီ။ သူတို့ မုဒိမ်းကျင့်တာ ခံရမှာပဲ ဆိုပြီး အဆုံးထိတွေးခဲ့မိတာလည်း ရှိတယ်။"**

ထို့ပြင် စစ်ကောင်စီတပ်များ၏ လိင်ပိုင်းဆိုင်ရာအကြမ်းဖက် စော်ကားမှုများအနက် အများဆုံးအသုံးပြုသော အကြမ်းဖက်နည်းလမ်းတစ်မျိုးမှာ စကားလုံးဖြင့် စော်ကားပြောဆိုခြင်း ဖြစ်သည်။ ဆဲဆိုခြင်း၊ အော်ဟစ်ခြင်း၊ ခြိမ်းခြောက်ခြင်း လုပ်ဆောင်သည့်အခါတွင် လိင်ပိုင်းဆိုင်ရာ ညစ်ညမ်းသော စကားလုံးများကို တွင်တွင်ကျယ်ကျယ် အသုံးပြုကြသည်။ ထို့အတွက်ကြောင့် ကျေးရွာဒေသအချို့တွင် စစ်တပ်မှစစ်ကြောင်းချီလာသည်ဟု သတင်းကြားသည်နှင့် မိဘများက ၎င်းတို့၏ သမီးပျိုများအား ရပ်ဝေးတွင်ရှိသည့် ဆွေမျိုးများထံသို့ စေလွှတ်ထွက်ပြေးစေသည်။

ထို့အပြင် စစ်ကောင်စီတပ်မှ ခင်ပွန်းအား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်းများ၊ အစဖျောက်လိုက်ခြင်းများ ပြုလုပ်လိုက်သည့်အတွက် ကျန်ရှိသည့် မိသားစုများအား ပြုစု စောင့်ရှောက်ခြင်းတာဝန်များသည် အမျိုးသမီးများအပေါ် ပုံကျလာသည်။ စစ်ရှောင်နေရသည့်အတွက် ကလေးများအား တာဝန်ယူခေါ်ဆောင် ပြေးပုန်းရသည်သာမက ဝင်ငွေမရှိသည့်အတွက် စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာရသော အမျိုးသမီးများလည်း ရှိနေသည်။ အသက် (၄၅) နှစ်အရွယ် မိခင်တစ်ဦးက ၎င်းကြုံတွေ့ရသော အခက်အခဲများနှင့် စိတ်ခံစားမှုကို ဤကဲ့သို့ ဖော်ပြခဲ့သည်။ **''ကျွန်မယောကျ်ားသေသွားတဲ့နောက်ပိုင်းမှာ ကျွန်မသားသမီးတွေနဲ့ တောထဲမှာ ပြေးခဲ့ရတာကိုစဉ်းစားလိုက်တိုင်း အတော်လေးစိတ် ထိခိုက်ရတယ်။ အခုချိန်မှာတော့ ဘာမှမလုပ်တတ်ဘူး။ သူများပေးကမ်း တာတွေပဲဝမ်းရေးဖြေရှင်းနေရတယ်။''**

မြန်မာစစ်တပ် တဖြစ်လဲ စစ်ကောင်စီမှ အာဏာသိမ်းဖြစ်စဉ်စတင်သည့်အချိန်မှစတင်ပြီး ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလအထိ ကော်သူးလေဒေသရှိ အမျိုးသမီးများ၊ မိန်းကလေးများသည် ခန္ဓာပိုင်းဆိုင်ရာ ထိခိုက်ခံစားရသည်သာမက စိတ်ပိုင်းဆိုင်ရာများစွာ ပင်ပန်းဆင်းရဲစွာ နေထိုင်ကြရသည်။ မှီခိုအားထားရသော မိသားစုဝင်တဦးဦးဆုံးရှုံးသွားရသည့်အခါ ခိုကိုးရမဲ့ဖြစ်သွားပြီး အခြားသူများအပေါ် မှီခိုနေရမှုသည်လည်း အမျိုးသမီးများ၏ စိတ်ပိုင်းဆိုင်ရာ မလုံခြုံမှုကို ဖြစ်ပေါ်စေသည်။ ထို့ပြင်သာမက မည်သည့်အချိန်တွင် လေယာဉ်ဖြင့်တိုက်ခိုက်မည်၊ မြေပြင်မှ လက်နက်ကြီးဖြင့် ပစ်ခတ်မည်ကို မခန့်မှန်းနိုင်ပဲ နေ့စဉ်နေ့အမျှ စိုးရိမ်ကြောက်ရွံ့မှုဖြင့်သာ နေနေရသော အမျိုးသမီးများ၏ ဘဝများသည်လည်း အသက်ရှင်ရပ်တည်ရန်ပင် လွန်စွာခက်ခဲလွန်းလှသည်။

---

4 KWO, Stop violence against women in Burme: Challenges facing women amid escalating conflict in Kawthoolei (aka Karen state)



# ၆ ဒေသန္တရ ကိုင်တွယ်ဖြေရှင်းနည်းများ

ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံးသည် ၁၉၉၀ ခုနှစ် နောက်ပိုင်းကာလတွင် လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုကိစ္စရပ်များကို လုပ်ကိုင်ဆောင်ရွက်ကြသော ကရင်အရပ်ဘက် အဖွဲ့အစည်းများ ပေါ်ပေါက်လာခြင်းကို ကြိုဆိုအားပေးသည့်အလျောက် ၎င်း၏ အုပ်ချုပ်ရေးနှင့် လုံခြုံရေးကဏ္ဍများကို နိုင်ငံတကာလူ့အခွင့်အရေး စံချိန်စံနှုန်းနှင့် ပိုမိုကိုက်ညီမှုရှိအောင် ပြုပြင်ပြောင်းလဲမှုများနှင့် နိုင်ငံတကာလူ့အခွင့်အရေးများကို အကောင်အထည်ဖော်မှုများလည်း ရှိလာခဲ့သည်။ နိုင်ငံရေးပြဿနာကို ယုံကြည်ချက်နှင့် ဂုဏ်သိက္ခာကိုဗဟိုပြု၍ နိုင်ငံရေးနည်းလမ်းဖြင့် အဖြေရှာရန် ခေတ်အဆက်ဆက် မြန်မာစစ်ခေါင်းဆောင်များက မလိုလားပဲ ကတိကဝတ်များ အကြိမ်ကြိမ်ချိုးဖောက်၍ စစ်ပွဲများ ဖြစ်ပွားမည့် အခြေအနေကိုသာ ရည်ရွယ်ချက်ရှိရှိ တွန်းပို့လေ့ရှိသည်။ ယခု စစ်ကောင်စီအပါအဝင် ခေတ်အဆက်ဆက် စစ်အစိုးရများ၏ စစ်ဖြစ်စေမည့်အခြေအနေသို့ တွန်းပို့မှုကြောင့် ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံးသည် မြန်မာနိုင်ငံရှိ လက်နက်ကိုင် ပဋိပက္ခ၏ အဓိကသက်ဆိုင်သူအနေဖြင့် ရပ်တည်ခဲ့ရသည်။ စစ်ပွဲကာလတစ်လျှောက် မြန်မာစစ်တပ်သည် ဂုဏ်သိက္ခာကင်းမဲ့သော လုပ်ရပ်ဖြစ်သည့် အရပ်သားပြည်သူများကို စစ်ရေးထွက်ပေါက်တစ်ခုအနေဖြင့် အသုံးပြုလေ့ရှိသည်။ အရပ်သားပြည်သူလူထုကို စစ်ရေးပစ်မှတ်ထား တိုက်ခိုက်ခြင်းကြောင့် ပြည်သူလူထု ထိခိုက်နစ်နာမှုသည် စစ်ပွဲများကြောင့် မတော်တဆ ထိခိုက်နစ်နာခြင်းမဟုတ်ပဲ မြန်မာစစ်တပ်၏ ရည်ရွယ်ချက်ရှိရှိ စနစ်တကျ လူ့အခွင့်အရေး ချိုးဖောက်မှုကြောင့်ဖြစ်သည်။

ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံးသည် စစ်မှန်သော ငြိမ်းချမ်းရေးဖော်ဆောင်မှုအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို ချုပ်ဆိုခဲ့ပြီး နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များကို ပြည်သူများထံသို့ ရောက်ရှိနိုင်ရေးကို အဓိက ကဏ္ဍအနေဖြင့် ထည့်သွင်းစဉ်းစားခဲ့သည်။ ၂၀၁၄ ခုနှစ်၊ ဖွန်လ (၁၁) ရက်နေ့တွင် ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံးသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး မူဝါဒ (၁၁) ချက်ကို အတည်ပြုရေးဆွဲခဲ့သည်။ မူဝါဒ အမှတ်စဉ် (၄)၊ (၅) နှင့် (၆) တို့သည် ဒေသခံပြည်သူလူထုကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုများကို လက်လှမ်းမီစေရုံသာမက ၎င်းတို့၏ စွမ်းရည်မြှင့်တင်ရေးကိုပါ အဓိက ဦးစားပေးထားသည်။ ထို့နောက် ဒေသခံအဖွဲ့များဖြစ်သော အရပ်ဘက်လူမှုအဖွဲ့အစည်းများကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့ရေးကိစ္စရပ်များ၏ ဆုံးဖြတ်ချက်ချသည့် အခန်းကဏ္ဍတွင် ပါဝင်စေရန် ထည့်သွင်းထားသည်။ ၂၀၂၁ ခုနှစ် အာဏာသိမ်းဖြစ်စဉ်နောက်ပိုင်းတွင်လည်း ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံးသည် ထိုမူဝါဒအတိုင်း စစ်ဘေးသင့် ပြည်သူလူထုအတွက် မူဝါဒပိုင်းဆိုင်ရာသော်လည်းကောင်း၊ မူဝါဒကို အကောင်အထည်ဖော်မှုဆိုင်ရာတွင်လည်းကောင်း အလေးပေးဆောင်ရွက်လျက်ရှိသည်။

လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့ရေးကဏ္ဍများတွင် အကောင်ထည်ဖော် လုပ်ဆောင်နေသော အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် မိမိတို့၏ လုပ်ငန်းစဉ်အတိုင်း မြေပြင်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ အရပ်ဘက်အဖွဲ့အစည်းများ၏ လုပ်ငန်းစဉ်များဟုဆိုရာ၌ မူဝါဒ အမှတ်စဉ် (၇) ဖြစ်သော ကေအဲန်ယူ၏ နိုင်ငံရေးဦးတည်ချက်နှင့် နယ်မြေလုံခြုံရေး ထိခိုက်မှုမရှိသော မည်သည့်လုပ်ဆောင်မှုမျိုးကိုမဆို ဒေသတွင်း သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းတိုင်ပင်မှုများဖြင့် ၎င်းတို့၏စီမံကိန်းများကို အကောင်အထည်ဖော် လုပ်ဆောင်မှုအား ကြိုဆိုသည်။ ၂၀၂၁ ခုနှစ် အာဏာသိမ်းဖြစ်စဉ်နောက်ပိုင်းတွင် လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုများကို နိုင်ငံတကာအကူအညီဖြင့် လုပ်ဆောင်နေကြသော အရပ်ဘက်အဖွဲ့အစည်းများနှင့် ဒေသအသီးသီး မှ ပြည်သူလူထု၏လှူဒါန်းမှုဖြင့် လုပ်ဆောင်နေကြသော အရပ်ဘက်အဖွဲ့အစည်းများက အကောင်အထည်ဖော်ဆောင်ရွက်ကြ သည်။ အရပ်ဘက်အဖွဲ့အစည်းများ၏ လုပ်ငန်းပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် အကောင်အထည်ဖော်မှုပိုင်းဆိုင်ရာကို ကေ အဲန်ယူ - ကရင်အမျိုးသားအစည်းအရုံးမှ ဝင်ရောက်စွက်ဖက် ထိန်းချုပ်မှုများမရှိပဲ လွတ်လပ်စွာ လုပ်ဆောင်ခွင့်ပြုသည်။ ၎င်း တို့၏ လုပ်ငန်းအကောင်အထည်ဖော်ရာတွင် လိုအပ်ပါက မြေပြင် ဆက်သွယ်ရေးအတွက် သော်လည်းကောင်း၊ လုံခြုံရေး အတွက် သော်လည်းကောင်း၊ သယ်ယူပို့ဆောင်ရေးအတွက် သော်လည်းကောင်း ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံးက ကူညီပံ့ပိုးပေးသည်။ အရပ်ဘက်အဖွဲ့အစည်းများသည်လည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ကေအဲန်ယူ - ကရင်အမျိုးသား အစည်းအရုံး၏ ကျေးရွာအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့် တာဝန်ရှိသူများနှင့် လိုအပ်သလို ချိတ်ဆက်ဆောင်ရွက်ကြသည်။

စစ်ကောင်စီသည် ပြည်သူလူထုကို စစ်ရေးနှင့် နိုင်ငံရေးဆိုင်ရာ အသုံးချခံ အရာဝတ္ထုတစ်ခုအနေဖြင့်သာ ရှုမြင်သည်။ ထို့ကြောင့် စစ်ကောင်စီထံ မှတ်ပုံတင်ထားသော အသင်းအဖွဲ့များကို နိုင်ငံရေးရည်ရွယ်ချက်နှင့် စစ်ရေးရည်ရွယ်ချက်များ ဖြင့် ကန့်သတ်မှုများ ပြုလုပ်လာသည်။ စစ်ကောင်စီသည် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေသစ် တစ်ရပ်ကို ၂၀၂၂ ခု နှစ်၊ အောက်တိုဘာလ (၂၈) ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။ ထိုဥပဒေသစ်၏ အခန်း (၉)၊ အပိုဒ် (၃၈) သည် ကေအဲန်ယူ - ကရင် အမျိုးသားအစည်းအရုံး စီမံအုပ်ချုပ်ရာဒေသတွင်းရှိ အရပ်သား ပြည်သူလူထုဆီသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီပံ့ပိုးမှုများကို လက်လှမ်းမီရန် အကန့်အသတ်များစွာ ဖြစ်စေသည်။ ထို့ကြောင့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထား မှုဆိုင်ရာ ကူညီပံ့ပိုးမှုများကို စစ်ကောင်စီ၏ စီမံခန့်ခွဲမှုအောက်မှ အကောင်အထည်ဖော် ဆောင်ရွက်သောအခါ စစ်ကောင်စီ၏ ပိတ်ပင်တားမြစ်မှုများကြောင့် စစ်ကောင်စီတပ်များ၏ လူ့အခွင့်အရေးချိုးဖောက်ခံရသော စစ်ဘေးရှောင် (သို့) စစ်ဘေးသင့်ပြည် သူများထံသို့ လက်လှမ်းမီနိုင်ရန်မှာ မဖြစ်နိုင်ပေ။ လူသားချင်း စာနာထောက်ထားမှု မရှိ၍ လူ့အခွင့်အရေးမျိုးစုံကို ကျူးလွန်နေ သော စစ်ကောင်စီသည် ၎င်းကျူးလွန်မှုကြောင့် ခံစားရသော အရပ်သားပြည်သူများကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့ပိုးမှုများအတွက် စစ်မှန်သော စိတ်ရင်းစေတနာမရှိသည်မှာ သံသယဖြစ်ဖွယ်မဟုတ်ပါ။ ပြည်သူလူထုအပေါ် ၎င်း တို့စိတ်တိုင်းကျ နိုင်ငံရေးနှင့် စစ်ရေးအမြတ်ထုတ်ရန်နှင့် နိုင်ငံတကာကူညီထောက်ပံ့မှုများကို ခုတုံးလုပ်ရန် ပြောင်းလဲရေးဆွဲခဲ့ သော အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေများအနက် အခန်း (၉)၊ အပိုဒ် (၃၈) သည် ဤသို့ဖော် ပြထားသည်။

မှတ်ပုံတင်လက်မှတ်ရရှိထားသည့် မည်သည့်အသင်းအဖွဲ့မျှ အောက်ပါအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်များကို တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ၊ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်း မပြုရ –

(က) နိုင်ငံတော်အား လက်နက်ကိုင်ဆန့်ကျင်သည့် အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ

(ခ) အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်ထားသော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ

(ဂ) မတရားအသင်းနှင့် ယင်းမတရားအသင်း၏ အဖွဲ့ဝင်များ။

ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံးသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုနှင့် ပတ်သက်သော သဘောထားမူဝါဒမှာ နိုင်ငံရေးနှင့် စစ်ရေး ရည်ရွယ်ချက်များ ကင်းစင်သည်။ ၂၀၂၁ ခုနှစ်အာဏာသိမ်းဖြစ်စဉ် နောက်ပိုင်းတွင် စစ်ကောင်စီ၏ လူ့အခွင့်အရေးချိုးဖောက်မှုများစွာနှင့် ရင်ဆိုင်ကြုံတွေ့ရသော အကြမ်းမဖက် လူထုအာခံ လှုပ်ရှားမှုတွင် ပါဝင်သော အရပ်သားပြည်သူများနှင့် ဌာနဆိုင်ရာ ပြည်သူ့ဝန်ထမ်းများသည် ကော်သူးလေနယ်မြေသို့ လာရောက် ခိုလှုံနေထိုင်ကြသည်။ ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံးသည် ၎င်းတို့အား ကူညီပံ့ပိုးနိုင်ရန် ဗဟိုအဆင့်တွင် လူမှုရေး ကော်မတီ သော်လည်းကောင်း၊ ခရိုင်နှင့်မြို့နယ်အဆင့်တွင် လာရောက်ခိုလှုံသူများအတွက် ကူညီစောင့်ရှောက်ရေးကော်မတီ သော်လည်းကောင်း အရေးပေါ်ဖွဲ့စည်း၍ ကူညီဆောင်ရွက်ပေးသည်။ နေရာထိုင်ခင်း၊ ကျန်းမာရေး၊ အစားအသောက်၊ ရေရရှိမှု

နှင့် လျှပ်စစ်မီး (ဆိုလာ) စသည့် လိုအပ်ချက်များကို ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံးအနေဖြင့်လည်းကောင်း၊ အရပ်ဘက်အဖွဲ့ အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ အရပ်ဘက်အဖွဲ့အစည်းများကိုယ်တိုင် လွတ်လွတ်လပ်လပ် ဆောင်ရွက်နိုင်ရန် ပံ့ပိုးကူညီခြင်းဖြင့်လည်းကောင်း ခရိုင်အလိုက်၊ မြို့နယ်အလိုက်၊ ကျေးရွာအလိုက် လုပ်ဆောင်ကြသည်။ ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး၏ နယ်မြေအတွင်းသို့ ပြည်မမှ စစ်ကောင်စီ၏ မတရားဖိနှိပ်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုဒဏ်ကို ရှောင်ရှားရန် ခိုလှုံလာသူများ ရှိသကဲ့သို့ ကိုယ်ပိုင်အုပ်ချုပ်ရာဒေသများတွင် စစ်ဘေးစစ်ဒဏ်နှင့် စစ်ကောင်စီ၏ လူ့အခွင့်အရေးချိုးဖောက်မှု များကြောင့် စစ်ဘေးရှောင်ပြည်သူ သိန်းပေါင်းများစွာ ပေါ်ပေါက်လာရသည်။ ထိုသူများအတွက်လည်း ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံးသည် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာစစ်တပ်၏ အကြမ်းဖက်မှုကို ကိုယ်တိုင်ကြုံတွေ့ဖူးသော သူများမှ ကြောက်စိတ်၊ စိုးရိမ်စိတ်များ ဖြစ်ရသကဲ့သို့ ၎င်းနှင့်ဆက်စပ်နေသော မိသားစု၊ ရွာသူရွာသားများမှလည်း မြန်မာ (ဗမာ)စစ်တပ်ဟုဆိုသည်နှင့် ကြောက်စိတ်ဝင်ရောက်လာကြသည်။ မိသားစုဝင်များထဲမှ စစ်တပ်၏ သတ်ဖြတ်မှုခံရသူရှိဖူးပါက စစ်တပ်အား နာကြည်းမုန်းတီးမှု၊ ဒေါသထွက်မှု၊ ဝမ်းနည်းပူဆွေးမှုများ ရှိကြသည်။ အသက်ရှင်သန်ရသည်ကပင် ကြောက်စိတ်ပြည့်နှက်နေသည့်အပြင် အနာဂတ်သည်လည်း မရေရာပဲ စိတ်ပိုင်းဆိုင်ရာမလုံခြုံမှုများဖြင့် ဆက်လက်အသက်ဆက်ရှင်နေထိုင်ကြရသော လူထုအမြောက်အများရှိသည်။

ထို့ပြင် မြန်မာစစ်တပ်သည် လူထုအပေါ် ရန်သူကဲ့သို့ ပြုမူဆက်ဆံနေပုံမျိုးဖြစ်သည်ဟု ပြည်သူလူထုက မှတ်ချက်ပေးကြသည်။ ခေတ်အဆက်ဆက် မြန်မာစစ်တပ်၏ ရမ်းကားမှုများကို ဆယ်စုနှစ်များစွာ ခံစားခဲ့ရဖူးသည့်အပြင် ယခုအခါတွင် လေယာဉ်ပစ်ခတ်မှုပါ ပါဝင်နေသည့်အတွက် ယခင်ကထက် လွန်စွာ ဆိုးရွားယုတ်မာကြောင်း ပြည်သူလူထုက ပြောဆိုလာကြသည်။ ပဋိပက္ခများ အမြန်ပြီးဆုံးကာ ငြိမ်းချမ်းမှုကိုသာ တောင့်တနေသော သက်ကြီးရွယ်အိုများ၏ အသံကိုလည်း ကြားနေရသည်။ ထို့ပြင် အသက်ဘေးလွတ်မြောက်ရန်နှင့် အသက်ဆက်လက်ရှင်သန်ရာတွင် လိုအပ်သည့် ဆေးဝါးများ၊ ဆေးအကူအညီပေးမည့်သူများ၊ လုံလောက်သောအစားအသောက်များ၊ အဝတ်အစားများ၊ လုံခြုံသောနေရာများ လိုအပ်နေကြသည်။

## ၆.၁ ။ ယခင်အတွေ့အကြုံမှ သင်ခန်းစာများ

တောင်ယာလုပ်ကိုင်စားသောက်သော တောင်ပေါ်ဒေသရှိလူထုများမှာ ယခင်ကာလအတိုင်း တစ်နှစ်လျှင် ဆန်တစ်ထုပ်စီ ထားသိုကြသည်။ တောင်ယာခင်းသည် ရွာနှင့်ဝေးသည့်နေရာတွင် ရှိသည့်အတွက် ၎င်းနေရာတွင် တဲထိုးကာ ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ထားကြသည်။ လူထုများအနေဖြင့် အထုပ် (အဝတ်အစား၊ အစားအစာ) ထုပ်ပိုးပြီး မိုးရာသီဖြစ်ပါက မိုးကာ (သို့မဟုတ်) တာလပတ်ကို အမြဲပြင်ဆင်ထားရှိရသည်။ ထို့ပြင် အတွေ့အကြုံရှိဖူးသူများ၏ စကားကို ဝေငှနားထောင်ကြသည်။ အချို့ရွာများတွင် ထွက်ပြေး တိမ်းရှောင်ပါက မည်သည့်အရပ်ဘက်သို့ သွားမည်၊ အစားအသောက်များကို မည်သို့သိုလှောင်ထားရှိမည်၊ သတင်းအချက်အလက်များကို မည်သို့ဝေငှကြမည် စသည့် ပြင်ဆင်မှုများကို ကျေးရွာခေါင်းဆောင်များမှ ဦးဆောင်ကာ ရွာသူရွာသားများနှင့် တိုင်ပင်စီစဉ်ထားကြသည်။ ကေအဲန်ယူ - ကရင့်အမျိုးသားအစည်းအရုံး၏ ပြည်သူ့ဝန်ထမ်းများသည်လည်း တာဝန်ထမ်းဆောင်နေသည့် နေရပ်ဒေသတွင် လုံခြုံမှုရှိစေရန် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ထားကြရသည်။

### အသက်ဘေးမှ လွတ်မြောက်အောင် ပြေးလွှားရခြင်း

လူထုသည် မြန်မာစစ်တပ် တဖြစ်လဲ စစ်ကောင်စီ၏ စစ်ကြောင်းတက်လာသည့် သတင်းကြားလျှင်ကြားချင်း ထိပ်တိုက်မဆုံမိစေရန်နှင့် အသက်ဘေးမှ လွတ်မြောက်ရန် ပထမဦးဆုံး ပြုလုပ်သည့်အရာမှ မိမိနေထိုင်သည့် နေရာဒေသမှ ထွက်ပြေးခြင်းဖြစ်သည်။ ရွာအတွင်း လက်နက်ကြီးပစ်သည့်အခါတွင် လည်းကောင်း၊ လူထုအား လေယာဉ်ဖြင့် ပစ်ခတ်မှုများလုပ်ဆောင်သည့် အခါတွင် လည်းကောင်း အသက်လွတ်အောင် ထွက်ပြေးကြရသည်။ ထိုသို့ထွက်ပြေးရာတွင် အခြားသောရွာများသို့ ထွက်ပြေးခြင်း သို့မဟုတ် စစ်တပ်မှ မလိုက်လာနိုင်သည့် တောင်ပေါ်အရပ်ဒေသသို့ ပြေးကြသည်။ လူထုသည် တစ်ခုတစ်စည်း

တည်း ထွက်ပြေးမှုများရှိသကဲ့သို့ တကွဲတပြားစီဖြစ်သွားသော အခြေအနေလည်း ရှိကြသည်။ အချို့သောသူများမှာ မည်သည့်နေရာသို့ ပြေးရမှန်းမသိ၊ လမ်းမသိသော်လည်း လွတ်မြောက်အောင်သာ ပြေးခဲ့ကြသည်။ လူထုအချို့မှာ ခေါင်းဆောင်ကဲ့သို့သော ရွာသားတဦး၏ ဦးဆောင်မှုဖြင့် ၎င်းနောက်သို့ လိုက်ပါထွက်ပြေးကြသည်။

လူထုအချို့မှာ အကာအကွယ်ရစေရန် ဖုံးခိုကျင်းများ တူးကာ စီစဉ်ထားရှိမှုများ ရှိခဲ့သော်လည်း အမြောက်ကြီးများ ပစ်ခတ်မှုနှင့် လေယာဉ်ပစ်ခတ်မှုများ ပိုမိုများပြားလာသည့်အခါ နောက်ဆုံးတွင် ထွက်ပြေးသည့် လမ်းကိုရွေးချယ်ခဲ့ကြသည်။ တစ်ခါတစ်ရံ မမျှော်လင့်ထားသည့်အချိန်တွင် ရုတ်တရက်စစ်သားများ ဝင်ရောက်လာသည့်အတွက် ပြင်ဆင်ချိန်မရပဲ လျှင်မြန်စွာ ထွက်ပြေးခဲ့ရသည့် လူထုများလည်းရှိသည်။ ထိုသို့သော အခြေအနေတွင် မည်သည့်အရာမျှ (အထူးသဖြင့် စားစရာများ) ယူဆောင်သွားနိုင်ခြင်းမရှိပဲ အသက်ဘေးလွတ်ရုံသာ ထွက်ပြေးခဲ့ကြသည်။ **“ထွက်ပြေးတဲ့နည်းပဲရှိတာပေါ့။ သူတို့ကို ခုခံဖို့က ကိုယ်တစ်ယောက်ထဲ လက်နက်မဲ့လည်းဖြစ်တာကို။ အဲဒါကြောင့် နောက်တစ်ခေါက်ဖြစ်တယ်ဆိုရင် ပြေးရမယ်။ ဘာလုပ်နိုင်မှာလဲ။ ပြေးရမယ်။”** ဟု စစ်ကောင်စီတပ်များ ရွာထဲဝင်ရောက်လာသောအခါ ထွက်ပြေးခဲ့ရသည့် ရွာသားတစ်ဦးက ၎င်း၏ အတွေ့အကြုံကို ပြောပြခဲ့သည်။

တစ်ခါတစ်ရံတွင် လုံခြုံသည်ဟု ထင်သည့်အရပ်သို့ထွက်ပြေးသွားကြသော်လည်း ထိုနေရာကို မြန်မာစစ်တပ်မှ ဦးတည်တိုက်ခိုက်လာသောအခါ အခြားတနေရာသို့ ထပ်ဆင့်ထွက်ပြေးရသည့် အခြေအနေများလည်း ရှိသည်။ မည်သည့်နေရာလုံခြုံသည်ဟု အတည်မပြုနိုင်ပဲ တနေရာမှတနေရာသို့ အသက်ဆက်ရှင်ရန် ပြေးလွှားနေရဆဲ သူများလည်းရှိနေသေးသည်။လူသားဒိုင်းအဖြစ်အသုံးပြုခြင်းခံခဲ့ရသောသူများသည်လည်း အသက်ရှင်သန်ရန် ထွက်ပြေးခဲ့ ကြရသည်။ နယ်မြေဒေသနားလည်ကျွမ်းကျင်သည့်အတွက် ထွက်ပြေးလွတ်မြောက်ရန်လမ်းကို ရွေးချယ် နိုင်ခဲ့ကြသည်။

လူထုများမှ ထွက်ပြေးသည့်ကာလမှာ နေရာဒေသတစ်ခုနှင့်တစ်ခု မတူသကဲ့သို့ မြန်မာစစ်တပ်၏ အခြေအနေပေါ်တွင်လည်း အလွန်မူတည်သည်။ မြန်မာစစ်တပ်က ရပ်ရွာအတွင်း အချိန်ကြာကြာစခန်းချ လေလေ လူထုက တောထဲတွင် ပြေးရှောင်ရသော ကာလ ကြာရှည်လေဖြစ်သည်။

## ပြောင်းရွှေ့ ပုန်းရှောင်ခြင်း

ရွှေ့ပြောင်းနေထိုင်မှုသည်လည်း လူထု၏လွတ်မြောက်ရာနည်းလမ်းတစ်ခုဖြစ်သည်။ မြန်မာစစ်တပ် တဖြစ်လဲ စစ်ကောင်စီတပ်များက လူထုနေထိုင်ရာ ရပ်ရွာအတွင်း ရောက်လာသည့်အကြိမ်တိုင်း လူထုမှ ရှောင်တိမ်းနေထိုင်ရသည်။ အချို့ရွာတွင် အနည်းငယ်သော သက်ကြီးရွယ်အိုနှင့် ကလေးများသာ ကျန်ရစ်ခဲ့သည်။ မြန်မာစစ်တပ် ပြန်လည်ထွက်ခွာသွားမှသာ လူထုက ကျေးရွာအတွင်းပြန်လည်နေထိုင်ကြသည်။ ဤကဲ့သို့ မကြာခဏပြောင်းရွှေ့ရသည့်အတွက် စားဝတ်နေရေးပိုမိုကြပ်တည်းလာကာ အစားအသောက် အခက်အခဲများရှိလာသည်။ **“ဗမာ(စစ်ကောင်စီတပ်)တွေတက်လာရင် လူတွေရွှေ့ပြောင်းရတယ်။ သူတို့ပြန်သွားရင် လူတွေပြန်လာတယ်။ ရွှေ့ပြောင်းတာ အကြိမ်များလေလေ ပိုပြီးကြပ်တည်းလေပဲ။ ရွှေ့ပြောင်းတာများလာရင် ပိုငတ်ပြတ်လေပဲ။”** ဒူးသထူ (သထုံ) ခရိုင်တွင် နေထိုင်သော ပြည်သူတစ်ဦး.

ထို့ပြင် အချို့ရွာသူရွာသားများသည် နေ့အချိန်တွင်တနေရာ၊ ညအချိန်တွင်တနေရာ (သို့မဟုတ်) မိမိတို့၏အိမ်တွင် နေထိုင်ခြင်းစသည့် အချိန်ကာလအပေါ်မူတည်ပြီး ပုန်းရှောင်နေထိုင်ရသည်လည်း ရှိသည်။ တစ်ခါတစ်ရံ အခြေအနေမဆိုးရွားသော်လည်း ကြိုတင်ရွှေ့ပြောင်းနေထိုင်ထားခြင်းသည် စုဆောင်းထားသော ရိက္ခာကို ဖြုန်းတီးလိုက်သကဲ့သို့ လူထုများက မှတ်ယူထားသော်လည်း ကြိုတင်ရွှေ့ပြောင်းခြင်းဖြင့်လည်း ရှင်သန်နိုင်ခဲ့ကြသော ဖြစ်ရပ်များလည်းသည်။ ဒေသတစ်ခုတွင် မြန်မာစစ်တပ်၏ ပစ်ခတ်မှုအခြေအနေ မဆိုးရွားသေးသော်လည်း ရပ်ရွာခေါင်းဆောင်များ၏ တိုင်ပင်ဆွေးနွေးမှုဖြင့် ကြိုတင်ပြောင်းရွှေ့ နေထိုင်ခဲ့ကြသည့်အတွက် မြန်မာစစ်တပ်၏ ရွာအတွင်းသို့ လက်နက်ကြီးပစ်ခတ်မှုမှ အသက်ဘေးလွတ်မြောက်ခဲ့ကြသည်။ အများအားဖြင့် လူထုသည် ၎င်းတို့၏ရပ်ရွာအတွင်း အကြမ်းဖက်မှု တစ်စုံတစ်ရာ ကြုံရသည့်အခါ၊ ရွာအတွင်းသို့ လက်နက်ကြီးကျရောက်သည့်အခါ၊ စစ်ကြောင်းတက်လာသည့်သတင်းကြားသည့်အခါ၊ ရွာဘေးတွင် မြန်မာစစ်တပ်က စခန်းချထားသည့်အခါမျိုးတွင် ပြောင်းရွှေ့ပုန်းရှောင်တတ်ကြသည်။

## ရှင်လျက်နှင့် ကွဲခြင်း

စစ်ဘေးသင့်မိသားစုများမှာ အသက်ရှင်သန်လွတ်မြောက်ရန် ထွက်ပြေးစဉ်အခါ၌သော်လည်း ပြောင်းရွှေ့ပုန်းရှောင်စဉ်ချိန်လည်းကောင်း တစ်ကွဲတစ်ပြားစီ ဖြစ်သွားသောအခြေအနေများရှိနေသည်။ ငယ်ရွယ်သော ကလေးများအား ပိုမိုလုံခြုံသည်ဟု ထင်ရသောနေရာများကို ပို့ဆောင်ထားခြင်း၊ မိဘ မောင်နှမများက မတူညီသောဒေသများသို့ ပြောင်းရွှေ့နေထိုင်ခြင်းများ လုပ်ဆောင်ကြသည်။ မိသားစုဝင်အချို့မှာမူ ထွက်ပြေး ပြောင်းရွှေ့မှုများ မလုပ်နိုင်ပဲ နေရပ်ဒေသရှိ အိမ်မွေး တိရစ္ဆာန်များအား ကြည့်ရှုစောင့်ရှောက်မှုများ လုပ်ဆောင်ရသည်။ ဤနည်းဖြင့် မိသားစုဝင်များမှာ မြန်မာစစ်တပ် တဖြစ်လဲ စစ်ကောင်စီ၏ လူ့အခွင့်အရေးချိုးဖောက်မှု၊ လူသားများအပေါ် အကြမ်းဖက်မှုများကြောင့် ရှင်လျက်နှင့် ကွဲကွာနေရလျက်ရှိသည်။

## မပြေးနိုင် ထိပ်တိုက်တွေ့

လူထုအပေါ်အကြမ်းဖက်သည့် မြန်မာစစ်တပ်နှင့် ထိပ်တိုက်မတွေ့မိရန် ထွက်ပြေးခြင်း၊ ပြောင်းရွှေ့ခြင်း၊ ပုန်းရှောင်ခြင်းများ ပြုလုပ်သော်လည်း တစ်ခါတစ်ရံတွင် ထိပ်တိုက်ကြုံရသည့် အခြေအနေများရှိသည်။ အထူးသဖြင့် ရွာအတွင်း ငယ်ရွယ်သည့်သူများက ထွက်ပြေး ပုန်းရှောင်သွားပြီး အသက်ကြီးသူများသာ ကျန်ရစ်ကြသည့်အချိန်တွင် မြန်မာစစ်တပ် တဖြစ်လဲ စစ်ကောင်စီသည် အသက်အရွယ်ကြီးသည်ငယ်သည် ဂရုမစိုက်ဘဲ ထိုအသက်ကြီးသူများအား လူသားဒိုင်းအနေဖြင့်သော်လည်းကောင်း၊ အထုပ်ထမ်းအနေဖြင့် သော်လည်းကောင်း ခေါ်ဆောင်သွားကြသည်။ ထိုသို့သောအချိန်မျိုးတွင် ထွက်ပြေးရန်မှာမဖြစ်နိုင်သည့်အတွက် အားတင်းကာ ဖြတ်ကျော်ခဲ့ကြရသည်။

ဖမ်းဆီးခံရသူများသည်လည်း အသက်ဘေးမှ လွတ်မြောက်ရန် နည်းလမ်းမရှိပဲ ငြိမ်ခံခဲ့ရသည်လည်း ရှိသည်။ ထို့ပြင် ဖမ်းဆီးခံရသည့်ကာလအတွင်း ထွက်ပြေးပါက ကျန်ရစ်ခဲ့သည့်သူများ၏ အသက်အန္တရာယ်ကို စိုးရိမ်ရသည့်အတွက် မိမိကိုယ်ကို သေလူဟု မှတ်ယူကာ ကြိုးစားရှင်သန်ခဲ့ကြရသည်။ အထူးသဖြင့် မြန်မာစစ်တပ်၏ မတရားမှုကို ကြုံတွေ့ခဲ့ဖူးသော သက်ကြီးသူများက အဖမ်းခံရသူများအချင်းချင်း တစ်ဦးနှင့်တစ်ဦးဖေးမ စောင့်ရှောက်ရန် ပြောဆို ထားသည့်အတွက် ဖမ်းဆီးခံရပြီး ထွက်ပြေးချင်ပါသော်လည်း လမ်းစရှာမရခဲ့သူများလည်းရှိသည်။

လူထုအချို့မှာ မြန်မာစစ်တပ်နှင့် ထိပ်တိုက်ဆုံသည့်အခါ စစ်တပ်မှ မေးမြန်းမှုများကို ဖြေဆိုခြင်း၊ သိလိုသည့်အရာများကို ပြောပြခြင်းများ လုပ်ဆောင်ပေးခဲ့ရသည်။ ဗမာစကားပြော ပါးနပ်သော လူထုများ အနေဖြင့် မြန်မာစစ်တပ်က လူထုအား အထင်မမှားရန်နှင့် လူထုအပေါ် အကြမ်းဖက်မှု မကျူးလွန်စေရန် ၎င်းတို့နှင့် လိမ်မာပါးနပ်စွာ ပြောဆိုဆက်ဆံခဲ့ကြရသည်။ မိသားစုနှင့်ကွဲကွာပြီး ရပ်ရွာတွင် ကျန်ရစ်ခဲ့သောသူများသည် မြန်မာစစ်တပ် တဖြစ်လဲ စစ်ကောင်စီနှင့် ထိပ်တိုက်ထိတွေ့ရသောသူများ ဖြစ်သည်။ အများအားဖြင့် သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများနှင့် ကလေးငယ်များဖြစ်ကြသည်။ မြန်မာစစ်တပ် တဖြစ်လဲ စစ်ကောင်စီနှင့် ထိပ်တိုက်တွေ့သည့်အခါ အသက်ရှင်သန် ကျန်ရစ်သူများရှိသကဲ့သို့ အချို့မှာ စစ်တပ်၏ သေနတ်ဖြင့်ပစ်သတ်မှု၊ ဓားဖြင့်ထိုးသတ်မှု၊ ဖမ်းဆီးနှိပ်စက်မှုများ ကြုံခဲ့ရသည်။ ခရီးသွားနေရင်း၊ လယ်ယာလုပ်ငန်းလုပ်နေရင်း၊ အိမ်မှုကိစ္စဆောင်ရွက်နေရင်း စစ်တပ်ဖြင့် ထိပ်တိုက်တွေ့ဆုံသည့်အခါ ထွက်ပြေးရန်ကြိုးစားသည့်အတွက် သေနတ်ဖြင့် ပစ်သတ်ခံရသည့် လူထုများလည်းရှိသည်။

## ခိုလှုံရာနေရာ

မြန်မာစစ်တပ် တဖြစ်လဲ စစ်ကောင်စီရန်မှ လွတ်မြောက်ရန် မိမိ၏ နေရပ်ဒေသအိုးအိမ်ကို စွန့်ခွာခဲ့ရသော လူထုများသည် တောထဲတောင်ထဲနှင့် ကျောက်ဆောင်ကြားတွင် သွားရောက်နေထိုင်ကြသည်။ လေယာဉ်မမြင်နိုင်သော သစ်ရိပ်ဝါးရိပ်အောက်တွင် ခိုလှုံနေထိုင်ကြရသည်။ အချို့ဒေသများတွင် ဘုရားကျောင်းကန်များ၊ ဘုရားကျောင်းခန်းမဆောင်များ၊ ဆွေမျိုးများ၏ နေအိမ်များ၊ တခြားသူများ၏ နေအိမ်တွင် သွားရောက်ခိုလှုံ နေထိုင်ကြသည်။ ဒေသအရင်းအမြစ်ရှိသော နေရာများတွင် တဲအိမ်များဆောက်ကာ နေထိုင်ကြသည်။ အချို့မှာမူ ပုံးခိုရန်အတွက် တူးထားသော ကျင်းတွင်လည်း အိပ်စက်ခဲ့ကြရသည်။ လူထု

အချို့မှာ ကေအဲန်ယူ ခေါင်းဆောင်များမှ စီစဉ်ပြင်ဆင်ထားပေးသော နေရာများတွင် သွားရောက်ခိုလှုံနေထိုင်ကြသည်။ ထိုနေရာသည် နေစရာကိုသာမက လုံခြုံမှုကိုပါပေးသည်။ မြို့ပေါ်သို့ ပြောင်းရွှေ့နေထိုင်သူများလည်းရှိပြီး အချို့မှာ ဆွေမျိုးသားချင်း၏အိမ်များတွင်လည်းကောင်း အခကြေးငွေပေးကာ အိမ်ငှားရမ်းကာ နေထိုင်ကြရသည်။

## အစားအစာ

မြန်မာစစ်တပ် တဖြစ်လဲ စစ်ကောင်စီလက်မှ လွတ်ကင်းအောင် ထွက်ပြေးတိမ်းရှောင်ကြသည့် လူထုများသည် ပြေးလွှားနေစဉ်တွင် အသက်လွတ်မြောက်ရန်သာမက အသက်ဆက်ရှင်ရန် အစားအသောက်ကို တစ်ယောက်နည်းနည်းစီ သယ်ဆောင်သွားကြသည်။ သယ်ဆောင်ရန် ယာဉ်ရှိသည့်သူများမှာ အစားအသောက်များများ သယ်နိုင်ကြသည်။ အဓိက အစားအစာမှာ ဆန်၊ ဆား၊ အချိုမှုန့်တို့ဖြစ်သည်။ အချို့တောတောင်ထဲတွင် မည်သည့်အရာမျှ မရှိသည့်အတွက် ပါလာသည့် အစားအသောက်များကို မျှဝေစားသောက်ကြရသည်။ ဆန်နည်းသည့်အခါ ထမင်းအစား ဆန်ပြုတ်များအဖြစ် ချက်ပြုတ်စားသောက်ကြသည်။

အချို့သောလူထုများမှာ မိမိတို့ပုန်းရှောင်မည့် တောထဲ၊ တောင်ထဲရှိ တဲများအတွင်း အနည်းငယ်သောပမာဏရှိသည့် ရိက္ခာကို ပုံမှန်သယ်သွားကာ လုံခြုံစွာ ဝှက်ထားခဲ့ကြသည့်အတွက် နောင်တစ်ချိန်တွင် ပုန်းရှောင်သည့်အခါ လုံလောက်သော အစားအစာများရှိနေတတ်သည်။ ထို့ပြင် ကြပ်တည်းသောကာလ ဖြစ်သည့်အတွက် စည်းကမ်းဖြင့် စားသောက်ခြင်းဖြင့် အစားအစာအလေအလွင့်မရှိစေရန် လုပ်ဆောင် ကြသည်။ **"အစားအသောက်ကတော့ ငတ်ပြတ်တာပေါ့။ တစ်ချို့က ဆန်ပြုတ်ပဲစားရတယ်။ တစ်ချို့ဆို ကောင်းကောင်းအလုပ်လုပ်ထားပေမယ့် အစားမစားရတာရှိတယ်။ တစ်ချို့က ထွက်ပြေးတဲ့အချိန် ဆန်ယူလာတာနည်းလို့ ဆန်ပြုတ်သောက်ရတာလည်းရှိတယ်။"** ဒူးသထု (သထုံ)ခရိုင်တွင်နေထိုင်သူတစ်ဦး

အစားအစာအခက်အခဲဖြစ်နေသော လူထုအချင်းချင်း ဖေးမကူညီကြသည့် အလေ့အထသည် လွတ်မြောက်ရှင်သန်ရန် အင်အားတစ်ခုဖြစ်သည်။ ရွာသူရွာသားများက မျှဝေစားသုံးကြခြင်းအပြင် အစားအစာများရရှိရန် သွယ်ဝိုက် (လျှို့ဝှက်စွာ) ကူညီခြင်းများ ပြုလုပ်ခြင်းဖြင့် ဖေးမကြသည်။ ထို့ပြင် လူထုအချို့သည် ပြင်ပပံ့ပိုးမှုများဖြင့် ဆန်အနည်းငယ်နှင့် ငွေကြေးအနည်းငယ်ကို ရရှိခဲ့ဖူးကြသည်။

ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံးမှ စီစဉ်ပေးသည့်နေရာသို့ရောက်ရှိသွားသော လူထုများမှာမူ အစားအသောက်များအား မျှဝေစားသောက်ကြသည်။ သို့သော်ထိုနေရာရောက်အောင် ပြေးလာရသည့် လမ်းခရီးကြားတွင် အစာငတ်ပြတ်ခဲ့ကြသော လူထုလည်းရှိသည်။

## သက်မွေးဝမ်းကျောင်း

မြန်မာစစ်တပ်၏ လူထုအပေါ် အကြမ်းဖက်ရမ်းကားမှုများကြောင့် လူထု၏ အသက်မွေးဝမ်းလုပ်ငန်းမှာ များစွာခက်ခဲလျက်ရှိသည်။ နေရာသစ်သို့ ထွက်ပြေးသွားသော ပြည်သူလူထုသည် ထိုနေရာတွင် သက်မွေးဝမ်းကျောင်းလုပ်ငန်းသစ်စတင်လုပ်ကိုင်ရန် ပြင်ဆင်လာကြသည်။ အချို့မှာမူ သက်မွေးလုပ်ငန်း မစတင်နိုင်သည့်အတွက် အခြားသူများ၏ ပေးကမ်းမှုဖြင့် ဝမ်းရေးဖြေရှင်းကြသော မှီခိုသူများ ဖြစ်လာကြသည်။

ဒေသအများစုရှိ လူထုများသည် စစ်တပ်ရန်မှ ထွက်ပြေးတိမ်းရှောင်နေရသည့် အချိန်တွင်ပင် မိမိတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို အန္တရာယ်များကြားက ပြန်လာကြည့်ရှုကြရသည်။ အသက်ဆက်ရှင်ရန် အစားအသောက်သည် လိုအပ်သည့်အတွက် အချို့သော လူထုမှာ ပဋိပက္ခအခြေအနေကို စောင့်ကြည့်ကာ ၎င်းတို့၏ သက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သော လယ်ယာလုပ်ငန်း၊ တောင်ယာလုပ်ငန်းများ (စပါး) ကို ဆက်လက်လုပ်ဆောင်ကြသည်။

### ပညာရေး

ပဋိပက္ခကာလအတွင်း ကလေးသူငယ်များ၏ပညာရေး အဆက်မပြတ်စေရန်လည်း လူထုမှဦးဆောင်ပြီး စီစဉ်ဆောင်ရွက်ကြသည်။ အထူးသဖြင့် ကျောင်းနေရာကို ပြောင်းရွှေ့ခြင်း၊ ယာယီကျောင်းဆောက်လုပ်ခြင်း၊ လူနေအိမ်များကို စာသင်ခန်းအဖြစ်အသုံးပြုခြင်း စသည့်နည်းလမ်းဖြင့် လေ့လာသင်ယူမှု အဆက်မပြတ်စေရန် လူထုက ကိုယ်ထူကိုယ်ထ စီမံဆောင်ရွက်ကြသည်။ လူထုလုပ်ဆောင်သည့်အစီအစဉ်များကို ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး အုပ်ချုပ်ရာဒေသအတွင်းရှိ မြို့နယ်၊ ခရိုင် အသီးသီးမှ တာဝန်ရှိသူများကလည်း ခွင့်ပြုကာ ပံ့ပိုးကြသည်။

## ၆.၂။ ကေအဲန်ယူ–ကရင်အမျိုးသားအစည်းရုံးနှင့်ပတ်သက်ပြီး ပြည်သူလူထု၏ထင်မြင်ချက်

မြန်မာစစ်တပ် တဖြစ်လဲ စစ်ကောင်စီ၏ အာဏာသိမ်းဖြစ်စဉ်အောင်မြင်ရန် ကြိုးပမ်းသည့် နှစ်များအတွင်း အသက်ဘေးလွတ်မြောက်ရန် လူထုအချို့သည် ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံးခေါင်းဆောင်များအပေါ် လေးစားအားကိုးမှု တိုးလာသည်။ ကြိုတင်ပြင်ဆင်မှုများ ထားရှိသည့်အတွက် စစ်ကောင်စီတပ်များက လူထုကို ဦးတည်ပစ်ခတ်သောအခါ လူထုက သွားရောက်ခိုလှုံ နေထိုင်နိုင်ကြသည်။ ထို့ပြင် စစ်ရှောင်ကာလအတွင်း ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး ခေါင်းဆောင်များ၏ စီမံခန့်ခွဲပေးမှုနှင့် စီစဉ်ပေးမှုများကို လိုက်နာဆောင် ရွက်ကြသည်။ ကေအဲန်ယူ စီစဉ်ပေးသော နေရပ်သို့ ပြောင်းရွှေ့နေထိုင်သော သူအချို့သည် ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး၏ လမ်းညွှန်မှုအတိုင်း ထိုဒေသတွင် ဆက်လက်နေထိုင်ကာ လုပ်ကိုင်စားသောက်ရန် စိတ်ဆန္ဒရှိကြသည်။

အကြမ်းဖက်ပဋိပက္ခပြီးဆုံးပြီး ငြိမ်းချမ်းရေးရရှိရန် ကေအဲန်ယူမှ ယူဆောင်ပေးနိုင်မည်ဟုလည်း လူထုအများအပြားက ယုံကြည်ကြသသည်။ ထို့ပြင် ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး၏ ဖမ်းဆီးထိန်းသိမ်းထားသော စစ်သုံ့ပန်းအပေါ် ပြုမူဆက်ဆံမှုနှင့် ဝင်ရောက်ခိုလှုံလာသော လူထုအာခံလှုပ်ရှားမှုတွင်ပါဝင်သူများ (CDM) အပေါ် စီမံဆောင်ရွက်ချက်များသည်လည်း လူထု၏ လေးစားဖွယ် အပြုအမူဖြစ်လာသည်။ ထို့ပြင် အဓိကဝမ်းရေးပြဿနာကို ဖြေရှင်းရန် ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံးက တတ်နိုင်သမျှ ပံ့ပိုးကူညီပေးနေသည့်အတွက် ဤကာလအတွင်း ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံးအပေါ် လူထု၏ယုံကြည်မှု တိုးလာသည်မှာ အသေအချာပင်ဖြစ်သည်။

**“ဒီ (၄) လအတောအတွင်းမှာဆိုရင် ကျွန်တော်တို့ စားတဲ့အစားအသောက်တွေက ကျွန်တော်တို့ခေါင်းဆောင်တွေနဲ့ တာဝန်ရှိသူတွေက စီစဉ်ပေးတဲ့ အစားအသောက်အတွေပဲ။ ကေအဲန်ယူက စီစဉ်ပေးလို့၊ တာဝန်ရှိသူတွေ စီစဉ်ပေးလို့ အစားအသောက်စားရတယ်။”**

———— ခလယ်လွိုထူ (ညောင်လေးပင်) ခရိုင်တွင် နေထိုင်သူတစ်ဦး

## လူသားလုံခြုံရေး

အဆင့်ဆင့်ရှိ ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး ခေါင်းဆောင်များသည် လူထု၏ဘေးကင်းလုံခြုံရေးကို အထူးအလေးပေးကာ စီစဉ်ဆောင်ရွက်မှုများကို လုပ်ဆောင်ကာ ဖြည့်ဆည်းပေးလျက်ရှိသည်။ လူထု၏ အခြေခံလိုအပ်ချက်များထဲမှ တစ်ခုဖြစ်သော ကျန်းမာရေးပိုင်းဆိုင်ရာအတွက် ဆေးဝါးများနှင့် ကျန်းမာရေးအကူအညီများကို ပြင်ဆင်ထားရှိကြသည်။ အထူးသဖြင့် ကလေးများ၊ ကိုယ်ဝန်ဆောင်များ၊ သက်ကြီးရွယ်အိုများနှင့် ဖျားနာနေဆဲပုဂ္ဂိုလ်များအတွက် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ထားကြသည်။ ဆေးဝါးများ လက်လှမ်းမမီသော နေရာဒေသများထံ ဆေးဝါးများရောက်ရှိနိုင်ရန်နှင့် ထိခိုက်ဒဏ်ရာရရှိသူများကို မည်သည့်နေရာသို့ ပို့ဆောင်ရမည်ကို ကြိုတင်စီမံထားရှိသည်။ အစားအသောက်နှင့် နေရာထိုင်ခင်းများအတွက် ကေအဲန်ယူတာဝန်ရှိသူများမှ ပြင်ဆင်ဆောင်ရွက်ထားမှုများ ရှိသည်။ ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး၏ သက်ဆိုင်ရာဒေသခေါင်းဆောင်များသည် စစ်ဘေးရှောင်များနှင့် သွားရောက်တွေ့ဆုံကာ ကျန်းမာရေးအတွက် ဆေးဝါးများ၊ အစားအသောက်များ၊ အမိုးအကာများရရှိရန် ဆောင်ရွက်ပေးသည်။ အခြေခံလိုအပ်ချက်အားလုံးကို မဖြည့်ဆည်းပေးနိုင်သော်လည်း ရုပ်ပိုင်းဆိုင်ရာလုံခြုံရေးကို အပြည့်အဝထား ဆောင်ရွက်ပေးသည်။

ရွာသူရွာသားများအား လုံခြုံရေးဆိုင်ရာအသိပညာနှင့် မိမိကိုယ်ကိုခုခံကာကွယ်ရေးဆိုင်ရာ အသိပညာများကို ဝေငှပေးသည်။ အရေးပေါ်အခြေအနေတွင် ကျေးရွာလူထုများ မိမိတို့ကိုယ်တိုင် ဘေးကင်းလုံခြုံသောနေရာကို ရှာဖွေကာ နေရာချထားတတ်ရန် အသိပညာပေးမှုများပါဝင်သည်။ ထို့အပြင် မြန်မာစစ်တပ် တဖြစ်လဲ စစ်ကောင်စီတပ်များမှ စစ်ကြောင်းများစွာဖြင့် ထိုးစစ်ဆင်လာပါကလည်း မိမိတို့လုံခြုံရေးအတွက် မည်သို့တုန့်ပြန်ရမည်ဆိုသည်ကို လူထုအား ကြိုတင်ပြောပြထားခြင်းဖြင့် လူထုဘေးကင်းရေးအတွက် အစီအမံများ ကြိုတင်ဆောင်ရွက်နိုင်ကြသည်။

ထို့အပြင် လက်နက်ကြီးများပစ်ခတ်သည့်အချိန်တွင် ပုန်းခိုရန် ကျင်းများမည်သို့တူးထားရမည်နှင့် လူထုများ ထိခိုက်ဒဏ်ရာရရှိခဲ့သော် အရေးပေါ် မည်သို့ကုသပေးမည် စသည်တို့ကို သင်တန်းပေးထားသည်။ ထို့အပြင် ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံးရှိ ဒေသတွင်း အဖွဲ့ခေါင်းဆောင်များသည်လည်း လူထုလိုအပ်သော အကူအညီများကို တပြေးညီပေးနိုင်ရန် လူထုအရေးအတွက်၊ အိမ်ထောင်စုအရေးအတွက်၊ ပြောင်းရွှေ့သူ အရေးအတွက်စသည့် ကိန်းဂဏန်းများ သိရှိရန် လူထုနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ကာ မှတ်တမ်းယူထားရှိသည်။ ဒေသတွင်း ကေအဲန်ယူခေါင်းဆောင်များအနေဖြင့် ပြည်သူများ လုံခြုံမှုရရှိပြီး အသက်ဆက်ရှင်သန်နိုင်ရန်အတွက် သတင်းအချက်အလက်များ၊ အကြောင်းအရာများကို ရှာဖွေလေ့လာပြင်ဆင်ကာ ကေအဲန်ယူ – ကရင်အမျိုးသားအစည်းအရုံးထံသို့ အချိန်နှင့်တပြေးညီ တင်ပြနိုင်ရန် ပြင်ဆင်ဆောင်ရွက်ကြသည်။

## အကာအကွယ်ပေးသောလမ်းညွှန်ချက်များ

ကော်သူးလေဒေသအတွင်းနေထိုင်သော ပြည်သူလူထုများက သိသင့်သိထိုက်သော ကေအဲန်ယူ၏ အခြေခံလမ်းညွှန်ချက်များအား ကြေညာထုတ်ပြန်ပေးသည်။ ထိုထုတ်ပြန်ချက်များသည် လူထုများသိရှိပြီး ကာကွယ်မှုရရှိရန်ဖြစ်သည်။ အဖွဲ့အစည်းဘက်မှ ကြေငြာချက်များ ထုတ်ပြန်သည့်အပြင် ကြေညာချက်များအတွက် ဆက်လက်လုပ်ဆောင်ရမည့် တာဝန်များလည်း ပါဝင်နေသည်။ ဥပမာ - နယ်မြေလုံခြုံရေး၊ ကော်သူးလေ တရားဥပဒေစိုးမိုးရေးတို့ ဖြစ်သည်။ လမ်းညွှန်ချက်များ ထုတ်ပြန်ကြေငြာသည့်အခါတွင် လူထုလုပ်ဆောင်ရမည့်ကဏ္ဍများကို လုပ်ဆောင်ရင်း လိုက်နာရမည့် အချက်များကိုလိုက်နာခြင်းသည် ကေအဲန်ယူနှင့် လူထုအကြားရှိ အပြုသဘောဆောင်သော အင်အားတစ်ရပ်ဖြစ်သည်။ အထူးသဖြင့် လုံခြုံရေးလမ်းညွှန်ချက်များဖြစ်သည်။

မြန်မာစစ်တပ် တဖြစ်လဲ စစ်ကောင်စီကို လက်မခံသည့် ကျေးရွာများသည် စစ်ကောင်စီအုပ်ချုပ်ရေးကို လက်မခံ၊ စစ်ကောင်စီစေခိုင်းချက်ကို မလုပ်ဆောင်တော့ဘဲ ၎င်းတို့ကိုယ်တိုင် ကျေးရွာကို ဦးဆောင်မည့် ဥက္ကဋ္ဌရွေးချယ်ကာ၊ လူထုကိုယ်တိုင်

စီမံအုပ်ချုပ်ရန် လုပ်ဆောင်လာကြသည်။ ထိုသို့သော အခြေအနေမျိုးတွင် ကေအဲန်ယူ၏ ဒေသခေါင်းဆောင်များက လမ်းညွှန်ပံ့ပိုးပေးမှုများ လုပ်ဆောင်သည်။ ထို့အတွက်ကြောင့် အချို့သောရပ်ရွာတွင် လူထုကိုယ်တိုင် ကျေးရွာလူကြီး၊ ရပ်မိရပ်ဖ၊ကော်မတီများဖွဲ့ကာ အုပ်ချုပ်စီမံလာကြသည်။ ဤသို့ဖြင့် ကေအဲန်ယူ၏ ရပ်တည်ချက်ဖြစ်သော လူထုမှ ရွေးချယ်ခန့်အပ်သော ကျေးရွာခေါင်းဆောင်အားဖြင့် လူထုအခြေပြု အုပ်ချုပ်ရေးစနစ်များကို အကောင်အထည်ဖော် လာနိုင်ကြသည်။ မြို့နယ်တစ်ခုတွင် လူထု၏ ပိုင်ဆိုင်မှုတွေကိုလည်း စာရင်းသွင်းခြင်း သို့မဟုတ် မှတ်ပုံတင်ခြင်း (register) လုပ်စေကာ မှတ်တမ်းတင် ထားရှိပေးသည်။ ဤသို့လုပ်ဆောင်ထားရှိခြင်းက ကေအဲန်ယူသည် ပဋိပက္ခကာလအတွင်းတွင်ပင် လူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန် အကောင်အထည်ဖော် ဆောင်ရွက်ပေးသည်သာမက လူထုအတွက် လုံခြုံစိတ်ချမှု အာမခံချက်ကိုပေးနေသည်။

ကေအဲန်ယူဗဟိုအဆင့်မှလည်း ခရိုင်၊ မြို့နယ် အသီးသီးသို့ လာရောက်ခိုလှုံလာသောသူများကို ကူညီရန်၊ နေရာထိုင်းခင်များပြင်ဆင်ထားရန် ညွှန်ကြားထားပြီး အခြားအဖွဲ့အစည်းများနှင့် ဆက်သွယ်ချိတ်ဆက်ကာ လမ်းညွှန်ချက်များအတိုင်း အစီအစဉ်များဆောင်ရွက်လျက်ရှိနေသည်။ ထူးခြားချက်အနေဖြင့် ဒေသအတွင်း လုံခြုံမှုရှိစေရန် ပြင်ပအရပ်မှ လာရောက်၍ စီးပွားရေး သို့မဟုတ် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ လုပ်ကိုင်သည်ဖြစ်စေ၊ လူမှုရေးအသင်းအဖွဲ့ဖြစ်စေ မည်သည့် အဖွဲ့အစည်း မဆို မြို့နယ်ရုံးတွင် မှတ်ပုံတင်စာရင်းသွင်းရန်လည်း ကေအဲန်ယူ၏ မြို့နယ်တစ်ခုဖြစ်သည့် လယ်ဒို (ကျောက်ကြီး) မြို့နယ်က လမ်းညွှန်ချက်ထုတ်ကာ ဆောင်ရွက်လျက်ရှိသည်။

စစ်ကြောင်းချီရာဒေသနှင့် စစ်မြေပြင်ဖြစ်နေသော ရပ်ရွာများ၏ ခေါင်းဆောင်များသည်လည်း ကေအဲန်ယူ - ကရင် အမျိုးအသားအစည်းအရုံးခေါင်းဆောင်များနှင့် တိုင်ပင်ဆွေးနွေးကာ လမ်းညွှန်ကူညီမှုများ လက်ခံရရှိကြသည်။ လူထုများမှ ထွက်ပြေးတိမ်းရှောင်ရသည့်အခါတွင်လည်း ၎င်းတို့၏ လုံခြုံရေးအတွက် ကူညီဆောင်ရွက်ပေးရန် သက်ဆိုင်ရာ တပ်ရင်းများအားလည်း လမ်းညွှန်ထားလျက်ရှိသည်။

စစ်ကောင်စီ၏ အာဏာသိမ်းဖြစ်စဉ်ကြောင့် အကြမ်းဖက်မှု၊ လူ့အခွင့်အရေးချိုးဖောက်မှုများစွာ ကြုံတွေ့နေရသော ကော်သူးလေဒေသအတွင်း နေထိုင်ကြသော ပြည်သူလူထုသည် ဆုံးရှုံးနစ်နာမှုများ၊ ထိခိုက်ပျက်စီးမှုများ၊ သေကြေပျက်စီးမှုများ ကြုံတွေ့ခံစားနေရပြီး ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ လဲပြိုလောက်သည့် အခြေအနေများဖြစ်နေကြသည်။ မည်သို့ပင် ခါးသီးသောအတွေ့အကြုံများကြောင့် မျှော်လင့်ချက်ကင်းမဲ့သော ဘဝများ ဖြစ်နေစေကာမူ အသက်ရှင်သန်ရန်ကြိုးစားနေကြသည့်အပြင် အသက်ဆက်ရှင်ရန်လည်းကြိုးစားရုန်းကန်လျက် ရှိနေကြသည်။ ထိုသို့သော ရုန်းကန်ကြိုးစားကြသည့်ဘဝများတွင် အချင်းချင်းရိုင်းပင်းကူညီမှုများသာမက ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ ပံ့ပိုးမှု၊ ကူညီမှု၊ စောင့်ရှောက်မှုနှင့် စီမံအုပ်ချုပ်မှုသည်လည်း လူထု၏ လိုအပ်ချက်နှင့် ကိုက်ညီလျက်ရှိသည်။ ထို့အတွက်ကြောင့် ပဋိပက္ခကာလအတွင်းပင်လျှင် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် ကော်သူးလေဒေသတွင် မူလနေထိုင်သော ပြည်သူလူထုသာမက လာရောက်ခိုလှုံကြသော ပြည်သူလူထုအများ၏ အားကိုးယုံကြည်လက်ခံသော အဖွဲ့အစည်းတခုအနေဖြင့် ဆက်လက်ရပ်တည်လျက်ရှိသည်။

## စစ်ကောင်စီ၏ ပြည်သူများအား ပစ်မှတ်ထား တိုက်ခိုက်မှုကြောင့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေရသူများ









# နိဂုံး

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလကုန်အထိ ကော်သူးလေဒေသအတွင်း တိုက်ပွဲပေါင်း ( ၇,၅၈၇) ကြိမ်ဖြစ်ပေါ်ခဲ့ပြီး ပြည်သူစုစုပေါင်း (၃၆၅,၁၈၇ ) ဦးမှာ ထွက်ပြေးတိမ်းရှောင်နေရပါသည်။ ၎င်းအရေအတွက်များသည် တစ်ရက်ပြီးတစ်ရက် ပိုမို မြင့်မားလာလျက် ရှိပါသည်။ ထို့အပြင် ပြည်သူအများစုသည်လည်း စစ်ကောင်စီ၏ လက်နက်ကြီးများ ရမ်းသန်းပစ်ခတ်မှု၊ တိုက်ခိုက်ရေးလေယာဉ်များဖြင့် တိုက်ခိုက်မှုနှင့် ပြည်သူများအပေါ် ရန်သူကဲ့သို့ ဆက်ဆံခြင်းများကြောင့် လူသားလုံခြုံမှုလုံးဝဆုံးရှုံးနေရပြီး စိုးရိမ်မှုများဖြင့် နေထိုင်ကြရပါသည်။ သို့သော် ပြည်သူများအနေဖြင့် ၎င်းတို့အတွက် တရားမျှတမှုအားမျှော်လင့်ရင်း ယခုပဋိပက္ခကာလအတွင်း ကြုံတွေ့လာရသော အခက်အခဲပေါင်းစုံကို ကြံ့ကြံ့ခံရင်ဆိုင်လျက်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ၎င်းကို စစ်ကောင်စီ၏ လူ့အခွင့်အရေးချိုးဖောက်မှုခံစားခဲ့ကြရသော ပြည်သူများကိုယ်တိုင်မှ ယခုလေ့လာမှုတွင် ပါဝင်ခြင်းက သက်သေပြုလျက်ရှိပါသည်။

ယခုလေ့လာမှုမှတ်တမ်းသည် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း စစ်ကောင်စီမှ ကျူးလွန်ထားသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အမှန်တကယ်ကျူးလွန်ခံထားရသော ပြည်သူများ၏ အတွေ့အကြုံနှင့် ရုန်းကန်မှုများကို ဖော်ထုတ်တင်ပြထားပါသည်။ သို့သော် ပဋိပက္ခကာလအတွင်း တိုက်ပွဲများနှင့် ဆက်သွယ်ရေး၊ သွားလာရေး ကန့်သတ်မှုများကြောင့် အမှန်တကယ်အတည်ပြုထားသော အချက်အလက်များကိုသာ ယခုလေ့လာမှုမှတ်တမ်းတွင်ထည့်သွင်း ဖော်ပြထားပါသည်။ ဆက်သွယ်ရေးအခက်အခဲကြောင့် အတည်မပြုနိုင်သော အချက်အလက်များစွာရှိနေသေးသောကြောင့် ကော်သူးလေဒေသအတွင်း စစ်ကောင်စီ၏ လူ့အခွင့်အရေးချိုးဖောက်မှုများသည် ယခုမှတ်တမ်းတွင်ဖော်ပြထားသော အရေအတွက်များထက်ပိုရှိနေကြောင်း တွေ့ရပါသည်။ စစ်ကောင်စီသည် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆယ်စုနှစ်များစွာ စနစ်တကျကျူးလွန်လာခဲ့သော အဖွဲ့အစည်းတစ်ခုဖြစ်သည်နှင့်အညီ ၎င်းတို့၏ ကျူးလွန်မှုများကို ဖုန်းကွယ်နိုင်ရန် ဆက်သွယ်ရေးများ ဖြတ်တောက်ခြင်း/ကန့်သတ်ခြင်း၊ သွားရေးလာရေးကန့်သတ်မှုများပြုလုပ်ခြင်းနှင့် အခြားသော ပြင်ဆင်ဖြည့်စွက် ဥပဒေများ၊ အမိန့်များဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ထပ်လောင်းကျူးလွန်လျက်ရှိသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်ဦးဆောင်သော မြန်မာစစ်တပ်မှ ရွေးကောက်ခံအစိုးရအဖွဲ့အား ဖြုတ်ချပြီး နိုင်ငံတော်အာဏာကို အတင်းအဓမ္မသိမ်းယူမှု သည် မြန်မာနိုင်ငံအတွက် ပထမဆုံးမဟုတ်သလို မြန်မာစစ်တပ်မှ လူ့အခွင့်အရေးများအား ချိုးဖောက်မှုသည်လည်း လွန်ခဲ့သော နှစ်ပေါင်း ၇၀ ကျော်ကတည်းက ရှိနေခဲ့ပါသည်။ ထို့အပြင် စစ်ကောင်စီသည် ၎င်း၏ အာဏာတည်တံ့ရေးကို ရှေးရှုပြီး နိုင်ငံတစ်ဝန်းတွင် ပြည်သူများအပေါ် ဖိနှိပ်မှုများ၊ အင်အားအလွန်အကျွံသုံး တိုက်ခိုက်မှုများ၊ ဖမ်းဆီးညှဉ်းစဲမှုများ၊ ခေါင်းပုံဖြတ်မှုများကို နည်းမျိုးစုံဖြင့် ကျူးလွန်နေဆဲဖြစ်သည်။ စစ်ကောင်စီအနေဖြင့် စစ်တပ်နှင့် အခြား လက်နက်ကိုင်တပ်ဖွဲ့များအား (ရဲတပ်ဖွဲ့၊ ပြည်သူ့စစ်နှင့် ပျူဆောထီးကဲ့သို့သော အဖွဲ့များအပါအဝင်) လဲ ၎င်းကဲ့သို့သော လူ့အခွင့်အရေးချိုးဖောက်မှုများကို လွတ်လပ်စွာ လုပ်ဆောင်ခွင့်ပေးထားပြီး ၎င်းကျူးလွန်မှုများအတွက် အရေးယူမှုများမရှိဘဲ ကျူးလွန်မှုများအတွက် ဂုဏ်ပြုမှုများကိုပင် ပေးအပ်နေလျက် ရှိပါသည်။ အထက်ပါ အချင်းအရာများကို ထောက်ရှုခြင်းဖြင့် စစ်ကောင်စီသည် ၎င်းအာဏာတည်မြဲရေးအတွက် နိုင်ငံတွင်း ပြည်သူများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများကို နောင်တမရှိပဲ ဆက်လက်လုပ်ဆောင်နေမည်မှာ မြေကြီးလက်ခတ်မလွဲဖြစ်ပါသည်။

ကေအဲန်ယူအနေဖြင့် အာဏာရှင်တော်လှန်ရေးကို ပြည်သူများနှင့်အတူ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။ တစ်ချိန်တည်းတွင် ကေအဲန်ယူအနေဖြင့် ကော်သူးလေ ဒေသအတွင်း စစ်ကောင်စီ၏ လူ့အခွင့်အရေးချိုးဖောက်မှုများမှ ပြည်သူများအား ကာကွယ်နိုင်ရန် တတ်စွမ်းသမျှလုပ်ဆောင်သွားမည်ဖြစ်ပြီး ပြည်သူများအတွက် တရားမျှတမှုကို ရယူပေးနိုင်ရန် ၎င်းစစ်ကောင်စီ၏ ချိုးဖောက်ကျူးလွန်မှုများကို အစဉ်မပြတ်စောင့်ကြည့်မှတ်တမ်းတင်သွားမည်ဖြစ်သည်။

# အကြံပြုချက်များနှင့် တောင်းဆိုချက်များ

## ပြည်သူများ၏ လူ့အခွင့်အရေးများ ပြန်လည်ရရှိရေးနှင့် ခံစားခဲ့ရမှုများအတွက် တရားမျှတမှုရရှိရေး အကြံပြုတောင်းဆိုချက်များ

အရပ်သားပြည်သူအပေါ် ရည်ရွယ်ချက်ရှိရှိဖြင့် ပစ်မှတ်ထားခြင်းနှင့် တိုက်ခိုက်ခြင်းသည် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှု[1] ဖြစ်သည့်အတွက် နိုင်ငံတကာခုံရုံးတွင် စစ်ဆေးအရေးယူကာ မြန်မာပြည်သူများအတွက် တရားမျှတမှုကို ပြန်လည်ရယူရန် အထူးလိုအပ်သည်။ သို့သော် လက်ရှိအချိန်ထိ နိုင်ငံတကာအသိုင်းအဝိုင်းမှ စစ်ကောင်စီအပေါ် ထိရောက်သော တုံ့ပြန်မှုများကို မလုပ်ဆောင်နေခြင်း သို့မဟုတ် မလုပ်နိုင်ခြင်းကို[2] တွေ့မြင်ရသည့်အပြင် အချို့သော နိုင်ငံတကာအဖွဲ့အစည်းများ[3] နှင့် အစိုးရများအနေဖြင့် စစ်ကောင်စီနှင့် ပတ်သက်ဆက်စပ်နေခြင်းဖြင့် ၎င်းစစ်ကောင်စီ၏ တရားဝင်ဖြစ်မှုနှင့် ရက်စက်မှုများ ဆက်လက်လုပ်ဆောင်နိုင်ရန် အခွင့်အလမ်းများအား တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း ပံ့ပိုးမှုပြုနေသည်ကို တွေ့မြင်ရသည်။ သို့ဖြစ်ပါ၍ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး အနေဖြင့် သက်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရများနှင့် စစ်ကောင်စီတို့အား အောက်ပါအတိုင်း အလေးအနက် တောင်းဆိုပါသည်။

### ကမ္ဘာ့ကုလသမဂ္ဂ သို့

၁။ ကမ္ဘာ့ကုလသမဂ္ဂ၏ ၂၀၂၂ ခုနှစ် ဆောင်ပုဒ်အတိုင်း အစွန်းရောက်လူမျိုးကြီးဝါဒနှင့် အစွန်းရောက် အမျိုးသားရေးဝါဒများကို အသုံးချလေ့ရှိသော အာဏာရှင်စနစ်နှင့် စစ်အာဏာရှင်စနစ်များ ပျောက်ကွယ် သွားပြီး မိမိတို့ပြည်ထောင်စုကြီး၏ ငြိမ်းချမ်းရေးအတွက် စွမ်းစွမ်းတမံ ကြိုးစားအားထုတ်သွားကြပါရန် တိုက်တွန်းအပ်ပါသည်။

၂။ လက်ရှိ လူသားချင်းစာနာထောက်ထားမှု အကျပ်အတည်းအတိုင်းအတာသည် မြန်မာပြည်သူများ ရင်ဆိုင်နေရသည့် နိုင်ငံရေးအကျပ်အတည်းနှင့် ထပ်တူကျနေပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့အနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂကို တောင်းဆိုလိုသည်မှာ အရပ်သားပြည်သူများ တိုက်ခိုက်ခံရခြင်းမှ ကာကွယ်နိုင်ရန်နှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများပံ့ပိုးနိုင်ရန်အတွက် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားပါရန် တိုက်တွန်းပါသည်။

(က) မြန်မာနိုင်ငံတွင် စစ်ရေးအရ လေယာဉ်မပျံသန်းရဇုန်ကိုကြေညာ၍ လိုက်နာမှုရှိစေရန် နိုင်ငံတကာမှ တာဝန်ယူစောင့်ကြပ်ပေးရန်။

(ခ) နိုင်ငံတကာအာမခံမှုဖြင့် အရပ်သားပြည်သူများ အကာအကွယ်ပေးအပ်သည့် လုံခြုံသော နေရာများ (Internationally guaranteed protection of civilian safe zones) အဖြစ် နေထိုင် နိုင်ရန်နှင့် ထောက်ပံ့ပေးရန် လိုအပ်သည့် ကျေးရွာများ၊ ပြည်တွင်းနေရပ်စွန့်ခွာသူ စစ်ဘေးရှောင် (IDPs) စခန်းများ၊ ဆေးရုံများ၊ ဆေးခန်းများနှင့် စာသင်ကျောင်းများကဲ့သို့သော နေရာများကို တိတိကျကျ သတ်မှတ်၍ ကြေငြာပေးရန်။

1 United Nations Office on Genocide Prevention and the Responsibility to Protect
2 (7) UN chief says world has failed Myanmar - YouTube
3 Is the WHO Dancing to the Tune of the Myanmar Regime? (irrawaddy.com), Dancing with dictators: The humanitarian dilemma in Myanmar | Frontier Myanmar

(ဂ) နိုင်ငံတကာအတိုင်းအတာဖြင့် ညှိနှိုင်းထားသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စင်္ကြံများ (Negotia ted humanitarian corridors) ကိုကြေငြာရန်၊ ထိုနေရာများသည် ပိတ်ပင် တားဆီးခြင်းမရှိပဲ အကူအညီများမှတဆင့်၊ နယ်စပ်ဖြတ်ကျော်ကာ (သို့မဟုတ်) နိုင်ငံတွင်း အဓိကကျသော နေရာများမှတဆင့် အကူအညီပေးရေး အဖွဲ့အစည်းများအနေနှင့် အလိုအပ်ဆုံး ဖြစ်သော နေရာများကို သွားရောက်ပံ့ပိုးပေးရန်။

၃။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက် အာဏာသိမ်းဖြစ်စဉ်စတင်ပြီး မြန်မာစစ်တပ်မှ ကျူးလွန်ခဲ့သော အကြမ်းဖက်မှုများကို ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးမှ ရှု့ချပြီး ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်၏ အထူးသံကိုယ်စားလှယ်မှ အဆိုပြုသော "နိုင်ငံတကာ လူသားခြင်း စာနာ ထောက်ထားမှု" (Humanitarian Plus) ချဉ်းကပ်မှုကို ကြိုဆိုပြီး နိုင်ငံတကာမှ အာမခံမှုပြုလုပ်ထားသည့် လုံခြုံသောနေရာများနှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ စင်္ကြံများအပြင် မြန်မာအိမ်နီးခြင်းများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် နိုင်ငံတကာမှ မိတ်ဆွေများပူးပေါင်း၍ ဖော်ဆောင်ပေးရန် တောင်းဆိုပါသည်။

၄။ အကူအညီ အလွန်အမင်းလိုအပ်နေသော နေရာများကို အရေးပေါ်အကူအညီများရောက်ရှိရန်အတွက် ကာလတို လူသားချင်းစာနာထောက်ထားမှုစင်္ကြံ ထူထောင်ခြင်းအား ခွင့်ပြုရန်အတွက် အာဆီယံ၊ အိန္ဒိယ၊ ထိုင်းနိုင်ငံတို့နှင့် ညှိနှိုင်းဆွေးနွေးရာတွင် ကုလသမဂ္ဂနှင့် နိုင်ငံတကာကြက်ခြေနီကော်မတီတို့မှ ဝင်ရောက်ကူညီပေးရန် မေတ္တာရပ်ခံအပ်ပါသည်။

## နိုင်ငံတကာအစိုးရများနှင့် အဖွဲ့အစည်းများသို့

၁။ နိုင်ငံတကာအစိုးရများနှင့် နိုင်ငံတကာတရားရေးဆိုင်ရာ ယန္တယားများကလည်း ဤသို့သော နိုင်ငံ တကာ လူသားခြင်းစာနာထောက်ထားသည့် ဥပဒေများ (International Humanitarian law) ကို ပြောင်ပြောင်တင်းတင်း ကျူးလွန်သူနှင့် အမိန့်ပေးစေခိုင်းသည့် အာဏာသိမ်းစစ်ကောင်စီအား တာဝန် သိစွာဖြင့် ပြစ်ဒဏ်ပေး အရေးယူရန်။

၂။ စစ်ကောင်စီမှ သတ်မှတ်ပေးသည့် ဒေသများအတွက် အကျိုးရှိစေရန်သာ ပုံဖော်ရေးဆွဲထားပြီး သက်ဆိုင်သူများအား ချန်လှပ်ဖယ်ထုတ်ထားသည့် လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းစဉ်အား ဆက်လက်ဆောင်ရွက်ခြင်း မပြုလုပ်ရန်။

၃။ နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေများနှင့် ကျင့်စဉ်ကောင်းများ၏ စံတန်ဖိုး များနှင့် စံနှုန်းများအပေါ်တွင် အခြေခံ၍ သက်ဆိုင်သူအားလုံးပါဝင်သော လူသားချင်းစာနာ ထောက်ထား မှုဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုကို ပြုလုပ်ရန်။

၄။ အရေးပေါ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီလိုအပ်ချက်ကို ပံ့ပိုးနိုင်ရန် နယ်စပ် ဖြတ်ကျော် ပံ့ပိုးနိုင်သည့် သဘောတူညီချက်မှတဆင့် လုပ်ဆောင်ရန်အတွက် ကမ္ဘာ့ကုလသမဂ္ဂ၏လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးညှိနှိုင်းမှုရုံး (UNOCHA) နှင့် နိုင်ငံတကာကြက်ခြေနီကော်မတီ (ICRC) တို့အား တိုက်တွန်း ပါသည်။

## ထိုင်းနိုင်ငံအစိုးရနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံ အစိုးရများသို့

၁။ အိမ်နီးချင်း ထိုင်းနိုင်ငံအစိုးရအနေဖြင့် တိုက်ပွဲမှ ထွက်ပြေးတိမ်းရှောင်နေသူများအား နိုင်ငံတကာ အဖွဲ့အစည်းများ၏ ဝင်ရောက်တွေ့ဆုံခွင့်နှင့် လိုအပ်သည့် အကူအညီများ ပေးအပ်နိုင်ရေးအတွက် ကူညီပံ့ပိုးမှုများ စီစဉ်ဆောင်ရွက်ပေးရန်။

၂။ စစ်ကောင်စီသည် ဆိုးဝါးပြင်းထန်သော အကြမ်းဖက်မှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပေါ်စေမည့် လေကြောင်းတိုက်ခိုက်မှုများအား ထိုင်းနှင် ထိစပ်နယ်မြေများတွင် အချိန်မရွေး ပြုလုပ်လာနိုင်သည့်အတွက် အာဆီယံအနေဖြင့် အရေးပေါ်အစည်းအဝေးများကျင်းပပြီး စစ်ပြေးဒုက္ခသည်များအတွက် သက်ဆိုင်ရာ ပံ့ပိုးမှုများ ပေးနိုင်ရေး ဦးစားပေးဖြေရှင်းရန်။

## စစ်ကောင်စီ စစ်သားများသို့

၁။ ကေအဲန်ယူ – ကရင်အမျိုးသားအစည်းအရုံးသည် စစ်ကောင်စီ၏ လက်အောက်ခံ တပ်မတော်အရာရှိများ၊ အရာခံအကြပ်များ၊ တပ်သားများနှင့် ပြည်သူပြည်သားများအားလုံး အမှန်တရားကိုရှာဖွေကာ (ဓမ္မနှင့် အဓမ္မကို ခွဲခြားစိတ်ဖြာပြီး) အာဏာသိမ်းမြန်မာစစ်တပ် တဖြစ်လဲ အကြမ်းဖက် စစ်ကောင်စီ၏ မတရားသော အမိန့်စေခိုင်းမှုများကို ကျောခိုင်း၍ အမှန်တရားဖက်သို့ ရပ်တည်ပူးပေါင်းပါဝင်လာပီး အကြမ်းဖက်စစ်ကောင်စီကို တွန်းလှန်ရန် တိုက်တွန်းအပ်ပါသည်။


## မြန်မာစစ်တပ်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သို့မဟုတ် စစ်ကောင်စီသို့

၁။ ယုံကြည်မှုတည်ဆောက်ရေးသည် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရေးအတွက် မရှိမဖြစ် လိုအပ်သော အခြေခံတစ်ခုဖြစ်သည့်အတွက် ပြည်သူလူထုအား လေးစားတန်ဖိုးထားလျက် မငြိမ်းချမ်းမှုနှင့် ပဋိပက္ခကို ဖြစ်ပေါ်စေသော စစ်ပွဲများ၊ အကြမ်းဖက်တိုက်ခိုက်ခြင်းများ၊ ဖမ်းဆီးညှင်းပန်းနှိပ်စက်ခြင်းများ၊ ကျေးရွာများအား မီးရှို့ဖျက်ဆီးခြင်းများ၊ လက်နက်ကြီးများ ပစ်ခတ်ခြင်းများ၊ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းများကို ရပ်တန့်ရမည်ဖြစ်သည်။

၂။ မြန်မာစစ်တပ် တဖြစ်လဲ စစ်ကောင်စီက အနာဂတ်နိုင်ငံရေးတွင် ပါဝင်စွက်ဖက်မှုများမှ ဆုတ်ခွါကြောင်း ကတိပေးလုပ်ဆောင်ခြင်းနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို ထူထောင်ခြင်းသည်သာလျှင် နှစ်ပေါင်း (၇၀) ကျော် ကြာမြင့်ခဲ့ပြီး ပိုမိုပြင်းထန်လာနေသည့် ပြည်တွင်းစစ် ချုပ်ငြိမ်းရေး၏ အဖြေသာဖြစ်ကြောင်း တိုက်တွန်းအပ်ပါသည်။

ပြည်သူအများစု၏ ရွေးကောက်ခံ အရပ်သားအစိုးရထံမှ နိုင်ငံတော်အာဏာကို အဓ္ဓမ သိမ်းယူခဲ့သော အာဏာရှင်စစ်ကောင်စီကို ဖြုတ်ချပြီး ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတစ်ခု တည်ထောင်ထောင်ရန် ကြိုးပမ်းနေသော ကေအဲန်ယူအပါအဝင် အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အာဏာရှင်ဆန့်ကျင်ရေးအဖွဲ့များ၏ ကြိုးပမ်းမှုများ ထိရောက်မှုရှိရန်မှာ အထက်ပါ အကြံပြုတောင်းဆိုမှုများအပေါ် များစွာ မူတည်လျက်ရှိပါသည်။ အဓိကအားဖြင့် မြန်မာပြည်သူများ၏ နစ်နာဆုံးရှုံးမှုများနှင့် ရုန်းကန်မှုများအတွက်တရားမျှတမှု ရရှိရန်မှာ ၎င်းအကြံပြုတောင်းဆိုမှုများ အမှန်တကယ် ဖြည့်ဆည်းနိုင်မှုအပေါ် မူတည်နေပါသည်။ ထို့အတွက်ကြောင့် သက်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများ၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ဒေသတွင်းနှင့် နိုင်ငံတကာ အစိုးရများအနေဖြင့် အထက်ပါ အကြံပြုတောင်းဆိုမှုများအပေါ် အလေးပေးပြီး အလျင်အမြန်အကောင်အထည်ဖော်လုပ်ဆောင်ပေးနိုင်မည့်အကြောင်း ဆန္ဒပြုလိုက်ရပါသည်။

# ကေအဲန်ယူ(KNU)၏ ခရိုင်များပြမြေပုံ



၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ
ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး
လူ့အခွင့်အရေးကော်မတီနှင့် သုတေသနနှင့်မှတ်တမ်းဌာနခွဲမှထုတ်ဝေသည်။